## အခန်း (၁)

## အပိုင်း (၁၇၅၁) – သူမအတွက် ရောက်လာခြင်း

သူမ၏ အကြည့်မှာစူးရှလွန်းသဖြင့် စိတ်နှစ်ပြီး စားသောက်နေသော သူတို့သုံးယောက်သည် သူမ၏ ပုံမှန်မဟုတ်သည်ကို သတိထားမိကြလေသည်။

"ဘာဖြစ်လို့လဲ" ရှီမာယူယူ သူ့ကို ကြည့်နေသည်ကို သိသဖြင့် မုခိုင်အန်း မေးလိုက်သည်။

"ငါတို့ ပြဿနာတက်ပြီ" ရှီမာယူယူ ပြောလိုက်သည်။

"ပြဿနာလား"

"မင်းတို့တွေ ဘာမှမဖြစ်ဘူးလား" ရှီမာယူယူ မေးလိုက်သည်။

"ဘယ်လောက် ပြဿနာတက်မှ 'ပြဿနာ' လို့ပြောတာလဲ"

"အံ့ဖွယ်သားရဲ" ရှီမာယူယူ ပြောလိုက်သည် "အံ့ဖွယ်အဆင့်နားကပ်နေ့ မရဏာသားရဲရှိနေတယ်"

ရှီမာယူယူ စိတ်ထဲမှသက်ပြင်းချမိသည်။ အရင်က သူမ၏ အားနှင့်ဆိုလျှင် ထိုမျှ သားရဲငယ်မျှကို ကြောက်ရန်မလိုပေ။ အခု အံ့ဖွယ်သားရဲနှင့်တွေ့ချိန်တွင် သူမသည် တခြားသူကိုသာ အားကိုးရတော့မည်။

မီအာသည် ကိုင်တွယ်နိုင်သည်။ သို့သော် သူမသည် သူမအတွက် ဝှက်ဖဲ တစ်ချပ်ကိုတော့ ချန်ထားစမြဲပင်ဖြစ်သည်။ အချိန်မတိုင်ခင် ဖော်ထုတ်လိုက်မှု သည် သူမကိုယ်သူမ လည်စဉ်းခံပေးသလိုပင်။ လက်သည်းကိုတော့ ဖွက်ထားရ

မည်။ ထို့ကြောင့် သူမ အသက်အန္တရာယ်မတွေ့ခင် နောက်ဆံဒးအချိန်ထိတော့ စွန့်စားပြီး မီအာကို ထုတ်မည်မဟုတ်ပေ။

"အံ့ဖွယ်သားရဲလား ဒီမှာ ဘယ်လိုလုပ် အံ့ဖွယ်သားရဲရှိမှာလဲ ဂူလန်တောင်မှာ အံ့ဖွယ်သားရဲနည်းနည်းပဲရှိတာ အကုန်လုံးက အတွင်းပိုင်းမှာ နေကြတာပဲ၊ ငါတို့က အလယ်ပိုင်းအစွန်အဖျားမှာပဲရှိနေတာလေ ဘယ်လိုလုပ် အံ့ဖွယ်သားရဲက ဒီကိုလာမှာလဲ" မုခိုင်အန်းသည် ပြုံးပြီးနောက် ဘာမှမဖြစ်ပါ ဟု ပြောပြီးခေါင်းလှည့်သွားလေသည်။ သို့သော် သူ့တစ်ကိုယ်လုံးမှာ ကြက်သေ သေနေသည်ကို ကြည့်လိုက်သည်နှင့် သိသည်။

"သွားပြီ တကယ်ပဲ အံ့ဖွယ်သားရဲဟ"

ရှောင်ရော့ပိုင်နှင့် တခြားသူများ အံ့သြသွားသော်လည်း ပျာယာခတ် မသွားပေ။

"အင်း ငါတို့ပြေးရမလား" ရှီမာယူယူ မေးလိုက်သည်။

"မဟုတ်ဘူး အံ့ဖွယ်သားရဲတစ်ကောင်ပဲ" ကုန်းဇီယွမ်သည် တိုးညင်းစွာ ပြောလိုက်သည်။

"ငါတို့တွေက မရဏာသူတော်စင်သခင်တွေပဲ အဲတော့ အံ့ဖွယ်သားရဲ တစ်ကောင်ကို မရှင်းနိုင်စရာတော့မရှိပါဘူး" မုခိုင်အန်း ပြောလိုက်သည်။

"အပြင်အင်အားကို သုံးလို့မရဘူးလို့ သဘောတူထားခဲ့တာမဟုတ်ဘူး လား"

"ငါတို့က ပြိုင်ပွဲပြိုင်တဲ့နေရာမှာပဲ ကိုယ့်ကိုယ်ကိုယ် အားကိုးရမှာလေ ဒါပေမဲ့ မမျှော်လင့်ထားတဲ့ အခြေအနေမှာဆိုရင် ပြိုင်ပွဲမှာထည့်မတွက်ဘူး"

ကုန်းဇီယွမ် ရှင်းပြလိုက်သည် "ငါတို့က ကစားဖို့လာပေမဲ့ ငါတို့အသက် ဘယ်လောက် အရေးကြီးသလဲဆိုတာတော့ သိပါတယ်"

ရှီမာယူယူ ခေါင်းညိတ်လိုက်သည်။ သူတို့အဲလိုပြောမှတော့ သူမ စိတ်ပူ မနေတော့ပါဘူး။

ရှီမာယူယူကဲ့သို့ ဝိညာဉ်စွမ်းအင်မရှိသူပင် အန္တရာယ်ကို သတိထားမိချိန် သော်လည်း သူတို့သုံးယောက်သည် သတိမထားမိကြပေ။ အစားအသောက် ရှေ့တွင်တော့ အရာအားလုံးမှာ သတိလျော့ပါးသွားကြသည်သာဖြစ်သည်။

အံ့ဖွယ်သားရဲ နီးကပ်လာချိန်... လူအိုကြီးတစ်ယောက်သည် အနည်းငယ် လှမ်းသောနေရာတွင်ပေါ်လာပြီး တိုက်ခိုက်ရာ ရှီမာယူယူသည် လှုပ်ရှားလိုက်ရ မည်လားဟု စဉ်းစားနေမိသည်။

"အဲဒါ ဘယ်ကသခင်လဲ"

"ငါ့မျိုးနွယ်က" ကုန်းဇီယွမ် ပြောလိုက်သည် "လုပ်လေ ဆက်စားရအောင်"

ရှီမာယူယူသည် ထိုနေရာမှ တိုက်ပွဲကိုကြည့်နေလိုက်သည်။ ကုန်းဇီမျိုးနွယ်မှ ကာကွယ်သူများသည် တိုက်ပွဲစွမ်းရည်မဆိုးလှပေ။ အံ့ဖွယ် သားရဲမှာ နိဂုံးချုပ်သွားလေသည်။ သူမ ဆက်စားရာ များများပင်မစားလိုက်ရ ထပ်မံသွားပြန်သည်။

"ရှိသေးတယ်..."

ဤတစ်ကြိမ်မှာ အလွန်မြန်ဆန်သည်။ အားလုံး မတုံ့ပြန်ခင်မှာပင် ငှက်မည်းကြီးတစ်ကောင်သည် အဝေးမှ ပျံလာကာ ထိုးသုတ်လေသည်။

နောက်ထပ် သက်လတ်ပိုင်းအရွယ်လူကြီး သူတို့ရှေ့တွင် ချက်ချင်းပေါ်လာကာ ဝင်ခုတ်လေသည်။

"ဘယ်လိုဖြစ်လို့ နှစ်ကောင်..."

ရှောင်ရော့ပိုင် စကားမဆုံးခင်မှာပင် ရှီမာယူယူသည် တခြားဦးတည် ဘက်သို့ကြည့်ပြီး ပြောလေသည် "နောက်တစ်ကောင်ရှိသေးတယ်"

အံ့ဖွယ်သားရဲ အနားမရောက်ခင်မှာပင် ထိုနေရာတွင် စောင့်ဆိုင်းနေသော ကိုယ်ရံတော‌်များမှ တားလိုက်သည်။

"အရှေ့ဘက်က အံ့ဖွယ်သားရဲက အရမ်းအားကောင်းတယ် ငါ့ ကိုယ်ရံ တော်တွေ မခံနိုင်ဘူး" မုခိုင်အန်း ပြောလိုက်သည်။

"ငါတို့ ကူညီရမလား" ထိုအချိန်တွင် ကုန်းဇီယွမ်နှင့် တခြားသူများသည် ဆက်စားချင်စိတ်မရှိတော့ပေ။ အံ့ဖွယ်သားရဲတွေက ဘာလို့ ရုတ်တရက်ကြီး ပေါ်လာတာလဲ။

မုခိုင်အန်း၏ ကိုယ်ရံတော်များ၏ စွမ်းအားမှာ မရဏာသားရဲများထက် အနည်းငယ် အားနည်းရာ သားရဲ၏အတောင်ပံမှကျသွားလေသည်။

"အကြီးအကဲဟွောင်" မုခိုင်အန်းသည် သူ၏ကိုယ်ရံတော် ဒဏ်ရာရသွား သည်ကိုမြင်သောအခါ ပြေးသွားလေသည်။ သို့သော် ငှက်မည်းကြီးကြောင့် ထိခိုက်လုနီးပါးဖြစ်သွားသည်။ ကံကောင်းစွာပင် နောက်ဆုံးအချိန်တွင် ရှီမာယူယူ၏ ကာကွယ်သူပေါ်လာပြီး ငှက်မည်းကိုတိုက်ခိုက်လိုကု်သည်။

"အကြီးအကဲဟွောင် ဘယ်လိုနေလဲ" မုခိုင်အန်းသည် အကြီးအကဲဟွောင် ကိုထူပြီး ဆေးတိုက်လိုက်သည်။

"သခင်လေး ဒီသားရဲက အရမ်းအားကောင်းတယ် ကျုပ်တို့က သူ့ပြိုင်ဘက် မဟုတ်ဘူး မြန်မြန်သွားရအောင်" အကြီးအကဲဟွောင်သည် မုခိုင်အန်း၏ လက်ကိုဆွဲပြီး ပြောလေသည်။

မုခိုင်အန်းသည် ထိုနေရာမှ တိုက်ပွဲကိုပြန်ကြည့်လိုက်သည်။ မုရုန်ဘက်တွင် သူတစ်ပြန်ကိုယ်တစ်ပြန်ဖြစ်နေသော်လည်း တခြားနှစ်ဖက်မှာ အားနည်းနေသည်။ သူတို့သည် ကြာကြာမခံနိုင်တော့သည့်ပုံပင်

"ယွမ်လေး ရှော့ပိုင် ရှီအာ မြန်မြန်သွားရအောင်" သူသည် သူတို့သုံးယောက်ကို အော်လိုက်သည်။

ရှောင်ရှော့ပိုင်နှင့် တခြားသူများသည် လက်ရှိအခြေအနေကို နားလည်ကြသည်။ ထွက်ပြေးလိုက်သည်မှာ အကောင်းဆုံးရွေးချယ်မှုပင်ဖြစ်သည်။

"ဒါပေမဲ့ သူတို့က..." ရှောင်ရှော့ပိုင်သည် သူမ၏ ကာကွယ်သူကို ပစ်ထားမသွားချင်ပေ။

"ရှော့ပိုင် ငါတို့အခုမသွားရင် ငါတို့လည်း အဆုံးသတ်သွားလိမ့်မယ်" မုခိုင်အန်း အော်လိုက်သည်။

"သခင်မလေး မြန်မြန်သွားတော့ သခင်မလေးတို့သွားတာနဲ့ ကျုပ်တို့လည်း အမြန်ထွက်ခဲ့မယ်" ရှောင်မိသားစု ကာကွယ်သူ အော်လိုက်သည်။

"မင်းရဲ့ကိုယ်ရံတော်ပြောတာ ဟုတ်တယ် ငါတို့ဒီမှာရှိနေရင် သူတို့အခွင့်အရေးရရင်တောင် ပြေးလို့မရဖြစ်နေမယ်" ကုန်းဇီယွမ် ပြောလိုက်သည် "သွားကြမယ်"

ထို့ကြောင့် လူငါးယောက်သည် လာရာလမ်းအတိုင်း ပျံတက်လိုက်ကြသည်။ ရှီမာယူယူတွင် ဝိညာဉ်စွမ်းအင်မရှိသဖြင့် အမည်းလေးကို ခေါ်ထုတ်ပြီး သူ့ကျောပေါ်သို့တက်ကာ အမြန် ထွက်ပြေးရန်ပြောလိုက်သည်။

အမည်းလေးသည် အံ့ဖွယ်သားရဲသုံးကောင်ကို မြင်သောအခါ ပါးစပ်ဟပြီး နှစ်ကြိမ်မှ အူလေသည်။ သူ ဆော့ချင်နေသည်ဟု ရှီမာယူယူထင်လိုက်သဖြင့် သူ့ကျောကိုပုတ်ပြီး ပြောလိုက်သည် "မကစားနဲ့တော့ သွားမယ်"

အမည်းလေးသည် တွန့်ဆုတ်စွာဖြင့် ထွက်ပြေးလေသည်။

အစပိုင်းတွင် သူတို့ ထွက်လာသည်နှင့် ကာကွယ်သူများသည် ပြင်းထန်သော တိုက်ပွဲမှ ထွက်ပြေးမည်ဟု ကတိပေးထားသော်လည်း အံ့ဖွယ်သားရဲများသည် ဆက်မတိုက်ဘဲ အခွင့်အရေးရသည်နှင့် သူတို့နောက်လိုက်လေသည်။

အံ့ဖွယ်သားရဲတွေရဲ့ ပစ်မှတ်က သူတို့သခင်လေးနဲ့ သခင်မလေးတို့လား။ သူတို့ကို လိုက်ခွင့်မပေးနိုင်ဘူး။

ထို့ကြောင့် ထိုမြင်ကွင်းမှာ လူတစ်စုမှာပျံပြေးကြပြီး အံ့ဖွယ်သားရဲတချို့မှာ နောက်မှလိုက်သော မြင်ကွင်းအဖြစ်ပြောင်းသွားလေသည်။ အစပိုင်းက ထွက်ပြေးမည်လုပ်ထားသော ကာကွယ်သူများသည် သူတို့လမ်းကိုပိတ်လိုက်ကြသည်။

ရှီမာယူယူနှင့် တခြားသူများသည် အတော်အတန်ဝေးသည်အထိ ပြေးကြသည်။ သို့သော် သားရဲများသည် လက်မလျော့ကြပေ။ သူတို့သည် လမ်းတွင် အကြိမ်ပေါင်းများစွာ လမ်းကြောင်းပြောင်းသော်လည်း သားရဲများသည် လိုက်မြဲလိုက်ဆဲပင်။

"သူတို့ရဲ့ ပစ်မှတ်က ဘယ်လိုလုပ် သခင်မလေးရှီအာဖြစ်နေတာလဲ" အကြီးအကဲဟွောင်သည် အတွေ့အကြုံများစွာရှိသည်။ အဲ့ဖွယ်သားရဲများနှင့် အကြိမ်ပေါင်းများစွာ ရင်ဆိုင်ပြီးနောက်တွင် ထိုအံ့ဖွယ်သားရဲများသည် ရှီမာယူယူကို ချောင်ပိတ်နေသည်ကို သူတွေ့လိုက်သည်။

သူ ထိုသို့ပြောလိုက်ချိန်တွင် အားလုံးသည် ရှီမာယူယူကို အတူကြည့်မိလိုက်ကြသည်။

"အကြီးအကဲဟွောင် မှားများမှားနေသလား" ကုန်းဇီယွမ်သည် အလေးအနက်ပြောလိုက်သည်။

အဲလိုဆိုရင် ဒါတွေအကုန်လုံး ရှီမာယူယူကြောင့် ဖြစ်တယ်လို့ ဆိုလိုတာမဟုတ်ဘူးလား။

"အကြီးအကဲဟွောင် ယွမ်လေးပြောတာ ဟုတ်တယ် မှားများမှားနေသလား" မုခိုင်အန်း မေးလိုက်သည်။

"သခင်လေး ကျုပ်မမှားဘူး" အကြီးအကဲဟွောင် ပြောလေသည် "ကျုပ်အကြိမ်ပေါင်းများစွာ ကြည့်ပြီးပြီ အဲဒီအံ့ဖွယ်သားရဲတွေရဲ့ အကြည့်တွေက သခင်မလေးရှီအာဆီမှာပဲရှိနေတာ ကျုပ်တို့အကုန်လုံးရှိနေရင် အားလုံးကို ဆွဲချ သွားလိမ့်မယ် လူခွဲပြီးပြေးကြမလား"

လေထုထဲတွင် စက္ကန့်အနည်းငယ် ရှက်ရွံ့မှုများ ဖြစ်ပေါ်သွားသည်။ ထိုစက္ကန့်အနည်းငယ်အတွင်းတွင် သူတို့စိတ်ထဲ၌ မရေတွက်နိုင်သော ယောက်ရက်ခတ်မှုများဖြစ်ပေါ်နေသည်။

“အကြီးအကဲဟွောင်ပြောတာမှန်တယ် ငါတို့တွေအတူရှိနေရင် သားရဲတွေ အလွယ်တကူတိုက်ခိုက်နိုင်မယ် လူစုခွဲလိုက်တာ ပိုလုံခြုံမယ်” ရှီမာယူယူ ပြုံးလိုက်သည်။

“မရဘူး” ကုန်းဇီယွမ်သည် ချက်ချင်းပင် ငြင်းဆန်လေသည် “မင်းက ငါတို့နဲ့ ထွက်လာတာ တစ်ခုခုဖြစ်ရင် မင်းအဖေကို ငါတို့ရှင်းပြလို့ရမှာမဟုတ်ဘူး”

“အကြီးအကဲဟွောင် အကုန်လုံးက…”

“သခင်လေး” အကြီးအကဲဟွောသည် မုခိုင်အန်းကို စကားဖြတ်ပြောလိုက်သည် “မမေ့ပါနဲ့ သခင်လေးက မိသားစုရဲ့တာဝန်ရှိသူပါ ဒီမှာ မတော်တဆဖြစ်သွားရင် မိသားစုကို ဘယ်လိုစောင့်ရှောက်မလဲ ဒီနှစ်တွေမှာ ရှိခဲ့တဲ့ မျှော်လင့်ချက်တွေရော ဘယ်လိုလုပ်မလဲ”

## အခန်း (၂)

## အပိုင်း (၁၇၅၂) – ဆရာက မင်းကိုတွေ့ချင်နေတယ်

အကြီးအကဲဟွောင် ထိုသို့ပြောလိုက်သောအခါ မုခိုင်အန်း၏ စကားလုံးများမှာ ပိတ်ဆို့သွားသည်။

ရှီမာယူယူ ပြုံးပြီး ပြောလိုက်သည် “ဟုတ်တယ် အခုတော့ အကုန်လုံး လူစုခွဲလိုက်တာ ကောင်းမယ်”

"ဟုတ်ပြီ ခွဲသွားကြတာပေါ့" ရှောင်ရှော့ပိုင်နှင့် တခြားသူများ ဘာမှ မပြောနိုင်ခင်မှာပင် အကြီးအကဲဟွောင်သည် မုခိုင်အန်းကို ပြောလိုက်သည် "သခင်မလေးရှောင် သခင်လေးကုန်းဇီ အတူလိုက်ချင်လား"

"ရှင်တို့ အရင်သွားနှင့်လိုက်ပါ" ရှောင်ရှော့ပိုင်သည် ခပ်သဲ့သဲ့သာ ပြောလိုက်သည်။

"ဟုတ်ပြီ ကျုပ်တို့ အရင်နှုတ်ဆက်ပါတယ်" အကြီးအကဲဟွောင် ထိုသို့ ပြောပြီးနောက် မုခိုင်အန်းကိုဆွဲကာ အရှေ့သို့ပြေးလေသည်။

"ယူယူ မုမိသားစုက အမြဲတမ်းဒီလိုပဲ စိတ်ထဲထားဖို့မလိုဘူး" ကုန်းဇီယွမ် သည် သူမကို နှစ်သိမ့်လေသည်။

"ငါလည်း စိတ်ထဲမထားပါဘူး" ရှီမာယူယူ ပခုံးတွန့်လိုက်သည် "ငါက သာမာန်ကိစ္စတွေ လူတွေကို ဂရုမစိုက်ဘူး အဲလိုလိုက်ဂရုစိုက်နေရင်လည်း ဘယ်လောက် ပင်ပန်းလိုက်မလဲ"

သူသည် သူတို့နှင့် ပို၍ရင်းနှီးအောင် ကြိုးစားသင့်သည်ဟု စဉ်းစားခဲ့ သည်။ သို့သော် သူနှင့် သူငယ်ချင်းမဖြစ်ခင်မှာပင် ဤကဲ့သို့ ပစ်ထားသွားသဖြင့် ထိုမျှလောက် ဝမ်းမနည်းပေ။

"သူကတော့ နေရာရွေးသွားလိုက်ပြီ အနောက်မှာ အံ့ဖွယ်သားရဲရှိသေး တယ် အဲဒါကြောင့် ငါတို့တွေ တစ်လမ်းစီပဲရွေးလို့ရတော့မယ်" သူမ ဆက်ပြော လိုက်သည် "မင်းတို့နှစ်ယောက် ဟိုဘက်ကိုသွားလိုက် ငါကျန်တဲ့ကောင်တွေကို မျှားခေါ်သွားမယ်"

"ငါတို့ မင်းနဲ့အတူသွားမယ်" ကုန်းဇီယွမ် ပြောလိုက်သည်။

"မဖြစ်ဘူး" ရှီမာယူယူ ခေါင်းခါလိုက်သည် "အကြီးအကဲဟောင်ပြော သလိုပဲ မုခိုင်အန်းမှာ သူ့ကိုမျှော်လင့်ထားတဲ့ မိသားစုရှိတယ် မင်းတို့ နှစ်ယောက်လည်းအတူတူပဲ ပြောရရင် ငါတို့က ရက်နည်းနည်းလောက်ပဲ ရှိခဲ့ တာ ငါနဲ့အတူရှိနေပေးဖို့မလိုပါဘူး"

"ဒါပေမဲ့ မင်းမှာဝိညာဉ်စွမ်းအားမှမရှိတာ အံ့ဖွယ်သားရဲအလိုက်ခံရရင် မင်း အန္တရာယ်ဖြစ်မှာပေါ့" ကုန်းဇီယွမ် ပြောလိုက်သည်။

"မင်း ငါ့နောက်လိုက်ရင် အတူတူဆွဲချသလိုဖြစ်လိမ့်မယ် ငါတို့ ဆွေးနွေး နေဖို့အချိန်မရှိဘူး မင်းတို့နှစ်ယောက် ဟိုဘက်ကိုသွားလိုက် ငါ တခြားတစ်ဖက် ကိုသွားလိုက်မယ်" ရှီမာယူယူ ပြောပြီးသည်နှင့် အမည်းလေးကိုပုတ်ကာ သူမ ပြောသည့် ဘက်သို့ပြေးထွက်သွားလိုက်သည်။

အံ့ဖွယ်သားရဲများသာ သူမကို ပစ်မှတ်ထားလိုက်လာပါက မီအာကို ထုတ်ရန် စဉ်းစားထားသည်။ သူတို့ သူမနောက်လိုက်လာလျှင် ပို၍ အဆင်မပြေ ဖြစ်နိုင်သည်။

သို့သော် သူမ မီတာရာဂဏန်းအနည်းငယ်မရောက်ခင်တွင် အနောက်မှ လှုပ်ရှားမှုရှိသဖြင့် ခေါင်းလှည့်ကြည့်ရာ ကုန်းဇီယွမ်နှင့် ရှောင်ရှော့ပိုင်တို့ နှစ် ယောက်လုံးသည် သူမနောက်မှ လိုက်လာသည်ကို မြင်လိုက်ရသည်။

"မင်းတို့နှစ်ယောက်...."

"ငါတို့ မင်းနဲ့အတူလိုက်မယ်" ရှောင်ရှော့ပိုင် ပြောလိုက်သည် "မင်းကြောင့်လားဆိုတာ အတည်ပြုလို့မရသေးဘူး ပြီးတော့ အဲလိုဆိုရင် မင်းကို နောက်မှထားခဲ့လိုက်မယ် အခုတော့ ပြေးရအောင်"

ထိုသို့ပြောပြီးနောက် သူတို့နှစ်ယောက်သည် သူမကိုကျော်သွားကာ ရှေ့သို့ ဆက်ပြေးလေသည်။

ရှီမာယူယူသည် အနောက်မှလူနှစ်ယောက်ကို ကြည့်လိုက်သည်။ သူမ မတတ်သာစွာဖြင့် ခေါင်းခါလိုက်သည်။ သို့သော် သူမ စိတ်ခံစားချက် ကောင်းသွားသည်ကို နှုတ်ခမ်းထောင့် ကွေးညွတ်တက်သွားခြင်းက ပြသနေ၏။

သို့သော် သူတို့ ပြေးသွားသည့်ဘက်မှာ လမ်းမရှိသည်ကို သူတို့ သတိ မထားမိကြပေ။ အတွင်းဒေသသို့ရောက်သွားသည်နှင့် ထွက်ရမည့်လမ်းမှာ သူတို့နှင့် ဝေးသထက်ဝေးသွားသည်။

သူတို့သုံးယောက်သည် ကမ်းပါးတစ်ခုသို့ ရောက်လာသည်။ ရှီမာယူယူ သည် တောင်ကမ်းပါးကိုကြည့်ပြီး ခါးသက်စွာ ပြုံးလိုက်သည် "ဒီကိုရောက်လာ ပြန်ပြီ"

သူတို့သုံးယောက်လုံးမှာ လေထဲတွင် ပျံနိုင်သည့် စွမ်းရည်မရှိကြကာ တောင်ကမ်းပါးအစွန်းသို့ ရောက်ချိန်တွင် နည်းလမ်းမရှိကြတော့ပေ။

"အရင်က ဒီကိုရောက်ဖူးလား"

"ဒီနေရာက မုရုန်ရှီနဲ့ ငါ အရင်ကကျသွားဖူးတဲ့ တောင်ကမ်းပါးပဲ" ရှီမာယူယူသည် ပြန်လှည့်လိုက်ကာ ပြန်သွားရန်စဉ်းစားလိုက်သည်။ သို့သော် ထိုအရာမှာ မဖြစ်နိုင်ပေ။

အံ့ဖွယ်သားရဲသုံးကောင်သည် အလယ်တွင်လာပိတ်ကာ ကာကွယ်သူများ လည်း ပျောက်နေကြသည်။ သူတို့ သေသလား ရှင်သလားကိုပင် မသိရပေ။

“အခု တကယ်ပြီးသွားပြီ မင်းတို့နှစ်ယောက် ငါနဲ့သေတော့မယ်” ရှီမာယူယူ ပြောလိုက်သည်။

“သေမယ်ဆိုတာကို ငါတွေးဖူးပေမဲ့ ဒီလောက် အစောကြီးသေမယ်လို့ ထင်မထားဘူး” ရှောင်ရှော့ပိုင်သည် သူမကိုယ်သူမ သနားသလိုပြောသည်။ သို့သော် နောင်တရသည့် လေသံမဟုတ်ပေ။

သူမသည် သူမ၏ဆုံးဖြတ်ချက်အတွက် မည်သောအခါမှ နောင်တမရပေ။ သူမ ဆုံးဖြတ်ထားသည့်လမ်းသည် ပြီးမြောက်ရန် ဒူးထောက်ရမည်ဆိုလျှင်တောင် သူမ ပြီးဆုံးအောင်လျှောက်မည်။

“တောင်ကမ်းပါးက မြင့်တယ် မင်း အရင်က ဒီမှာအသက်ရှင်ခဲ့ပေမဲ့ ဒီတစ်ခေါက်လည်း အသက်ရှင်ဖို့အတွက် ပြဿနာမဖြစ်နိုင်ဘူးမလား” ကုန်းဇီယွမ်သည် မျှော်လင့်ချက်ပါသော လေသံဖြင့် မေးလေသည်။

“ငါလည်း အတိအကျမပြောနိုင်ဘူး” ရှီမာယူယူသည် အောက်ကမည်သို့ရှိသည်… သူမ မည်သို့အသက်ရှင်ကျန်နေခဲ့သည်ကို မမှတ်မိပေ။ ထို့ကြောင့် သူမတွင် မည်သည့်ထင်မြင်ချက်မှ ရှိမနေပေ “ဒါပေမဲ့ သူတို့က ငါတို့ကို အရှင်ထားမှာမဟုတ်ဘူး”

သုံးယောက်လုံးသည် အံ့ဖွယ်သားရဲ သုံးကောင်ကို ကြည့်လိုက်သည်။ သူတို့ ကျသွားပြီး အသက်ရှင်လျှင်တောင် ထိုအကောင်များလိုက်၍ လာသတ်နိုင်သည်။

“အခုဘာလုပ်ကြမလဲ” ရှောင်ရှော့ပိုင် မေးလိုက်သည်။

ထိုအံ့ဖွယ်သားရဲများမှာ အနည်းငယ်ထူးဆန်းသည်ကို ရှီမာယူယူ ခံစားမိသည်။ အံ့ဖွယ်သားရဲများသည် ရပ်နေကာ သူတို့ကို အလောတကြီးမသတ်ပေ။ သူမ ရှေ့တိုးပြီး မေးလိုက်သည် "မင်းတို့က ငါ့နောက်ကိုလိုက်တာလား"

"ဆရာက မင်းကိုတွေ့ချင်နေတယ်" ငှက်မည်းကြီး ပြောလေသည်။

"ဟင် မင်းတို့က ငါ့ကိုသတ်ဖို့လာတာမဟုတ်ဘူးလား" ရှီမာယူယူ အံ့အားသင့်သွားသည်။ သူတို့မှားများမှားနေသလား။

"ငါ မင်းတို့လို လူတွေကို တကယ်အော်ငေါက်လိုက်ချင်တယ် လူတွေက ဘယ်လိုများ စဉ်းစားနေကြတာလဲ ငါတို့က မင်းကိုသတ်ဖို့လာတာမဟုတ်ဘူး ဘာလို့အဲလောက်တွေ ပြေးနေတာလဲ" သစ်ကြုတ်အံ့ဖွယ်သားရဲသည် စိတ်မရှည်ဘဲ မြေကြီးကို ကြံ့ခိုင်စွာဖြင့် ရိုက်လိုက်သည်။

"...." သူတို့သုံးယောက်မှာ ရှက်ရွံ့သွားကြသည်။ အံ့ဖွယ်သားရဲတွေက သူတို့ကို သတ်ဖို့စိတ်ကူးမရှိဘူးပဲ။ ဒါဆိုရင် သူတို့က ဘာလို့ပြေးနေကြတာလဲ။

"မင်းတို့ ဆရာက ဘယ်သူလဲ ဘယ်သူက ငါ့ကိုတွေ့ချင်တာလဲ" ရှောင်ရှော့ပိုင် မေးလိုက်သည်။

"မင်း" သစ်ကြုတ်၏ လက်သည်းများသည် ရှီမာယူယူဆီသို့ ညွှန်ပြလာသည်။

"မင်းတို့ဆရာက ငါ့ကိုဘာလို့တွေ့ချင်တာလဲ" ရှီမာယူယူ သိချင်စိတ်ဖြင့် မေးလိုက်သည်။

“ဆရာက မင်းကိုတွေ့ချင်နေတာ ဘာလို့လဲဆိုတာကို ငါတို့က ဘယ်လို လုပ်သိမှာလဲ” တခြားသော အံ့ဖွယ်သားရဲမှာ အနည်းငယ်စိတ်မရှည်ပေ “ဟင်း.. ဒီလိုအရုပ်ကလေးကို တွေ့ချင်တာများ ငါတို့သုံးကောင်က လိုက်ဖိတ်နေရတယ်”

“ဆရာမှာလည်း သူ့ဘာသာသူ စိတ်ကူးရှိပါတယ်” ငှက်မည်းကြီးသည် အပြစ်တင်လေသည် “ဟုတ်ပြီ မိန်းကလေး ငါတို့နဲ့လိုက်ခဲ့ပါ”

“ဟုတ်ကဲ့ပါ” ရှီမာယူယူ ခေါင်းညိတ်ပြီး လျှောက်သွားမည်အပြုတွင် သူမ၏ လက်မောင်းမှာ ကျန်နှစ်ယောက်၏ ဆွဲထားခြင်းကိုခံလိုက်ရသည်။

“ယူယူ သွားလို့မရဘူး သူတို့ဘာလုပ်ချင်တာလဲ မသိနိုင်ဘူး” ကုန်းဇီယွမ် သည် စိတ်မချစွာပြောလေသည်။

“ဟုတ်တယ် ဂရုစိုက်တာ ကောင်းမယ်” ရှောင်ရှော့ပိုင် သဘောတူလေ သည်။

ရှီမာယူယူသည် သူတို့နှစ်ယောက်ကိုကြည့်ပြီး ပြုံးလိုက်သည် “စိတ်မပူပါ နဲ့ ဘာမှမဖြစ်ပါဘူး ပြီးတော့ ငါတို့က သူတို့သုံးကောင်ကို နိုင်မှာတဲ့လား”

သူမ ထိုသို့ပြောလိုက်သောအခါ ကျန်နှစ်ယောက်သည် ခေတ္တမျှ တွေဝေ သွားပြီး သူမလက်ကိုလွှတ်ကာ ပြောလိုက်သည် “ဒါဆိုလည်း အတူသွားကြ မယ်”

ရှီမာယူယူသည် အံ့ဖွယ်သားရဲသုံးကောင်ကို ကြည့်လိုက်သည်။ သူတို့ မငြင်းသည်ကို မြင်သောအခါ ခေါင်းညိတ်ပြီး ပြောလေသည် “ဟုတ်ပြီလေ”

နှစ်ပေါင်းများစွာ ကြာပြီးနောက် သူမ ကမ္ဘာ့ထိပ်ဆုံးတွင် ရပ်တည်နိုင်ချိန်တွင် သူမ သူတို့ကိုမေးခဲ့သည်… အဲတုန်းက သူတို့ သူမနဲ့နေဖို့ ဘာလို့ရွေးခဲ့တာလဲ။

ကုန်းဇီယွမ်သည် တည်ငြိမ်စွာပင် ပြောခဲ့သည် “ငါက မင်းကိုခေါ်ထုတ်လာတာလေ အဲတော့ မင်းကိုလုံလုံခြုံခြုံပဲ ပြန်ပို့ချင်တယ်” ထိုစကားများသည် အမှန်တကယ်ပင် သူ၏အတွေးဖြစ်သည်။ သို့သော် သူသည် ထပ်မပြောပေ။

ပြီးနောက် ရှောင်ရှော့ပိုင်သည် ပခုံးတွန့်ပြီး ပြောခဲ့သည် “အဲတုန်းက ငါ့ဦးနှောက်က အလုပ်မလုပ်လို့ပဲနေမယ်”

ထိုစဉ်က ရှီမာယူယူသည် မဆိုးလှဟု သူမ ထင်မိသော်လည်း အသက်ကိုပေးရလောက်အောင် ထိတော့မဟုတ်ခဲ့ပေ။ အဲတုန်းက ဘာလို့ သူမနဲ့နေခဲ့မိတာလဲ။ သူမသည် အမှန်တကယ်ပင် သူမ၏ဦးနှောက် ပုံမှန်းမဟုတ်သလို တစ်ခုခုက လှုံ့ဆော်နေသလို ခံစားရသည်။

သို့သော် သူမသည် ထိုဆုံးဖြတ်ချက်ချခဲ့မိသည်ကို ကျေးဇူးတင်မိတုန်းပင်။ နောက်ပြန်ဆုတ်မိလျှင် သူတို့ကြားမှ ဆက်ဆံရေးမှာ ကောင်းလာမည်မဟုတ်ပေ။

သူတို့သုံးယောက်သည် အံ့ဖွယ်သားရဲများနောက်လိုက်သွားရာ အလယ်တွင်ရှိသော အမြင့်ဆုံးတောင်ရှေ့သို့ ရောက်လာသည်။ ငှက်မည်းကြီးသည် ရှီမာယူယူကို ပြောလေသည် “မင်း တစ်ယောက်ကိုပဲ ငါခေါ်သွားမယ်”

ပြောပြီးနောက်တွင် သူသည် ကုန်းဇီယွမ်နှင့် ရှောင်ရှောပိုင်တို့ကို တောင်ခြေတွင် ထားခဲ့ပြီး သူမ၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာ တောင်ထိပ်သို့ ပျံသန်းသွားသည်။

ရှီမာယူယူသည် စိတ်ထဲတွင် မကောင်းသလိုခံစားရသည်။ သူမသည် သူတို့၏ ဆရာဖြစ်သူကို ဤသို့အပြုအမူဖြင့် ခေါ်သွားခံရသည်မှာ အရင်က တစ်ခါမှမခံစားဖူးသည့် အတွေ့အကြုံပင်ဖြစ်သသည်။

## အခန်း (၃)

## အပိုင်း (၁၇၅၃) – ငှက်တုံးငှက်အနှင့် တွေ့ခြင်း

ငှက်မည်းကြီးသည် သူမကို တောင်ထိပ်ဆီသို့ခေါ်သွားပြီးနောက် မြေပေါ်တွင်ချကာ ပြောလိုက်သည် “ငါ့နောက်လိုက်ခဲ့”

ရှီမာယူယူသည် အမည်းလေးကို ဖက်ပြီး တောင်ကမ်းပါးအစွန်းနားထိ လိုက်ခဲ့လိုက်သည်။ သူမ အနားကပ်သွားသည်နှင့် တောင်ကမ်းပါးအစွန်းနားရှိ သစ်ပင်အကိုင်းတွင် အိပ်တန်းတက်နေသော မီးခိုးရောင်ငှက်တစ်ကောင်ကို တွေ့လိုက်ရသည်။

ငှက်မည်းကြီးသည် ထိုအရာကို ကျင့်သားရဟန်နှင့် ပြောလိုက်သည် “ဆရာ လူကိုခေါ်လာပါပြီ”

“အင်း” မီးခိုးရောင်ငှက်ကြီးသည် မျက်လုံးဖွင့်လာသည်။ ရှီမာယူယူ သူ့ကို ကြည့်လိုက်သည်နှင့် အထွတ်အထိပ်သားရဲဖြစ်သည်ကို သူမ သိလိုက်သည်။

သို့သော် အဆင့်မြင့်သို့ရောက်သည်မှာ မကြာသေးသော အထွတ်အထိပ် သားရဲပင်ဖြစ်သည်။ သူမသည် မီအာကို ဆက်သွယ်လိုက်သည်။ မီအာ၏ အား သည် အကန့်အသက်ဖြစ်နေသော်လည်း အံ့ဖွယ်သားရဲနှင့် အထွတ်အထိပ် သားရဲတို့ကို ကိုင်တွယ်ရန်အတွက်တော့ လုံလောက်သည်။

"မင်း သတ္တုတွင်းတစ်ခုလောက်ရှာတွေ့လို့ ငါ စုပ်ယူလိုက်ရရင် အဆင် ပြေသွားမှာ" မီအာသည် နောက်ဆုံးတွင် ကမ်းလှမ်းလာသည်။

"ဟုတ်ပြီ" ရှီမာယူယူ သဘောတူလိုက်သည်။

"မင်းက အဲလူလား" မီးခိုးရောင်ငှက်သည် ရှီမာယူယူကို ကြည့်လေသည် "နှစ်ပေါင်းများစွာစောင့်ပြီးသွားတဲ့နောက်တော့ တကယ်ပဲ ဒီလိုဖြစ်လာပြီပဲ"

"ကျွန်မကို ဘာလုပ်စေချင်တာလဲ" ရှီမာယူယူသည် နှစ်ပေါင်းများစွာ စောင့်ခဲ့ရသည်ကို လျစ်လျူရှုပြီး မေးလိုက်သည်။

သူမကို စောင့်နေတာလား။

မီးခိုးရောင်ငှက်သည် ရုတ်တရက်ပါးစပ်ဟ,လာသည်။ သူ အကွက် ကြီးကြီး တစ်ခုထုတ်တော့မည်ဟု ရှီမာယူယူ ထင်လိုက်မိသည်။ သို့သော် ထိုငှက်သည် မထင်ရှားသော အမည်းရောင်ပုတီးစေ့ကို အန်ထုတ်လိုက်သည်။

"အိုး… အခုမှပဲ နေသာသွားတော့တယ်" မီးခိုးရောင်ငှက်သည် ခန္ဓာကိုယ် တစ်ခုလုံး သက်တောင့်သက်သာဖြစ်သွားသကဲ့သို့ သူ၏ အတောင်ပံများကို ခတ်လေသည်။

အမည်းရောင်ပုတီးစေ့သည် ရှီမာယူယူ၏ရှေ့သို့ လွင့်လာသည်။ ပုတီးစေ့ပေါ်တွင် တံတွေးများပေရေနေသည်ကို မြင်သောအခါ သူမ လက်ကိုင်ပုဝါထုတ်ပြီး တွေဝေခြင်းမရှိ ထုတ်ပတ်လိုက်သည်။

သူမ ထိုပုတီးစေ့ကို လက်ထဲတွင်ကိုင်လိုက်သည်နှင့် ဝိညာဉ်ကျောက်စိမ်းနှင့်တူသည့် နူးညံ့သော အားတစ်ခုသည် ခန္ဓာကိုယ်အတွင်း ဝင်သွားသည်ကို ခံစားမိလိုက်သည်။

"ဒါဘာလဲ" သူမသည် စိတ်ထဲမှ ပျော်ရွှင်မှုကို ဖိနှိပ်ထားလိုက်ပြီး မီးခိုးရောင်ငှက်ကိုကြည့်ပြီး မေးလိုက်သည်။

"အဲဒါဘာလဲတော့ ငါလည်းမသိဘူး" မီးခိုးရောင်ငှက်၏ အဖြေမှာ သူမ ထင်ထားသလိုမဟုတ်ပေ။ "ငါ ငှက်ပေါက်ဘဝတုန်းက လူတစ်ယောက်က ဒီပုတီးစေ့ယူလာပြီး ထိန်းသိမ်းခိုင်းထားတယ်၊ ဒီပုတီးစေ့ကို တုံ့ပြန်စေတဲ့လူကို ပေးလိုက်ပါတဲ့ ဒီလောက် အကြာကြီးစောင့်ပြီးသွားတော့ မင်း ရောက်လာမယ်လို့ထင်မထားဘူး ငါ တောင်မှ ငှက်ပေါက်ကနေ ငှက်အိုကြီးဖြစ်နေပြီ"

"ရှင့်ကို ဒါ ဘယ်သူပေးတာလဲ" ရှီမာယူယူ မေးလိုက်သည်။

"ငါ မသိဘူး" မီးခိုးရောင်ငှက် ပြန်ဖြေလေသည် "အစတုန်းကတော့ ဒီပုတီးစေ့က ဘေးမကင်းဘူး လူတွေအများကြီးကိုလည်း ဆွဲဆောင်နေတယ် ကံကောင်းလို့ ငါ အမြော်အမြင်ရှိရှိနဲ့ မြိုချလိုက်တော့ အဲလူတွေရှာမတွေ့တော့ဘူး မဟုတ်ရင် မင်း ရောက်တဲ့အထိ ထိန်းသိမ်းနိုင်ပါ့မလား မသိဘူး အခုမှပဲ ငါ့တာဝန်ပြီးသွားတော့တယ်"

"ကျေးဇူးတင်ပါတယ်" သူမအတွက် မည်သူမည်ဝါမှ ထားသွားခဲ့သည်ကို မသိသော်လည်း မီးခိုးရောင်ငှက်ကြီးသည် နှစ်ပေါင်းများစွာ ထိန်းသိမ်းပေးလာခဲ့သည်။ အနည်းဆုံးတော့ သူမ ကျေးဇူးတင်ကြောင်း ပြသရမည်။

ထိုဒဏ္ဍာရီလာရတနာသည် ဤနေရာတွင် တကယ်ရှိလိမ့်မည်ဟု သူမ ထင်မထားပေ။ ထိုလူများသည် နှစ်ပေါင်းများစွာရှာလာသော်လည်း မတွေ့ပေ။ သို့သော် သူမသည် ဤကဲ့သို့အပြုအမူနှင့် လက်ခံနေရသည်။

"ကျေးဇူးတင်ဖို့တော့မလိုပါဘူး မင်းက ငါလိုချင်တာကို ပေးနိုင်တယ်လို့ အဲလူပြောသွားတယ်" မီးခိုးရောင်ငှက်ပြောလိုက်သည်။

ရှီမာယူယူသည် ပုတီးစေ့ကိုသိမ်းပြီး မေးလိုက်သည် "ကျွန်မက ရှင့်ကို ဘာပေးနိုင်မှာလဲ အခု ကျွန်မမှာဘာမှမရှိဘူး ကျွန်မက လူဆင်းရဲတစ်ယောက်ပဲ"

သူမတွင် ရတနာများစွာရှိခဲ့သော်လည်း ထိုပစ္စည်းများမှာ လူသားလောကတွင်သာ ရနိုင်သည်။ အခုချိန်တွင် အကုန်လုံးမှာ အပိတ်ခံထားသည်။ မုရုန်ဟွေ့ သူမကို ပေးခဲ့သည်များနှင့် ကျောက်စိမ်းအိပ်ရာမှလွဲပြီး သူမတွင် ဘာမှမရှိပေ။

"ငါ အသွင်ပြောင်းချင်တယ်" မီးခိုးရောင်ငှက်ပြောလိုက်သည် "မင်း ငါ့ကို ကူညီနိုင်မယ်လို့ သူပြောတယ်"

သူမ၏ ပါးစပ်ထောင့်မှာ ကွေးတက်သွားသည်။ ဒီတောင်းဆိုချက်ကတော့ တကယ်ပဲ...

"အသွင်ပြောင်းဖို့ဆို မိုးကြိုးဘေးဒုက္ခကို ရင်ဆိုင်ရမယ် အဲဒါကိုသိလား" သူမ မေးလိုက်သည်။

"သိတာပေါ့ အဲဒါကြောင့် မင်းကိုအကူအညီတောင်းတာ" မီးခိုးရောင်ငှက်ပြောလိုက်သည်။

သူ ငှက်ပေါက်အရွယ်ကပင် အသွင်ပြောင်းရန် စိတ်အားထက်သန်ခဲ့သည်။ နှစ်ပေါင်းများစွာ စောင့်လာပြီးနောက် သူသည် ကျင့်ကြံခဲ့ရာ အထွတ်အထိပ်သားရဲဖြစ်လာပြီး ကူညီပေးနိုင်မည့်သူကို စောင့်ခဲ့သည်။

အသွင်ပြောင်းလိုသည့် မရဏာသားရဲများအတွက်ကတော့ မိုးကြိုးဘေးဒုက္ခသည် အလွန်ပင် ကြောက်မက်ဖွယ်ကောင်းလှသည်။ မိုးကြိုးဘေးဒုက္ခသည် ကောင်းကင်ဘုံ၏ အပြစ်ပေးမှုတင်မကဘဲ တစ္ဆေလောကတွင် အရာအားလုံးကို ဟန့်တားထားသည့်အရာပင်ဖြစ်သည်။

မိုးကြိုးသွားများကို ဘာမှမဟုတ်သလို ဆင့်ခေါ်နိုင်သော သူမဆိုလျှင်တောင် ယခုအချိန်တွင် မိုးကြိုးဘေးဒုက္ခကို သွားရန်မစရဲပေ။

"ကျွန်မ.. ရှင်…" သူမသည် စကားဆုံးအောင် မပြောလိုက်ရခင်မှာပင် ထိတ်လန့်သွားလေသည်။

မီးခိုးရောင်ငှက်ကြီးသည် အသွင်ပြောင်းမိုးကြိုးဘေးဒုက္ခကို အစပျိုးလိုက်လေပြီ။

ဘယ်လောက်တောင် စိတ်မရှည်လိုက်လဲ။

ငှက်မည်းကြီးမှာ မည်သည့်အချိန်က ထွက်သွားသည်မသိလိုက်… အခုချိန်တွင် သူမနှင့်မီးခိုးရောင်ငှက်ကြီးသာ တောင်ထိပ်တွင် ကျန်နေခဲ့သည်။ အသွင်ပြောင်းမိုးကြိုးဘေးဒုက္ခကို အစပျိုးလိုက်သည်နှင့် သူမသည်လည်း ဤနေရာတွင် မိုးကြိုးအပစ်ခံရတော့မည်။

သူမသည် ကျိန်ဆဲ ဆဲဆိုသော စကားများအားလုံးကို ပြောလိုက်ချင်သည်။ သူမသည် အသွင်ပြောင်းမိုးကြိုးဘေးဒုက္ခ အဆင့်လောက်ကို ရင်ဆိုင်ရန် မဆိုထားနှင့် အသေးဆုံးမိုးကြိုးဘေးဒုက္ခကိုပင် ခံနိုင်ရည်မရှိသေးပေ။ အခု မိုးကြိုးဘေးဒုက္ခမှာ သူမကို ပိတ်ထားလိုက်ရာ သူမ ထွက်ပြေးချင်လျှင်တောင် ပြေးမရတော့ပေ။

သူမ ဒီနေ့ပဲ ဒီငှက်တုံးငှက်အကြီးနဲ့ သေရတော့မှာလား။

တက်ကြွပြီး ပျော်ရွှင်နေသော သစ်ကိုင်းပေါ်မှ ငှက်တုံးငှက်အကြီးကို ကြည့်ပြီး သူမ လည်ပင်းသွားညှစ်ချင်နေသည်။

သို့သော် မီးခိုးရောင်ငှက်မှာ ခံစားချက်ကောင်းနေသည်။ နှစ်ပေါင်းများစွာ စောင့်လာပြီးနောက် နောက်ဆုံးတွင် ယနေ့သို့ရောက်ခဲ့လေပြီ။ နောက်ဆုံးတွင် သူ အသွင်ပြောင်းနိုင်မည်ဖြစ်ကာ စုဝေးလာသော ဘေးဒုက္ခတိမ်တိုက်များကို တမ်းတစွာကြည့်ပြီး မျှော်လင့်ချက်များရှိနေသည်။

"ပြောပါဦး ငှက်အကြီး ကျွန်မမှာ ဘာဝိညာဉ်စွမ်းအားမှမှိဘူး ဒီ မိုးကြိုးဘေးဒုက္ခကို ရင်ကျော်လွှားနိုင်ဖို့ ဘယ်လိုကူညီရမှာလဲ"

"ဘာ" မီးခိုးရောင်ငှက်ကြီးသည် မှင်တက်သွားကာ သူမကို မှိုင်တွေစွာ ကြည့်လေသည် "မင်း ဘာပြောလိုက်တာလဲ"

"ကျွန်မမှာ အားမရှိဘူးဆိုတာ ရှင်မသိဘူးလား" ရှီမာယူယူသည် အကူအညီမဲ့စွာပင် ပြောလိုက်သည်။

"အဲဒါကို ဖုံးထားဖို့ မင်းမှာလျှို့ဝှက်နည်းလမ်း ရှိနေတာလို့ ငါ ထင်လိုက်တာ..." မီးခိုးရောင်ငှက်ပြောလိုက်သည်။ "မဟုတ်ဘူးလား"

“မဟုတ်ဘူးလေ”

“ဒါဆို အဲဒီအားကောင်းလှတဲ့ ရောင်ဝါက ဘယ်ကနေလာတာလဲ” မီးခိုးရောင်ငှက်ကြီးသည် လုံးဝပင် မှင်တက်နေလေ၏။ မှားများမှားနေသလား။

“ကျွန်မ ရှင့်ကို ရှင်းအောင်တော့ မပြောနိုင်ဘူး” ရှီမာယူယူသည် မိုးကြိုးဘေးဒုက္ခကို မော့ကြည့်လိုက်သည်။

အသွင်ပြောင်း မိုးကြိုးဘေးဒုက္ခစတင်သည်နှင့် ပစ်မှတ်သေသွားသည်ဖြစ်စေ မဟုတ်လျှင် ဘေးဒုက္ခမပြီးဆုံးသရွေ့ သူ့ဘာသာပျောက်ကွယ်သွားမည်မဟုတ်ပေ။

တောင်အောက်တွင် ရှောင်ရှော့ပိုင်နှင့် ကုန်းဇီယွမ်တို့သည် ဘေးဒုက္ခတိမ်တိုက်များစုဝေးလာသည်ကို မြင်သောအခါ ထိတ်လန့်သွားကြသည်။ တစ္ဆေမျိုးနွယ်များသည် ဘေးဒုက္ခတိမ်တိုက်များကို အလွန်ပင်ကြောက်ရွံ့ကြသည်။ မရဏာသခင်များပင် ဘေးဒုက္ခတိမ်တိုက်ကိုမြင်လျှင် ကြောက်ရွံ့ကြသဖြင့် ထိုကလေးနှစ်ယောက်ဆို ပြောရန်ပင်မလိုတော့ပေ။

“ဒါက… ဘာတွေဖြစ်နေတာလဲ” ကုန်းဇီယွမ်သည် သူ၏ စွမ်းအင်များကုန်ခမ်းသွားသလို ခံစားရသည်။

“ငါလည်း မသိဘူး” ရှောင်ရှော့ပိုင်သည် စိတ်ငြိမ်အောင်ထားချင်သော်လည်း သူမ၏ တုန်ယင်သော ခန္ဓာကိုယ်သည် ခံစားချက်ကို သစ္စာဖောက်နေသည်။

ဤတစ်ကြိမ်တွင် ငှက်မည်းကြီးသည် တောင်ပေါ်မှဆင်းလာကာ သူတို့နှစ်ယောက်ကို တစ်ယောက်တစ်ဖက်မှ ကုပ်ထားကာ မိုးကြိုးဘေးဒုက္ခစက်ကွင်းမှ ခေါ်ထုတ် ပျံသန်းခဲ့သည်။

"ယူယူရော" ကုန်းဇီယွမ်သည် ငှက်မည်းကြီး ပျံဆင်းလာသည်ကို မြင်ရသော်လည်း ရှီမာယူယူကိုတော့ မမြင်မိပေ။

"ဆရာ မိုးကြိုးဘေးဒုက္ခရင်ဆိုင်တာကို ကူညီပေးနေတယ်" ငှက်မည်းကြီး ပြောလိုက်သည်။

"ဘာ" ကုန်းဇီယွမ်နှင့် ရှောင်ရှော့ပိုင်တို့အော်မိကြသည် "ဘယ်လိုလုပ်ဒီလိုဖြစ်တာလဲ သူမ သေလိမ့်မယ်"

ကုန်းဇီယွမ်သည် ရှီမာယူယူကို ပြေးကယ်မည်အပြုတွင် ငှက်မည်းကြီးသည် အတောင်ပံဖြင့် သူ့ကိုရိုက်ချရာ သူသည် မြေကြီးထဲတွင် နစ်ဝင်သွားလေသည်။

"ဘယ်သူမှ သွားခွင့်မရှိဘူး" ငှက်ကြီးသသည် သူတို့နှစ်ယောက်ကို စိုက်ကြည့်ပြီး မျက်လုံးထဲတွင် လူသတ်မည့်အရိပ်အယောင်ထည့်လိုက်သည်။

သူတို့ ကတိုက်သရိုက်ဝင်ရောက်မှုကြောင့် မိုးကြိုးဘေးဒုက္ခ စွမ်းအားတိုးမြင့်သွားလျှင် အောင်မြင်မှုရာခိုင်နှုန်းမှာ ပိုနည်းသွားမည်။

ခန္ဓာကိုယ်တစ်ဝက် မြေကြီးထဲမြုပ်နေသော ကုန်းဇီယွမ်ကို မြင်သောအခါ ရှောင်ရှော့ပိုင်သည် တောင့်တင်းစွာပင် ခေါင်းညိတ်လိုက်သည်။

သူတို့သည် သားရဲများ၏ ထိန်းချုပ်မှုအောက်မှ ထွက်မပြေးနိုင်ပေ။ သူတို့သည် မိုးကြိုးဘေးဒုက္ခကိုကြည့်ရှုံသာကြည့်ကာ ရှီမာယူယူ အသက်ရှင်နိုင်ရန် မျှော်လင့်ချက်ဖြင့် စိတ်ထဲမှ တိတ်တဆိတ်ဆုတောင်းပေးရုံသာရှိတော့မည်။

သူတို့၏ စိတ်ထဲတွင်တော့ ဖြစ်နိုင်ချေမှာ သုညဖြစ်သည်ကိုတော့ အားလုံးနားလည်ထားကြသည်။

**အခန်း (၄)**

**အပိုင်း (၁၇၅၄) – အဆင်မပြေသောတိမ်တိုက်ဝိညာဉ်**

သည်တစ်ကြိမ်တွင် ရှီမာယူယူသည်လည်း အလွန်ပင် စိုးရိမ်လျက်ရှိ၏။ သူမတွင် ခရမ်းရောင်ထိပ်တန်းလျှပ်စီး မဆိုထားနှင့် စွမ်းအားပါမရှိသည့်အပြင် ဝိညာဉ်စေတီအတွင်းတွင် သိမ်းထားသော မိုးကြိုးတားပစ္စည်းများကိုလည်း မထုတ်နိုင်ပေ။ ဒီမိုးကြိုးဘေးဒုက္ခကို ခုခံဖို့ သူမ ဘာသုံးရမလဲ။

သူမ စဉ်းစားကြည့်လေလေ စိတ်ထဲတွင် ဒေါသထွက်ကာ နောင်တရနေမိသည်။

သူမ စောစောကသာသိလျှင် ဤငှက်တုံးငှက်အနှင့် တွေ့ရန်လာမည် မဟုတ်ပေ။

မိုးကြိုးဘေးဒုက္ခရေိယာတစ်ခုလုံးမှာ လျှပ်စီးဒြပ်စင်များဖြင့် ပြည့်နေ၏။ မည်သည့်အားမှမရှိဘဲ သူမ ထိလိုက်လျှင် သူမ၏ ခန္ဓာကိုယ်ထိခိုက်သွားမည် ဖြစ်သည်။

"အဲဒါကြောင့် တစ္ဆေမျိုးနွယ်ကလူတွေက မိုးကြိုးကိုကြောက်ကြတာကိုး" သူမသည် နာကျင်မှုကြောင့် မျက်နှာရှုံ့မဲ့မိသွားသည်။ ထိုကဲ့သို့ဖိနှိပ်မှုသည် အမှန်တကယ်ပင် နေရခက်လှသည်။

ရုတ်တရက် ထိုမိုးကြိုးဘေးဒုက္ခဒြပ်စင်များသည် သူမ ခန္ဓာကိုယ်အတွင်းသို့ ဝင်သွားသည်ကို ခံစားမိသည်။ သူမ၏ တစ်ကိုယ်လုံးသည် တစ်စစီပြဲမတတ် ခံစားရကာ သူမ၏ ဝိညာဉ်သည် အချိန်မရွေးပြိုလဲတော့မည့်အတိုင်း ခံစားရသည်။

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ" သူမသည် စိတ်ထဲမှအော်ပြီး ညည်းညူလိုက်သည် "ငါ တစ္ဆေလောကကို ရောက်တဲ့အချိန်မှာတောင် မိုးကြိုးကို ဘာလို့ ခံစားရလွယ်နေတာလဲ..."

ထိုသည်မှာ သူမ၏ ကနဦးအဆင့်တက်မှုဖြစ်ခဲ့သည်။ သို့သော် ယခုအချိန်တွင် သူမသည် တစ္ဆေတစ်ကောင်ဖြစ်ကာ သူမအတွက် နှစ်ဆနာကျင်စေသည်။

မိုးကြိုးဘေးဒုက္ခ မစခင်ကို သူမ သေသွားတော့မှာလား။

သူမ တစ္ဆေလောကကို ရောက်တာတောင် မကြာသေးဘူးလေ။ သူမ စပြီး မကျင့်ကြံရသေးသလို မိခင်ဖြစ်သူကိုလည်း မကယ်ရသေးပေ။ သူမ၏ အရင်းသူငယ်ချင်းတွေကို သွားတွေ့ဖို့အချိန်လည်းမရသေးပေ။ သူမ ဒီလိုပဲ သေသွားတော့မှာလား။

သူမသည် ခန္ဓာကိုယ်ထက် စိတ်ထဲမှ နာကျင်မှုကို ပိုခံစားရသည်။

"ဟင်း..." သူမ နားထဲတွင် ကျေနပ်နေသော သက်ပြင်းချသံကိုကြား လိုက်ရသည်။ သူမ၏ မျှော်လင့်ချက်ကင်းမဲ့နေသော စိတ်သည် အလင်းရောင် ကို မြင်လိုက်ရသည်။

"ခရမ်းရောင်လေး မင်းလား" သူမသည် ပျော်ရွှင်စွာ မေးလိုက်သည်။

အဖြေမရှိပေ...

သို့သော် ဘေးပတ်ဝန်းကျင်မှ မိုးကြိုးဒြပ်စင်များသည် သူမ၏ ခန္ဓာကိုယ် ထဲသို့ အရှိန်အဟုန်ဖြင့် ဝင်လာရာ ပြင်းထန်သောနာကျင်မှုကို ခံစားရသည်။ သူမသည် စဉ်းစားရန်ပင် အားမရှိတော့ပေ။ ထိုအချိန်တိုင်းတွင် သူမ၏ ခန္ဓာ ကိုယ်သည် ပေါက်ပြဲတော့မလို ခံစားရသည်။

သူမ ခန္ဓာကိုယ် အကန့်အသက်ရောက်တော့မည်ဟု ခံစားရချိန်၊ အနည်း ငယ်သာ ထပ်စုပ်ယူလိုက်လျှင် သေတော့မည်အချိန်လောက်တွင် ရပ်တန့်သွား လေသည်။ နူးညံ့သောအားတစ်ခုသည် သူမ ဝမ်းဗိုက်တွင် ပျောက်ကွယ်သွားပြီး ခန္ဓာကိုယ် လဲကျလုနီးပါးဖြစ်သွားပြီးမှ နာကျင်မှုသည် တဖြည်းဖြည်း ပျောက် ကွယ်သွားလေသည်။

"မြောင်... ဒီကလေးလေး နောက်ဆုံး နိုးလာပြီ ယူယူ ဒီကလေးလေးကို လွမ်းနေလား" ပျော်ရွှင်သောအသံသည် ရှင်းလင်းစွာ ပဲ့တင်ထွက်လာသည်။ ရှီမာယူယူသည် ထင်ယောင်ထင်မှားမဟုတ်သည်မှာတော့ သေချာသည်။ ဒီ ကောင်လေးက တကယ်ပဲ သူမ ဝိညာဉ်နောက်လိုက်ပြီး တစ္ဆေလောကကို ဝင်လာခဲ့တာပဲ။

နာကျင်မှုမှာ ပျောက်ကွယ်သွားသော်လည်း သူမသည် အားနည်းနေသေးသောကြောင့် မြေပေါ်တွင် မလှုပ်မယှက် လှဲလျောင်းနေလိုက်သည်။

“မင်းကို လွမ်းရမယ်ဟုတ်လား မင်းကို လွမ်းသလို မုန်းလည်းမုန်းတယ်” သူမသည် အားနည်းသံဖြင့် ပြန်ဖြေလိုက်သည်။

သူ့ကြောင့်သာမဟုတ်လျှင် သူမသည် ယခုလို ပြင်းထန်စွာခံစားရမည် မဟုတ်ပေ။ သို့သော် သူသာမရှိလျှင် ခဏအကြာ မိုးကြိုးဘေးဒုက္ခ ပစ်ခတ်လာလျှင် သူမသည် တောင့်ခံရန်မဖြစ်နိုင်ပေ။

“ဟင်” သူမသည် မိုးပေါ်မှ မိုးကြိုးဘေးဒုက္ခကို ကြည့်လိုက်သည်။ ဘာလို့ ဒီလောက် ရင်းနှီးသလိုခံစားနေရတာလဲ။ အဲဒီကောင်လေးများလား… တိမ်တိုက်ဝိညာဉ်…

သူမ အတည်ပြုနေစဉ်မှာပင် မိုးပေါ်မှ မိုးကြိုးသွားကျလာကာ သူမကို ရစ်ပတ်ခေါ်သွားပြီး လေထဲသို့ပို့လိုက်သည်။

တိမ်တိုက်၏ ရင်းနှီးသော မျက်လုံးများကိုမြင်သောအခါ ထိုကောင်လေး ဆိုသည်မှာ ရှီမာယူယူ သေချာသွားသည်။

“မင်းက ဘာလို့ ဒီလိုဖြစ်လာတာလဲ” တိမ်တိုက်ဝိညာဉ်သည် သူမကို အထင်သေးစွာကြည့်လေသည် “ခရမ်းရောင်ထိပ်တန်းလျှပ်စီးသာ မနိုးရင် ငါ မင်းကို မခေါ်ရဲဘူး မဟုတ်ရင် မိုးကြိုးသွားတစ်ခုက မင်းကိုအမှုန့်ဖြစ်အောင် လုပ်မိမှာပဲ”

"ဟားဟား ငါက အခု တကယ်ကိုမွဲတေနေတဲ့ အခြေအနေဖြစ်နေတာ" ရှီမာယူယူသည် လက်ရှိတွင်အနည်းငယ် ဝမ်းနည်းဖွယ်အခြေအနေ ဖြစ်နေသည်ကို မငြင်းဆန်ပေ။ "မင်းက ဘာလို့ တစ္ဆေလောကကိုလာတာလဲ"

"ဒါက အစကတည်းက ငါ့နယ်မြေပဲ" တိမ်တိုက်ဝိညာဉ်ပြောလိုက်သည် "မင်းက ဘာလို့သေသွားတာလဲ မင်းကိုဘယ်သူသတ်လိုက်တာလဲ"

"ငါ့ခန္ဓာကိုယ်ထဲက စွမ်းအားကို မထိန်းချုပ်နိုင်လို့.... ပေါက်ကွဲသွားခဲ့တာ"

"..." တိမ်တိုက်ဝိညာဉ်သည် သူမကို ဆွံ့အစွာဖြင့် ကြည့်လိုက်သည် "အဲလိုမျိုး သေတဲ့လူဆိုတာ ရှားတယ်"

"ဟေး သူရဲကောင်းဆိုတာ အရင်က ရဲရင့်ခဲ့တာတွေကို ပြန်မပြောဘူး" ရှီမာယူယူသည် အကူအညီမဲ့စွာဖြင့် ပြောလိုက်သည် "ဒါပေမဲ့ ငါသေသွားပြီးတော့ ပထမဆုံးပြန်တွေ့တဲ့ အသိအကျွမ်းက မင်းဖြစ်လိမ့်မယ်လို့ ထင်မထားဘူး ဆိုးတော့မဆိုးဘူး"

အနည်းဆုံးတော့ သူမ ယနေ့မသေနိုင်ပေ။

"ဟင်း တခြားသူနဲ့သာတွေ့ရင် မင်းသေမှာပဲ" တိမ်တိုက်ဝိညာဉ်သည် ညည်းညူလေသည် "ဒီလိုမျိုး မရှိစလောက် အားလေးနဲ့ အသွင်ပြောင်းမိုးကြိုးဘေးဒုက္ခကိုတောင် ရန်စရဲသေးတယ်"

"ဒါဆိုလည်း ဒီတစ်ခေါက်ကို မင်းလက်ရှောင်လိုက်တော့ ဘယ်လိုပဲဖြစ်ဖြစ် ငါတို့တွေက အကြွေးတင်နေကြတာပဲ" ရှီမာယူယူ ပြောလိုက်သည်။

"မင်းမှာတင်နေတဲ့အကြွေးကို ဘာလို့ပြန်တောင်းနေတာလဲ" တိမ်တိုက်ဝိညာဉ်သည် သူမကို စိုက်ကြည့်လေသည်။

"ဟေး ငါတို့က သူငယ်ချင်းကောင်းတွေ မဟုတ်ကြဘူးလား" ရှီမာယူယူ သည် ပြုံးပြီးပြောလိုက်သည် "သူငယ်ချင်းကောင်းဆိုတာ တစ်ယောက်နဲ့ တစ် ယောက်ကူညီရမှာမဟုတ်ဘူးလား"

"ဟင်း အရင်တစ်ခေါက်က မင်း ငါ့ကို အသီးဝိုင်ပေးမယ်လို့ပြောခဲ့တယ် ဒါပေမဲ့ မင်းက ကတိလည်းမတည်ဘူး" တိမ်တိုက်ဝိညာဉ်သည် မပျော်ရွှင်စွာ ဖြင့် ပြောလေသည်။

ရှီမာယူယူ ပြုံးလိုက်သည် "အဲတုန်းက ငါ အလုပ်များနေလို့ပါ ဒါပေမဲ့ အခု ငါအားသွားပြီ နောက်မှ မင်းအတွက်လုပ်ပေးမယ်"

"ပစ္စည်းပြတ်သွားတာလား" တိမ်တိုက်ဝိညာဉ်သည် နှုတ်ခမ်းစုတ်သပ် လိုက်သည်။

"အကုန်လုံး အပိတ်ခံလိုက်ရတယ် ဝိညာဉ်စွမ်းအားမရှိဘဲ ဖွင့်မရဘူး" ရှီမာယူယူ သက်ပြင်းချလိုက်သည် "ခဏတော့ စောင့်လိုက်ပါ ငါ ဝိညာဉ် စွမ်းအား ကျင့်ကြံနိုင်ရင် ပွင့်လာမှာပါ… ဒီနှစ်တွေမှာ အများကြီးလုပ်ထားတယ် အကုန်လုံး မင်းကိုပေးမယ်"

"မင်းပဲပြောတာပဲ… မင်း ငါ့ကိုချောင်ထိုးပြီး ကတိမတည်လို့မဘူးနော် မဟုတ်ရင် မင်းဝိညာဉ်ကွဲသွားတဲ့အထိ မင်းကိုသတ်ပြီး တစ်မှုန်မှမကျန်အောင် လုပ်လိုက်မယ်" ပြီးခဲ့သည့်တစ်ခေါက် သူမ ကတိပျက်ကွက်သည်ကို တိမ်တိုက် ဝိညာဉ်သည် နာကြည်းလျက်ရှိသည်။

"ဟုတ်ပြီ ဒီတစ်ခေါက် မင်းကို ငါ အာမခံပါတယ် ပြောတဲ့အတိုင်းလုပ်ပါ မယ်" ရှီမာယူယူ ကတိပေးလိုက်သည်။

“ဟင်း… ငါ တစ်ခါထပ်ပြီး ယုံပေးလိုက်မယ်” တိမ်တိုက်ဝိညာဉ် ပြောလိုက်သည် “ဒါပေမဲ့ အခု မင်းမှာစွမ်းအားမရှိဘူး ဝိညာဉ်စွမ်းအားရဖို့ မကျင့်ကြံနိုင်တာဖြစ်နိုင်သလို အဲမတိုင်ခင်လည်း ပျက်စီးသွားနိုင်တယ်”

“ဒါဆိုရင်တော့ ငါအဲဒါနဲ့ပတ်သက်ပြီး ဘာမှမတတ်နိုင်ဘူး” ရှီမာယူယူသည် မတတ်သာသည့် အမူအရာဖြင့် ပြလိုက်သည်။ အားအင်ဆိုသည်မှာ လိုချင်တိုင်းရသည့်အရာမဟုတ်ပေ။

“ငါ့နောက်လိုက်ခဲ့” တိမ်တိုက်ဝိညာဉ်သည် ပြောပြီးသည်နှင့် လှည့်ထွက်သွားသည်။

ရှီမာယူယူသည် တိမ်တိုက်ပေါ်တက်လိုက်သည်။ သူမတွင် လမ်းလျှောက်ရန်အားမရှိတော့သလို ခံစားရသည်မှာ ပထမဆုံးအကြိမ်ဖြစ်ကာ ကျသွားတော့မလိုပင် ခံစားရသည်။

သူမသည် တိမ်တိုက်ဝိညာဉ်နောက်လိုက်ကာ တိမ်အလယ်ဆီသို့ လိုက်လာရာ ဘောင်ခတ်ထားသော ကန်ကိုမြင်သောအခါ ထိုအရာကို မှတ်မိလိုက်သည်။

ပြီးခဲ့သည့်တစ်ခေါက် သူမသည် ဤနေရာမှ လျှပ်စီးအရည်များစွာကို ရခဲ့သည်။

“မင်းခန္ဓာကိုယ်ထဲက အဲကလေးကိုထုတ်လိုက်” တိမ်တိုက်ဝိညာဉ်သည် စိတ်မပါသလိုပြောလိုက်သည်။

ရှီမာယူယူ အံ့ဩသွားကာ ခရမ်းရောင်လေးကို ရည်ညွှန်းသည်ကို သူမနားလည်လိုက်သည်။

"အရင်တစ်ခေါက်ကလိုပဲ မဟုတ်ဘူးလား" သူမသည် ခရမ်းရောင် ထိပ်တန်းလျှပ်စီးကို ခေါ်ထုတ်လိုက်သည်။

သည့်တစ်ကြိမ်တွင် ခရမ်းရောင်လေးတွင် ခရမ်းရောင်တိမ်တိုက်အငွေ့ များရှိနေတုန်းပင်။ သူသည် စကားပြောနိုင်သော်လည်း အသွင်မပြောင်းနိုင် သေးပေ။

"မင်းခန္ဓာကိုယ်က ခံနိုင်တယ်မလား" တိမ်တိုက်ဝိညာဉ်သည် မျက်လုံး လိုမ့်ကာ ခရမ်းရောင်လေးကို ဆုပ်ကိုင်ပြီး လျှပ်စီးကန်ထဲသို့ ပစ်လိုက်သည်။ ဤအနစ်နာခံမှုကြောင့် သူ၏ရင် မည်မျှနာကြောင်းကို ထိုနေရခက်နေသော အမူအရာကပြနေသည်။

"မြောင် သက်တောင့်သက်သာရှိလိုက်တာ" ခရမ်းရောင်ထိပ်တန်းလျှပ်စီး သည် လျှပ်စီးကန်သို့ ဝင်သွားပြီးနောက် အထဲမှလျှပ်စီးအရည်ကို လျင်မြန်စွာ သောက်လိုက်သည်။ ပြီးနောက် တိမ်တိုက်ဝိညာဉ် စကားမပြောခင်မှာပင် လျှပ်စီးကန်မှ ထွက်လာပြီး အလယ်ပိုင်းသို့ ခုန်ဆင်းသွားသည်။

ခရမ်းရောင်ထိပ်တန်းလျှပ်စီးသည် လျှပ်စီးအရည်ကို ပိုပိုသောက်လေ သူ၏ ခန္ဓာကိုယ်မှာပုံပေါ်လာပြီး နောက်ဆုံးတွင် ခရမ်းရောင်ကြောင်လေးဖြစ် လာသည်ကို ရှီမာယူယူတွေ့လိုက်သည်။

သူ လျှပ်စီးအရည်အားလုံး သောက်ပြီးချိန်တွင် တိမ်တိုက်ဝိညာဉ်သည် ငိုတော့မလိုဖြစ်သွားသည်။

ရှီမာယူယူသည် သူ၏ခေါင်းကိုပုတ်ပြီး ပြောလိုက်သည် “နောက်ကျမှ မင်းကို အသီးဝိုင်များများပေးမယ် အဲဒါဆိုရင် မင်းနေ့တိုင်း အသီးဝိုင်သောက်လို့ရပြီလေ”

“နောက်တစ်ခါကျမှ မင်းဆီလာမယ်” တိမ်တိုက်ဝိညာဉ်သည် သူမကို နားလည်သလိုကြည့်လိုက်သည်။ ထိုနက်နဲလှသော မျက်လုံးများသည် ရှီမာယူယူကို နိမိတ်မကောင်းသော သတိပေးချက်တစ်ခုလိုပင်။

“ဟုတ်ပြီ အချိန်ပြည့်တော့မယ် မင်းဆင်းသွားလိုက်တော့” ပြောပြီးနောက်တွင် သူသည် ရှီမာယူယူကို မြေပြင်ပေါ်သို့ပြန်ပို့လိုက်သည်။

ရှီမာယူယူ မြေပေါ်ရောက်သည်နှင့် ခေါင်းပေါ်မှ အော်သံကြားရသဖြင့် မော့ကြည့်လိုက်ရာ ခရမ်းရောင်ထိပ်တန်းလျှပ်စီးသည် ခြေကားရား လက်ကားရားဖြင့် ကျလာသည်ကို မြင်လိုက်ရသည်။

“…”

တိမ်တိုက်ဝိညာဉ် လုပ်ချင်သလိုလုပ်တဲ့အချိန်ဆိုရင် တကယ် အဆင်မပြေတာပဲ။

**အခန်း (၅)**

**အပိုင်း (၁၇၅၅) – တုံးအပြီး သူရဲ့ဘောကြောင်တဲ့ငှက်**

မြေပေါ်တွင် အလုံးလိုက်ထသွားသော ဖုန်မှုန့်များကိုကြည့်ပြီး ရှီမာယူယူသည် ခရမ်းရောင်လေးကို စက္ကန့်ပိုင်းမျှ အားနာသွားသည်။

"တိမ်တိုက်ဝိညာဉ်အစုတ်ပလုတ် မင်းက မနာလိုနေတာပဲ" ခရမ်းရောင်လေးသည် ဖုန်လုံးထဲမှထကာ မိုးပေါ်မှ တိမ်တိုက်ဝိညာဉ်ကိုအော်လိုက်သည်။

ရှီး….

မိုးကြိုးသွားသည် ခရမ်းရောင်လေးကို တိုက်ရိုက်ပစ်ပြီး တိမ်တိုက်ဝိညာဉ်၏ တုံ့ပြန်ချက်ကိုပြသလေသည်။

ရှီမာယူယူသည် ဆွံ့အစွာဖြင့် ထွက်လာလိုက်သည်။ ဒီဘေးဒုက္ခလျှပ်စီးကာ ခရမ်းရောင်လေးအတွက် အားဖြည့်စာဆိုတာ တိမ်တိုက်ဝိညာဉ်မေ့များနေသလား။

မီးခိုးရောင်ငှက်သည် မိုးကြိုးဘေးဒုက္ခကိုမြင်သောအခါ ထိတ်လန့်သွားသည်။ သို့သော် ထိုမိုးကြိုးသွားမှာ သူ့အတွက် မဟုတ်သည်ကို မြင်သောအခါ စိတ်သက်သာရာရစွာဖြင့် သက်ပြင်းချလိုက်သည်။

ရှီမာယူယူ သွားပြီး ခရမ်းရောင်လေးကို ကောက်ကာ မီးခိုးရောင်ငှက်၏ အပြုအမူကိုကြည့်ပြီး ကြင်နာစွာဖြင့် သတိပေးလိုက်သည် "ဘေးဒုက္ခစတော့မယ်"

"ဟင်"

မီးခိုးရောင်ငှက်သည် နောင်တရနေပြီဟု မပြောလိုက်ရခင်မှာပင် မိုးကြိုးသွားတစ်ချက်ကျလာပြီး သူ့ခန္ဓာကိုယ်ဆီသို့ တိုက်ရိုက်ပစ်ချလိုက်လေသည်။

"အာ…."

ငှက်ကင်အနံ့သည် လေထဲတွင်လွှင့်လာသည်။ လျှပ်စီးများ သူ၏ အမွေး ဆီသို့ စီးဝင်သွားသည်ကို သူမ မြင်လိုက်ချိန်တွင် သုံးမိနစ်မျှ ဝမ်းနည်းသွားမိသည်။

သူမ ထိုနေရာတွင် ရပ်နေစဉ်အတွင်းတော့ မိုးကြိုးသွားများသည် သူမကို မထိမှန်ဘဲ လုံးဝလျစ်လျူရှုထားလေသည်။

"ဝူး... ဝူး..." မိုးခိုးရောင်ငှက်သည် မြေပေါ်တွင် အော်ဟစ်နေသည်။ သူသည် လကြောက်လွန်းသဖြင့် အတောင်ပံများဖြင့် ခေါင်းကိုအုပ်ကာထားသည်။

ရှီမာယူယူ - "..."

သူမ အမှန်တကယ်ပြောချင်နေသည်။ ဒီလောက်ကြောက်နေတာကို အသွင်ပြောင်းမိုးကြိုးဘေးဒုက္ခကို စိန်ခေါ်ရဲသေးတယ်ဟုတ်လား။

"ဟုတ်ပြီ ရှင် နောက်စက္ကန့်ပိုင်းအတွင်း သေတော့မလို အကြည့်နဲ့ ကျွန်မကိုကြည့်မလာနဲ့ မိုးကြိုးကို ခုခံဖို့ ရှင့်ဝိညာဉ်စွမ်းအားကို မလှုပ်ရှားဘူးဆိုရင် တကယ် သေသွားလိမ့်မယ်" သူမ အော်လိုက်သည်။

"ဝူး ငါကြောက်တယ်...." မီးခိုးရောင်ငှက်သည် နာကျင်စွာဖြင့် ညည်းညူလေသည်။

"ရှင့်ကို မိုးကြိုးဘေးဒုက္ခနဲ့ မသတ်ဖို့ ကျွန်မ တိမ်တိုက်ဝိညာဉ်နဲ့ သဘောတူပြီးပြီ ဒါပေမဲ့ ဒီလိုမျိုးဆက်သွားနေရင် ကျွန်မ မကူညီနိုင်ဘူး" ရှီမာယူယူ ပြောလိုက်သည် "ကျန်တာကိုတော့ ရှင့်ဘာသာကြည့်လုပ်ရမှာပဲ"

မီးခိုးရောင်ငှက်သည် သူမ စကားကိုကြားသည်နှင့် စိတ်ထဲတွင် ယုံကြည်ချက်များဖြစ်ပေါ်လာကာ ဘေးဒုက္ခတိမ်တိုက်များကိုကြည့်ပြီး ရဲတင်းစွာ ကြည့်လိုက်သည် "ဒါဆို ငါစမ်းကြည့်မယ်"

သူသည် ပြောပြီးနောက် ခန္ဓာကိုယ်ထဲမှ စွမ်းအားများကို ရွှေ့လျားပြီး ကျလာသော မိုးကြိုးဘေးဒုက္ခကို တိုက်ခိုက်ရန် ကြိုးစားလိုက်သည်။

သူ့ပုံစံကိုကြည့်ပြီး ဂူလန်တောင်မှ ဝိညာဉ်သားရဲများအားလုံးသည် လေးစားကုန်ကြသည်။

"ဆရာက တကယ်ကိုမိုက်တာပဲ မိုးကြိုးဘေးဒုက္ခကိုတောင် တိုက်ရိုက်ပြန်တိုက်ခိုက်နေတာ"

"ဟုတ်တယ်"

"ငါတို့ရော ဘယ်တော့များမှ အဲလိုစွမ်းအားရမှာလဲ"

"ဟားဟား မင်းတို့ ဆရာ့ကိုအားကျရင် များများသာလေ့ကျင့်လိုက်"

ဂူလန်တောင်မှ သားရဲများအားလုံးသည် ဤတစ်ကြိမ်တွင် အားမာန်များ တက်ကြွကြသည်။ နောက်ရက်များတွင် ဂူလန်တောင်တစ်ခုလုံးတွင် မရဏာ သားရဲများအားလုံး လုံ့လစိုက်ကာ ကျင့်ကြံကြသဖြင့် မြင်ရခဲလှသည်။

ဂူလန်တောင်ကို ရတနာလာရှာကြသူများလည်း မိုးကြိုးဘေးဒုက္ခကြောင့် တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသည်။

"အထွတ်အထိတ်သားရဲ့က ဘာလို့ အသွင်ပြောင်းဖို့ ရွေးချယ်တာလဲ မိုးကြိုးဘေးဒုက္ခကနေ အသက်ရှင်ဖို့ကို ယုံကြည်ချက်ရှိလွန်းနေတာလား"

“ရတနာကြောင့်များလား”

“အသွင်ပြောင်း မိုးကြိုးဘေးဒုက္ခနဲ့ ရတနာက ဘာများပတ်သက်မှုရှိလို့လဲ ငါတို့ ဒီကိုရောက်နေတာကြာပြီ ဘာမှလည်းမရသေးဘူး သားရဲတွေလည်း မရှိကြဘူး ဖြစ်နိုင်ရင် ငါတို့လည်း မြန်မြန်ပြန်မှထင်တယ်... ဘာမှလည်း မရလာဘူး”

“ဘာတွေလောနေတာလဲ မိုးကြိုးဘေးဒုက္ခပြီးတဲ့အထိ ဘာလို့မစောင့်တာလဲ အထွတ်အထိပ်သားရဲက ဒီဘေးဒုက္ခကို အောင်မြင်မလားဆိုတာ ငါ ကြည့်ချင်တယ်”

“ဟုတ်တယ်”

မုခိုင်အန်း၊ ချောင်ချန်းအန်းနှင့် တခြားသူများတွေ့သည့်အချိန်... သူနှင့် အကြီးအကဲဟွောင်တို့ကိုမြင်သောအခါ မေးလေသည် “ရှီအာနဲ့ ကျန်တဲ့လူတွေရော”

မုရုန်အန်းသည် ခေတ္တမျှရှက်သွားကာ ပြောလိုက်သည် “ငါတို့တွေ အံ့ဖွယ်သားရဲသုံးကောင် တိုက်ခိုက်တာခံရပြီး လမ်းမှာတင် လမ်းခွဲခဲ့တာပဲ”

ချောင်ချန်းအန်းသည် များများစားစား တွေးမနေပေ။ ပုံမှန်အားဖြင့် ဤကဲ့သို့အခြေအနေတွင် လူခွဲပြေးခြင်းသည် အသက်ရှင်နိုင်ချေများသည်။

“ဘယ်အထွတ်အထိပ်သားရဲ အသွင်ပြောင်းနေလဲမသိဘူး” သူသည် မိုးကြိုးဘေးဒုက္ခသွားရာဘက်သို့ ကြည့်လိုက်သည် “ယွမ်လေးနဲ့ ကျန်တဲ့လူတွေ အခု ဘယ်လိုနေလဲမသိဘူး”

“သူတို့ အဆင်ပြေမှာပါ” မုရန်အန်းသည် ရှက်ရှက်နှင့်ပင် ပြောလိုက်သည်။

“သွားကြမယ် အထွတ်အထိပ်သားရဲ ဘေးဒုက္ခကျော်ဖြတ်နေတာကို သွားကြည့်ကြမယ်” ချောင်ချုန်းအန်း ပြောလိုက်သည်။

“မသွားနဲ့ တစ်ခုခုဖြစ်ရင် ငါတို့ထွက်ပြေးချိန်မရဘဲနေလိမ့်မယ်” မုခိုင်အန်း ပြောလိုက်သည် “ငါတို့ ဘယ်ကာကွယ်သူကိုမှ မခေါ်ခဲ့ဘူး”

ချောင်ချုန်းအန်းသည် ခေတ္တမျှစဉ်းစားပြီးနောက် လက်လျှော့လိုက်သည်။

ထိုအချိန် ထာဝရတောက်ပခြင်းမြို့တော်ဘက်တွင် ဂိုဏ်းများအားလုံးသည် ဂူလန်တောင်၏ ထူးခြားမှုကို သတိထားမိပြီး လူအများအပြား အပြေးလာကြသည်။

မုရန်ဟွေ့နှင့် မိသားစုများစွာမှ ခေါင်းဆောင်များလည်း မကြာခင်တွင် ဂူလန်တောင်သို့ ရောက်လာကြသည်။ သူတို့သည် လူအုပ်ကြီးကိုမြင်နေရသော်လည်း သူတို့မျိုးနွယ်မှ လူငယ်မျိုးဆက်များကိုမမြင်ရသဖြင့် တစ်ယောက်ပြီးတစ်ယောက် ဆက်သွယ်ကြလေသည်။

မုရန်ဟွေ့နှင့် ရှောင်မိသားစုခေါင်းဆောင်၊ ကုန်းဇီမိသားစုတို့သည် မုရန်ပိုင်နှင့် ကုန်းဇီယွမ်တို့ကို အတူတွေ့ကြသည်။ သူတို့နှစ်ယောက်လုံးကို မြင်လိုက်မှပင် ရှောင်မိသားစုနှင့် ကုန်းဇီမိသားစုတို့မှာ စိတ်အေးသွားကြလေသည်။ သို့သော် အထွတ်အထိပ်သားရဲနှင့် ငှက်မည်းများကို မြင်လိုက်ရသောအခါ စိတ်ထဲတွင် ချွေးအေးများပျံလာသည်။

ကံကောင်းစွာဖြင့် သူတို့နှစ်ယောက်ကို ဘာမှမလုပ်ခဲ့ပေ။ တစ်ခုခုဖြစ်လျှင် သူတို့မိသားစုကို မည်သို့ရှင်းပြရတော့မည်မသိပေ။

"ရှီအာရော" မုရုန်ဟွေ့သည် ရှီမာယူယူကို မမြင်မိသဖြင့် မေးလိုက်သည်။

"ရှီအာ သူမက..." ကုန်းဇီယွမ်နှင့် ရှောင်ရှော့ပိုင်တို့ မပြောနိုင်ကြတော့ပေ။

"သူမ ဘာဖြစ်လို့လဲ" မုရုန်ဟွေ့၏ ရင်မှာစူးနစ်ဝင်သွားသည်။ သူမမှာ တစ်ခုခုထပ်ဖြစ်ပြန်ပြီလား။ ဘယ်သူလုပ်တာလဲ။

ရှောင်ရှော့ပိုင်သည် မိုးကြိုးဘေးဒုက္ခဆီသို့ ညွှန်ပြကာ ပြောလိုက်သည် "သူမက အထဲမှာ"

"သူမက မိုးကြိုးဘေးဒုက္ခဧရိယာထဲမှာလား" မုရုန်ဟွေ့သည် မယုံကြည်ပေ "သူမက ဘာလို့အဲဒီကိုရောက်နေတာလဲ"

မိုးကြိုးဘေးဒုက္ခလာတဲ့အချိန်ကို ဘယ်လိုထွက်ပြေးရမလဲဆိုတာ သူမ မသိဘူးလား။

ကုန်းဇီယွမ်သည် ငှက်မည်းကြီးကိုကြည့်လိုက်သည်။ ထို့နောက် သူတို့သည် အံ့ဖွယ်သားရဲသုံးကောင်၏ လိုက်ခြင်းကိုခံရပြီး ဤနေရာသို့ရောက်လာပုံနှင့် ပြီးနောက် ရှီမာယူယူ တောင်သို့ တစ်ယောက်တည်း ရောက်သွားပုံကို ရှင်းပြလိုက်သည်။

"ဦးလေးဟွေ့ အရင်ဆုံးတော့ စိတ်မပူပါနဲ့ ကျွန်မတို့ အဲဒီကိုကြည့်လိုက်တော့ မိုးကြိုးလျှပ်စီးတိုင်းက အထွတ်အထိပ်သားရဲကိုပဲ ပစ်တာပါ အခု ရှီအာ အဆင်ပြေမှာပါ" ရှောင်ရှော့ပိုင်သည် သူ့ကိုနှစ်သိမ့်လေသည်။

"ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ သူမက မိုးကြိုးဘေးဒုက္ခမှာ ပိတ်မိနေတာ မဟုတ်ဘူးလား" ရှောင်မိသားစုခေါင်းဆောင်သည် တအံ့တသြပြောလေသည်။

"ကျွန်တော်တို့လည်းမသိဘူး ဒါပေမဲ့ အဲဒီကိုသေချာကြည့်လိုက်ရင် တကယ်ပဲ အထွတ်အထိတ်သားရဲ့ကိုပဲ ပစ်နေတာ" ကုန်းဇီယွမ် ပြောလိုက်သည်။

"မြို့ဝန် အဲလိုဆိုမှတော့ အရမ်းကြီးစိတ်ပူမနေပါနဲ့ ကျုပ်တို့ စောင့်ကြတာပေါ့" ကုန်းဇီမိသားစုခေါင်းဆောင် ပြောလိုက်သည်။

"အင်း ကျုပ်တို့ စောင့်ရုံပဲရှိတော့တာပေါ့" မုရှန်ဟွေ့သည် ဘေးဒုက္ခ တိမ်တိုက်များကိုကြည့်လိုက်သည်။ သူတို့သည် ဤနေရာတွင် စောင့်ရုံသာ တတ်နိုင်ကာ မည်သည့်လှုပ်ရှားမှုမှမလုပ်နိုင်ကြပေ။ ဝင်ပါလိုက်သူသည် မိုးကြိုးဘေးဒုက္ခအလယ်တွင် ထိခိုက်နိုင်သည်။

မိုးကြိုးဘေးဒုက္ခမှာ ကြောက်မက်ဖွယ်မကောင်းလှဟု ဆိုသော်လည်း ဘေးသင့်မှုတစ်ခုလုံးမှာ နာရီဝက်ထက်ပင် ကျော်သည်။ တိမ်တိုက်ဝိညာဉ်သည် သူမကို ကတိမမေ့ရန်ပြောသွားပြီး ချက်ချင်းထွက်သွားလေသည်။

ရှီမာယူယူ ထပ်ပြီးသတိပေးခံရသောအခါ မတတ်သာစွာဖြင့် ရယ်မောလိုက်သည်။ ဒီကောင်လေးက ဒီတစ်ခါတော့ သူမကို အနီးကပ်စောင့်ကြည့်နေတော့မှာပဲ။

"အာ..."

အနက်ရောင်အလင်းတန်း တောက်ပလာရာ သူမ လှည့်ကြည့်လိုက်ချိန်တွင် မီးခိုးရောင်ငှက်သည် အလင်းတန်းနက်များအကြားတွင် လူးလိမ့်နေသည်ကိုမြင်လိုက်ရသည်။

ဒီကောင်ကတော့ လုပ်ငန်းစဉ်တစ်ခုလုံးမှာ ညည်းညူလာခဲ့တာ နောက်ဆုံးတော့ သူ့ဆန္ဒအတိုင်းဖြစ်သွားပြီပေါ့။

"ရှီအာ" မုန်ရှန်ဖေ့ဂွ၏ အနည်းငယ် စိုးရိမ်ပူပန်သောအသံ ပေါ်ထွက်လာရာ သူမ လှည့်ကြည့်လိုက်သည်နှင့် မုရှန်ဖေ့ဂွနှင့် တခြားသူများ သူမဆီသို့ ပြေးလာသည်ကိုမြင်လိုက်ရသည်။

"အဖေ" ရှီမာယူယူသည် ခရမ်းရောင်လေးကို ဖက်ထားသည် "ဒီကို ဘယ်လိုလုပ်ရောက်လာတာလဲ"

"ဒီမှာလှုပ်ရှားသံတွေ ကြားလို့ ရောက်လာတာ" မုရှန်ဖေ့ဂွသည် သူမကို စေ့စေ့စပ်စပ်ကြည့်လေသည် "အဆင်ပြေရဲ့လား"

ရှီမာယူယူသည် သူ့မျက်လုံးထဲမှ စိုးရိမ်မှုများကိုမြင်သောအခါ ရုပ်တူခြင်းကြောင့် သူ သမီးဖြစ်သူနှင့်အထင်မှားနေသည်ကို သူမ သိလိုက်သည်။

"အဖေ ကျွန်မအဆင်ပြေပါတယ်" သူမ ပြုံးလိုက်သည်။

"တကယ်ပဲ အဆင်ပြေရဲ့လား" မုရှန်ဖေ့ဂွသည် မယုံသေးပေ။ လူတစ်ယောက်က မိုးကြိုးဘေးဒုက္ခကို တွေ့ကြုံပြီးတော့ ဘယ်လိုလုပ် အဆင်ပြေနိုင်မှာလဲ။ သူသည် သူမကို အသေအချာကို စစ်ဆေးကြည့်ရာ သူမခန္ဓာကိုယ်တွင် မည်သည့်ဒဏ်ရာကိုမှမတွေ့ရပေ။

## အခန်း (၆)

## အပိုင်း (၁၇၅၆) – အဖေစင်ပေါ်တက်ခြင်း

ကုန်းဇီယွမ်နှင့် တခြားသူများသည် အတူရောက်လာပြီး ရှီမာယူယူအား တအံ့တသြကြည့်ကြလေသည်။

“မင်း တကယ်ပဲ အဆင်ပြေတာလား” ရှောင်ရှော့ပိုင်သည် သူမကို ပုတ်လိုက်သည်။ သူမတွင် မည်သည့်ဒဏ်ရာမှမရှိသည်ကို တွေ့ရသည်။

“ဘယ်လိုဖြစ်နိုင်မှာလဲ” ခေါင်းဆောင်ရှောင်သည် ရှီမာယူယူအား နားမလည်နိုင်စွာဖြင့် ကြည့်သည် “မင်း ဘာနည်းပညာတွေများ သုံးလိုက်တာလဲ”

ရှီမာယူယူသည် ထိုလူကိုမသိပေ။ သို့သော် သူ၏ စိတ်သဘောထားနှင့် အားအင်ကို အကဲဖြတ်ရသလောက်တော့ သူသည် မုရုန်ဟွေ့နှင့် တူညီသည်ဟု ခန့်မှန်းရသည်။

“သူ့ရဲ့ဘေးဒုက္ခမိုးကြိုးက သူ့ဘက်ပဲသွားလို့ဖြစ်နိုင်ပါတယ်” ရှီမာယူယူသည် မီးခိုးရောင်ငှက်ဘက်သို့ ညွှန်ပြလိုက်သည်။

ထိုအကြောင်းပြချက်ကို မဖြစ်နိုင်ဟု အားလုံးထင်ကြသော်လည်း အကျိုးအကြောင့်သင့်သော ရှင်းပြချက်ကို ရှာမရပေ။

“သမီးအဆင်ပြေရင် ရပြီ” မုရုန်ဟွေ့ပြောလိုက်သည်။

“ကျေးဇူးတင်ပါတယ် အဖေ” ရှီမာယူယူ ပြုံးလိုက်သည်။

"ရှီအာ ဘယ်လိုဖြစ်တာလဲ သူက မင်းကိုတွေ့ချင်တယ်လို့ပြောတယ် ဒါပေမဲ့ ဘာလို့လူပုံစံပြောင်းချင်နေတာလဲ" ကုန်းဇီယွမ် မေးလိုက်သည်။

"ဘာလို့လဲတော့ ငါလည်းမသိဘူး" ရှီမာယူယူ ပခုံးတွန့်လိုက်သည် "ငါ ဒီအတိုင်းပဲ တက်သွားလိုက်တာ အဲဒီငှက်က ငါ့ကိုကြောင်လေးပေးတယ် ပြီးတော့ သူအသွင်ပြောင်းချင်တယ်လို့ ပြောတယ် ငါ ပြေးဖို့အချိန်မရခင်မှာပဲ ဘေးဒုက္ခရောက်လာနေပြီ"

"ဒါဆို ငါတို့အခုသွားလို့ရပြီလား" ရှောင်ရှော့ပိုင်သည် မီးခိုးရောင်ငှက် အသွင်ပြောင်းသည်ကို ကြည့်ပြီး မေးလိုက်သည်။

မုရှန်ဟွေ့သည် မီးခိုးရောင်ငှက်ကိုကြည့်ပြီး ရှီမာယူယူကို သူ့ဘက်သို့ ဆွဲလိုက်သည် "နေဦး သူ ဘာလို့ ရှီအာကို ဒီကိုခေါ်လဲဆိုတာ သိချင်သေးတယ်"

ရှီမာယူယူသည် ခေါင်းမော့ကာ မုရှန်ဟွေ့ကိုကြည့်ပြီး သဲ့သဲ့ပြုံးလိုက်၏။ သူသာ အားလုံးရှေ့တွင် သမီးဖြစ်သူကို ဂရုစိုက် ဟန်ဆောင်ချင်လျှင် ဤကဲ့သို့ လုပ်ရန်မလိုပေ။

ထို့ကြောင့် ဤလူသည် သူမကို အသုံးချနေခြင်းမဟုတ်ပေ။

ကံကောင်းစွာပင် သူတို့သည် လျှို့ဝှက်လုပ်ဆောင်ထားသဖြင့် ဘေးဒုက္ခ လုပ်ငန်းစဉ်တွင် တစ်ခုခုရရန်မဖြစ်နိုင်ပေ။

"အဖေ..."

ရှီမာယူယူသည် မုရှန်ဟွေ့လက်ကို ဖက်လိုက်သည်။ သူမ မပြောခင်မှာပင် မုရှန်ဟွေ့သည် သူမလက်ကို ပုတ်လေသည်။ ထိုအပြုအမူသည် ရှီမာလျူရွှမ်မှ သူမလက်ကို ပုတ်သည်နှင့် အလွန်တူသည်။

"စိတ်မပူနဲ့ အဖေတို့ရှိတယ်" မုရုန်ဟွေ့သည် သူမကိုနှစ်သိမ့်လေသည်။

ရှီမာယူယူသည် ထိုမေးခွန်းကိုမမေးချင်ဟု ပြောချင်သည်။ သို့သော် သူ၏အပြုအမူကြောင့် သူမသည် ဘာမှမပြောနိုင်ပေ။

မကြာမီတွင် အနက်ရောင်အလင်းတန်း ပျောက်ကွယ်သွားလေသည်။ သေးငယ်ပြီး အရုပ်ပုသောပုံသဏ္ဍာန်သည် အားလုံးရှေ့တွင် ပေါ်လာသည်။

သူ လူသားအသွင်ပြောင်းလိုက်သည်နှင့် ဂူလန်တောင်မှ မရဏာသားရဲများအားလုံးသည် လေးစားသမှုပြုကြသည်။

"ဟားဟား... နောက်ဆုံးတော့ ငါ အသွင်ပြောင်းတာ အောင်မြင်သွားပြီမင်း..." မီးခိုးရောင်ငှက်သည် ရှီမာယူယူဆီသို့ ပျော်ရွှင်စွာဖြင့် အမြန်ပင် ပြေးလာသည်။ သူ သူမ၏အကြည့်ကို မြင်သောအခါ ကတိုက်ကရိုက်ပင် ထိန်းလိုက်သည် "ရှီအာ ငါလုပ်နိုင်သွားပြီ ငါတကယ်ပဲ လူသားအဖြစ်ပြောင်းလိုက်ပြီ"

"မဆိုးပါဘူး" ရှီမာယူယူသည် အပေါ်ယံတွင်တော့ ပြုံးနေသော်လည်း စိတ်ထဲတွင်တော့ ကျိန်ဆဲမိသည်။

ခုနတုန်းက ဘယ်သူ အော်ဟစ်နေတာလဲ။

"ဂုဏ်သရေရှိလူကြီးမင်း ကျုပ်က ထာဝရတောက်ပခြင်းမြို့ရဲ့ မြို့ဝန်ရှီအာရဲ့အဖေပါ" မုရုန်ဟွေ့သည် ရှေ့တစ်လှမ်းတိုးကာ ရှီမာယူယူ၏ ရှေ့သို့ထွက်လိုက်ပြီး မီးခိုးရောင်ငှက်ကိုပိတ်ထားလိုက်သည်။

"ခင်ဗျားဘယ်သူလဲဆိုတာ ကျုပ်ဂရုမစိုက်..." မီးခိုးရောင်ငှက်သည် စိတ်ထဲမှ မုရုန်ဟွေ့ကို ရှင်းပစ်ချင်နေသည်။ သို့သော် ရှီမာယူယူသည် မုရုန်ဟွေ့၏ အနောက်မှခေါင်းပြူပြီး သူ့ကိုကြည့်သည်ကိုမြင်လိုက်ရသည်။ 'စမ်းကြည့်

ချင်ရင် စမ်းကြည့်လိုက်လေ’ ဆိုသည့်အဓိပ္ပာယ်နှင့် သူမ သူ့ကိုစိုက်ကြည့်နေသည်။

သူမ မိုးကြိုးဘေးဒုက္ခနှင့် ရင်းနှီးပုံကိုတွေးမိပြီး သူခေါင်းပုသွားကာ စိတ်လှုပ်ရှားမှုများကို ဘေးတွန်းပို့ထားလိုက်သည်။ သူ မုရှန်ဟွေ့ကို ခေါင်းညိတ်ပြလိုက်သည် “အိုး ခင်ဗျားက ရှီအာ အဖေကိုး”

မုရှန်ဟွေ့သည် ရှီအာယူယူအား ငုံ့ကြည့်ပြီးနောက် မီးခိုးရောင်ငှက်ကို ကြည့်လိုက်သည်။ သူ့မျက်လုံးများမှာ သိချင်စိတ်ပြင်းပြနေသည်။

“ဂုဏ်သရေရှိလူကြီးမင်း ဒီမိန်းကလေးကို သိတာလား”

“ဟုတ်ပါတယ် အင်း.. အရင်ကတော့မသိဘူး အခုတော့ သိသွားပြီ” မီးခိုးရောင်ငှက် ပြောလိုက်သည် “အဲဒီကြောင်မိစ္ဆာလေးက သူမနောက်လိုက်ချင်နေတာ အဲဒါကြောင့် သူမကိုဖိတ်ဖို့လူလွှတ်လိုက်တာပဲ”

“အဲလိုလား”

“အင်း အဲလိုပါပဲ” မီးခိုးရောင်ငှက်သည် ခပ်တည်တည်ပင် ခေါင်းညိတ်သည်။ သို့သော် မည်သူမှ ထိုစကားကိုမယုံကြပေ။

“အဲလိုဆို ဘာမှမရှိတော့ရင် ကျုပ်တို့အရင်သွားလိုက်ပါဦးမယ်” မုရှန်ဟွေ့ ပြောလိုက်သည်။

“အဲဒါက…” မီးခိုးရောင်ငှက်သည် ရှီမာယူယူအား သနားစဖွယ်ကြည့်လေသည်။

“တခြားရှိသေးလို့လား”

"အဲဒါက… ကျုပ် ခင်ဗျားတို့နဲ့ လိုက်လို့ရမလား" မီးခိုးရောင်ငှက်မေး လိုက်၏။

"ရှင်က ကျွန်မနဲ့ အတူနေချင်လို့လား" ရှီမာယူယူသည် သူ့ကို တအံ့တဩ ကြည့်လိုက်သည် "ဘာလို့လဲ"

"မင်းနဲ့ဆို ပိုပြီးလုံခြုံသလိုခံစားရတယ်" မီးခိုးရောင်ငှက်သည် အရှက်မရှိ ပြောလေသည်။

အားလုံးမှာ "…."

မီးခိုးရောင်ငှက် မင်းက အထွတ်အထိတ်သားရဲလေ… ဒါပေမဲ့ ဝိညာဉ် စွမ်းအားတစ်ခုမှမရှိတဲ့ လူတစ်ယောက်နဲ့နေရတာ ပိုလုံခြုံတယ်လို့ ပြောနေတာ လား။

"မရဘူး" ရှီမာယူယူသည် မစဉ်းစားဘဲ ငြင်းဆန်လိုက်သည်။

"ဘာလို့လဲ" မီးခိုးရောင်ငှက်သည် နာကျင်စွာကြည့်လေသည်။

"ဘာလို့လဲဆိုတာ ကျွန်မက ငှက်တုံးငှက်အကို စိတ်မဝင်စားဘူး" ရှီမာယူယူသည် လှည့်ထွက်ကာ တောင်အောက်သို့ ဦးတည်လိုက်သည်။ မီးခိုး ရောင်ငှက်သည် သူမနောက်လိုက်သွားချင်သည်။ သို့သော် ရှီမာယူယူသည် ခရမ်းရောင်လေးကို ပခုံးပေါ်တင်လိုက်သည်။ မီးခိုးရောင်ငှက်သည် ခရမ်းရောင် လေးကို မြင်သောအခါ နောက်ပြန်ဆုတ်လိုက်သည်။

"ဒီမှာ ငါက မတုံးအပါဘူး" မီးခိုးရောင်ငှက်သည် ဝမ်းနည်းစွာဖြင့် ပြော လိုက်ရသည်။

သို့သော် ရှီမာယူယူသည် ဂရုမစိုက်ဘဲ ခရမ်းရောင်လေးကို ပွေ့ကာ ထွက်သွားလေသည်။

ကျန်လူများသည် သူမနှင့် မီးခိုးရောင်ငှက်တို့ကိုကြည့်လိုက်သည်။ နောက်ဆုံးတွင် သူတို့လိုက်သွားကြကာ ရှုပ်ပွနေသော မီးခိုးရောင်ငှက်ကို တစ်ယောက်တည်းထားခဲ့လိုက်ကြတော့သည်။

သူသည် ကြီးမြတ်သော အထွတ်အထိပ်သားရဲဖြစ်သော်လည်း ဝိညာဉ်စွမ်းအင်မရှိသော မိန်းကလေး၏ အထင်သေးခြင်းကိုခံရသည်။ သူ အလွန်နာကျင်မိသည်။ သူ နလန်ထူရန်လိုသည်။

ကံကောင်းစွာပင် ဤတစ်ကြိမ်တွင် မရဏာသားရဲများစွာ ပေါ်လာသည်။ ထိုလေးစားသော မျက်လုံးများကိုမြင်ပြီး သူ၏ စိတ်ဒဏ်ရာမှာ တဖြည်းဖြည်း ပြန်သက်သာလာသည်။

သူတို့ တောင်အောက်သို့ဆင်းသည်နှင့် တခြားလူများသည် လမ်းတစ်ဝက်တွင် စောင့်နေကြသည်။

“မင်းတို့ပြန်လာပြီပဲ အဆင်ပြေရဲ့လား” ချောင်ချန်းအန်းသည် ပြေးလာပြီး မေးသည်။

“အဆင်ပြေတယ် ငါတို့က ဘာဖြစ်နိုင်ဦးမှာလဲ” ကုန်းဇီယွမ် ရယ်မောလိုက်သည် “မင်းတို့ရော မသွားကြသေးဘူးလား”

“မင်းကိုမမြင်လို့လေ ပြီးတော့… ငါအရင်ပြန်သွားလိုက်ရင် ရှုံးပြီလို့ မင်းပြောမှာပေါ့” ချောင်ချန်းအန်း အကြောင်းပြချက်ပေးလေသည်။ “ဘယ်လိုလဲ နောက်ဆုံးပြိုင်ပွဲအတွက် ဘယ်လိုလုပ်မှာလဲ”

"ငါတို့ပြန်သွားရင် ပြိုင်လို့ရတယ် ငါ သေချာပေါက် မင်းထက်များမှာပဲ" ကုန်းဇီယွမ်သည် သူ့ပုခုံးကိုပုတ်ပြီး ရယ်မောလိုက်သည်။

"ဟုတ်ပြီ ပြန်ကြတာပေါ့ ဘယ်သူပိုရမလဲဆိုတာ ဘယ်သူသိမှာလဲ" ချောင်ချန်းအန်းသည် လက်မခံသလိုပြန်ပြောသည်။

"မြို့ဝန်" တခြားသူများသည် မုရုန်ဟွေ့ကို အရိုအသေပြုကြသည်။

"ခုနောက်ပိုင်း ဒီမှာမလုံခြုံတော့ဘူး ခင်ဗျားကိုယ်ရံတော်တွေလည်း ခေါ်မလာဘူး အဲဒါတော့ စောစောပြန်သင့်တယ်" မုရုန်ဟွေ့ ပြောလိုက်သည်။

"မြို့ဝန် ကျုပ်တို့ ခင်ဗျားနဲ့အတူပြန်လို့ရမလား" အကြီးအကဲဟွောင် မေးလိုက်သည်။

မုရုန်ဟွေ့သည် အကြီးအကဲဟွောင်ကို စိုက်ကြည့်လိုက်သည်။ သူသည် ရှောင်ရှော့ပိုင်တို့ဆီမှ သူတို့အကြောင်းကို ကြားထားသည်။ သူသည် မုမျိုးနွယ်ကိုအမြင်မကြည်တော့ပေ။

"အကြီးအကဲဟွောင် ခင်ဗျားက ဆည်းဆာမြို့ကလာတာလေ ဒီကိစ္စလေးအတွက်နဲ့ ကျုပ်တို့နဲ့သွားဖို့မလိုပါဘူး" သူသည် ခပ်တိုးတိုးပင်ပြောလိုက်သည် "ပြီးတော့ ကျုပ်တို့နဲ့နေလို့ အန္တရာယ်နဲ့တွေ့ရင် ဘယ်နှယ့်လုပ်မလဲ ကျုပ်သမီးက အမြဲတမ်းကျုပ်ပေးမှာရှိနေတာ ကဲ နှုတ်ဆက်ပါတယ်"

ထိုသို့ပြောပြီးနောက် သူသည် ရှီမာယူယူ၏ လက်ကိုဆွဲပြီး ထွက်လာလိုက်သည်။

ကုန်းဇီယွမ်နှင့် ရှောင်ရှော့ပိုင်တို့သည် တစ်ယောက်နှင့် တစ်ယောက် ကြည့်ပြီး မုခိုင်အန်းနှင့် အကြီးအကဲဟွှောင်တို့ကို ရက်ကိုးရက်ကန်းနှင့် ကြည့်မိကြသည်။ သူတို့သည် မုရုန်ဟွေ့နောက်သို့ လိုက်လာခဲ့လိုက်ကြသည်။

ခေါင်းဆောင်ရှောင်နှင့် ခေါင်းဆောင်ကုန်းဇီတို့လည်း အတူလိုက်လာကြသည်။

ချောင်ချန်းအန်းနှင့်အဖွဲ့သည် ရက်သွားကြကာ မုမျိုးနွယ်လူများကို မည်သို့ပြောရမှန်းမသိတော့ပေ။

ရှီမာယူယူသည် ဒေါသထွက်နေသော မုရုန်ဟွေ့ကို ကြည့်လိုက်သည်။ မုရုန်ရှီသည် ကံကောင်းသောမိန်းကလေးဟု သူမ ခံစားရသည်။ အသက်တို သွားသည်မှာတော့ နှမြောဖို့ကောင်းသည်။

**အခန်း (၇)**

**အပိုင်း (၁၇၅၇) – မိုးကြိုးအပစ်ခံရခြင်း**

ထာဝရတောက်ပခြင်းမြို့သို့ပြန်ပြီးနောက် ရှီမာယူယူသည် မြို့ဝန်အိမ်တော်သို့ မုရုန်ဟွေ့၏ ခေါ်သွားခြင်းကိုခံရလေသည်။ ကုန်းဇီယွမ်နှင့် ချောင်ချန်းအန်းတို့အကြားမှ ပြိုင်ပွဲရလဒ်ကိုတော့ သူမ မကြာခင်သိရလိမ့်မည်။

“မင်း မနက်ဖြန် လူငယ်ဖလှယ်ပွဲကို တက်ဖို့မလိုတော့ဘူး အိမ်မှာပဲ ကောင်းကောင်းနားလိုက်တော့” မုရုန်ဟွေ့ ပြောလေသည်။

“ကျေးဇူးတင်ပါတယ် အဖေ” ရှီမာယူယူ ပြုံးလိုက်သည်။

"တုံးအလိုက်တဲ့ကလေး အဖေ့ကို အဲလောက်ကြီးယဉ်ကျေးဖို့မလိုပါဘူး" မုရှန်ဟွေ့သည် လက်ဆန့်ထုတ်ကာ သူမ၏ ခေါင်းကိုပွတ်မည်ပြုလိုက်သော်လည်း လက်မှာ လမ်းတစ်ဝက်တွင် ရပ်တန့်သွားလေသည်။ အခြေအနေမှာ အနည်းငယ် ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။

"ကျွန်မကို မုရှန်ရှီလို့ စဉ်းစားလိုက်လည်းရပါတယ်" ရှီမာယူယူ သူ့ကို ကြည့်လိုက်သည် "ဒီနေ့ အဖေ ဘာလို့ဒီလိုလုပ်ရလဲဆိုတာ ကျွန်မသိပါတယ်"

သူမသည် ထိုမျှလောက် တစ်ကိုယ်ကောင်းမဆန်ပေ။ သူမကို မသိသည့် လူတစ်ယောက်သည် သူမအတွက် မစွန့်စားစေလိုပေ။ သူမသည် သူ၏ သမီးဖြစ်သူနှင့် တူသောကြောင့်ဖြစ်နိုင်သည်။ မဟုတ်လျှင် ဖြစ်နိုင်သည်မှာ သမီးဖြစ်သူအပေါ်ထားသော ချစ်ခြင်းမေတ္တာကို သူမအပေါ်ထားလိုက်ချေပြီ။ မဟုတ်လျှင်လည်း သမီးဖြစ်သူနှင့် တူသောသူမကို ဒဏ်ရာမရစေလို၍ဖြစ်နိုင်သည်။

မုရှန်ဟွေ့သည်လည်း ရှက်ကိုးရှက်ကိုးဖြစ်နေသလိုပင်။ သူသည် အနားယူရန် ပြောပြီးနောက် ထွက်သွားလေသည်။

ရှီမာယူယူသည် သူ့ကို အနောက်မှကြည့်နေလိုက်သည်။ သူမသည် သက်ပြင်းချပြီးနောက် ခြံဝန်းဆီသို့ ပြန်လာလိုက်သည်။ ထင်စန်းနှင့် ထင်ရွှေ တို့ကို မည်သူမှမနှောင့်ယှက်စေရန် မှာထားခဲ့ပြီး ဝိညာဉ်စေတီအတွင်းသို့ ဝင်လာခဲ့သည်။

ဝိညာဉ်စေတီမှာ အရင်အတိုင်းပင်။ သူမသည် မီးခိုးရောင်နေရာကြီးကို ကြည့်ပြီး အနည်းငယ်စိတ်ဓာတ်ကျမိသည်။""

"အဖေ သမီးကိုစောင့်နေပါ မကြာခင် အဖေ့ကိုထုတ်ပေးပါမယ်" သူမ ရေရွတ်လိုက်သည်။

သူမသည် ဝိညာဉ်စေတီအတွင်းတွင် အတန်ကြာအောင်နေပြီးနောက် ထွက်လာခဲ့လိုက်သည်။ ထင်စန်းနှင့် ထင်ရွှေတို့ကို သူမ ကျင့်ကြံမည်ဖြစ်၍ မည်သူမှ မနှောင့်ယှက်စေရန် မှာထားပြီးနောက် တံခါးပိတ်ကျင့်ကြံလေသည်။

သူမသည် မရဏာမိစ္ဆာသခင်အဆင့်သို့ ဝင်ရောက်နေပြီဖြစ်သည်။ နောက်ရက်အနည်းငယ်သာ ကြိုးစားလိုက်လျှင် အောင်မြင်နိုင်သည်။

သူမသည် အနက်ရောင်ပုတီးစေ့ထုတ်ပြီး ကြိမ်ပေါင်းများစွာ ဂရုတစိုက် ဆေးကြောသည်။ ထို့နောက် သူမ မျိုချလိုက်သည်။

"အာ..."

သူမ တစ်ကိုယ်လုံးမှာ လန်းဆန်းသွားသလို ခံစားရသည်။ သူမ၏ ချွေးပေါက်များအားလုံး ပွင့်သွားသကဲ့သို့ ကောင်းကင်နှင့်မြေကြီးမှ ဝိညာဉ် စွမ်းအားများကို စုပ်ယူလိုက်သလိုပင်။

"ဒါနဲ့ဆိုရင် တစ်ဝက်လောက် အားစိုက်ထုတ်ရင်တောင် ရလဒ်က နှစ်ဆ ရမှာသေချာတယ်" ရှီမာယူယူ ပြောလိုက်သည် "ဒါကို ဘယ်သူထားသွားလဲ တော့မသိဘူး ဘိုးဘေးကြီးက နှစ်တွေအများကြီး ပိတ်မိနေတာဆိုတော့ သူ မဖြစ်နိုင်ဘူး ဒါဆို ဘယ်သူလဲ"

အကြောင်းအရင်းမရှိ သူမကို ကောင်းပေးရသည်မှာ လွယ်ကူမည်မဟုတ် ပေ။

ထို့နောက် သူမသည် ကျောက်စိမ်းအိပ်ရာထုတ်ပြီး ထိုင်ကာ ကျင့်ကြံလေသည်။

ကျောက်စိမ်းအိပ်ရာနှင့် အနက်ဝက်ပုတီးစေ့တို့၏ နှစ်ခုပေါင်း သက်ရောက်မှုတို့ကြောင့် သူမ၏ အရှိန်မှာ အလွန်မြန်လာသည်။ အစပိုင်းတွင် သူမ အဆင့်တက်ရန် နောက်ရက်ဆယ်ချီကြာဦးမည်ဟု ထင်ထားသည်။ သို့သော် တတိယမြောက်နေ့၌ပင် အဆင့်တက်သွားလေသည်။

ရုတ်တရက် သူမ မျက်လုံးပွင့်လာပြီး မျက်လုံးထဲတွင် အကူအညီမဲ့မှုများ ဖြတ်ပြေးသွားသည်။

“ငါက ဝိညာဉ်ခန္ဓာကိုယ်ဖြစ်နေပြီလေ ဒါကိုတော့ ရှောင်လွှဲလို့မရဘူး” သူမ သက်ပြင်းချပြီး ကျောက်စိမ်းအိပ်ရာပေါ်မှဆင်းကာ ထွက်လာသည်။

ထိုအချိန်တွင် မြို့ဝန်အိမ်တော်သည် ယောက်ယက်ခတ်နေသည်။ ထင်စန်းနှင့် ထင်ရွှေတို့သည် သူမ ထွက်လာသည်ကို မြင်သောအခါ သတိပေးလေသည် “သခင်မလေး ထွက်မလာနဲ့ ဒီမှာအန္တရာယ်များတယ်”

သူတို့နှစ်ယောက်သည် မိုးကြိုးလေထုအောက်တွင် နေရခက်နေသော်လည်း အပြင်တွင် စောင့်ကြပ်ဆဲဖြစ်သည်ကို ရှီမာယူယူ မြင်လိုက်သည်။ သူမ သူတို့ကို နှစ်သိမ့်ပေးလိုက်သည် “ကဲ ခဏနေ ငါ အဆင်ပြေမှာပါ ငါ အဖေ့ကို သွားရှာလိုက်ဦးမယ်”

မုရုန်ဟွေ့သည် လက်ထဲမှ ပေလိပ်ကို ဘေးတွင်ချလိုက်သည်။ ဘေးဒုက္ခ တိမ်တိုက်သည် မြို့ဝန်အိမ်တော်အထက်တွင် ပေါ်လာသည်။ ထိုကဲ့သို့သော

ကိစ္စကြီးဆိုလျှင် မည်မျှပင် အရေးကြီးသည်ကိစ္စဖြစ်စေကာမူ ဘေးသို့ချထားရမည်ပင်။

"သခင် ဘာလို့ ရုတ်တရက်ကြီး ဘေးဒုက္ခတိမ်တိုက်ပေါ်လာတာလဲ" ဘဏ္ဍာထိန်းသည် စိတ်ပူပန်လျက်ရှိသည်။ မိုးကြိုးသာပစ်ချလိုက်ရင် မြို့ဝန်အိမ်တော်က အဆုံးသတ်သွားမှာမဟုတ်ဘူးလား။

"အိမ်တော်ထဲမှာ ထူးဆန်းတာ တစ်ခုခုများရှိလားလို့ သွားစုံစမ်းလိုက်" မုရုန်ဟွေ့ အမိန့်ပေးလိုက်သည်။

"ဟုတ်"

"အဖေ စုံစမ်းဖို့မလိုပါဘူး" ရှီမာယူယူသည် အပြင်မှပြေးဝင်လာပြီး မုရုန်ဟွေ့၏ လက်ကိုဆုပ်ကိုင်လိုက်သည် "ကျွန်မကို မြို့အပြင်ကိုခေါ်သွားပေးပါ"

"ရှီအာ အပြင်သွားချင်လို့လား ဒီတစ်ခေါက် မြို့အပြင်ထွက်လိုက်တာက ပိုဘေးကင်းမယ် သမီးကို အပြင်ကိုလိုက်ပို့ခိုင်းလိုက်မယ်" မုရုန်ဟွေ့ ပြောလေသည်။

ဘေးဒုက္ခတိမ်တိုက်သည် မိုးပေါ်တွင် စုဝေးလျက်ရှိရာ ထာဝရတောက်ပခြင်းမြို့တော်တစ်ခုလုံးကို အုပ်မိုးလုနီးပါးပင်။ မြို့မှာ ခလောက်ဆန် ရှုပ်ထွေးနေလေပြီ။ ဤအချိန်တွင် သူသည် မြို့ဝန်တစ်ယောက်အနေနှင့် ထွက်သွား၍ မရေပေ။

"အဖေ ဒီဘေးဒုက္ခက ကျွန်မအတွက်လာတာပါ ကျွန်မထွက်သွားတာနဲ့ ထာဝရတောက်ပခြင်းမြို့က ဘေးကင်းပါလိမ့်မယ်" ရှီမာယူယူ ရှင်းပြလေသည်။

"ဘာပြောလိုက်တယ်" မုရုန်ဟွေ့နှင့် ဘဏ္ဍာထိန်းတို့သည် အံ့ဩသွားကြသည်။ ဘေးဒုက္ခက ဘယ်လိုလုပ် သူမအတွက် လာတာလဲ။

"အခု ရှင်းပြဖို့အချိန်မရှိဘူး ကျွန်မကို မြန်မြန်ခေါ်ထုတ်သွားပေးပါ နောက်မှ ထွက်ရင် အသုံးမဝင်ဘူး" ရှီမာယူယူသည် ပူပန်စွာ ပြောလိုက်သည်။

ဤတစ်ကြိမ်တွင် ဘေးဒုက္ခသည် လူကိုပိတ်ထားခြင်းမဟုတ်ပေ။ သူတို့ကိုပိတ်လိုက်သည်နှင့် တစ်မြို့လုံးမှာ ထိုလူဟူ၍ မှတ်ယူနိုင်သည်။ ဤနေရာ ပျက်စီးသွားမည်ကို သူမ ကြောက်သည်။ ထိုနောက်ဆက်တွဲကို သူမ စိုးရိမ်၏။

မုရုန်ဟွေ့သည် စက္ကန့်ပိုင်းမျှစဉ်းစားပြီးနောက် သူမ လက်ကိုဆုပ်ကိုင်လိုက်သည်။ သူသည် လေဟာပြင်ဝင်ပေါက် ဖွင့်ပြီး သူမကိုခေါ်ထုတ်သွားလိုက်သည်။

သူမ ထာဝရတောက်ပခြင်းမြို့တော်မှ ပျောက်ကွယ်သွားသည်နှင့် ဘေးဒုက္ခတိမ်တိုက်လည်း တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။

မုရုန်ဟွေ့သည် သူမကို လူသူပြတ်လပ်သော စွန့်ပစ်တောင်ဆီသို့ ခေါ်သွားသည်။ ထိုနေရာတွင် မည်သည့်မရဏာသားရဲမှ ရှိမနေပေ။ သူမ ဤနေရာတွင် ဘေးဒုက္ခကိုရင်ဆိုင်လျှင် တခြားသူများ အထိအခိုက်မရှိနိုင်ပေ။

"သမီး..."

“အဖေ နောက်မှ ရှင်းပြတော့မယ် အခုတော့ ဒီကနေ ထွက်သွားလိုက်ပါ” ရှီမာယူယူ တောင်းဆိုလိုက်သည်။

“ဒါပေမဲ့ သမီး ခံနိုင်ပါ့မလား” မုရှန်ဟွေ့သည် အနည်းငယ် စိုးရိမ်နေသည်။

“စိတ်မပူပါနဲ့ ကျွန်မက မိုးကြိုးပစ်ခံရတာကို အသားကျနေပါပြီ တစ္ဆေလောကကို ရောက်လာပြီးမှ အခုမှကြုံရတာပဲရှိတာ အဖေ မြန်မြန်သွားပါတော့”

မုရှန်ဟွေ့သည် သူမ၏ ယုံကြည်ချက်အပြည့်ရှိနေသော မျက်လုံးများနှင့် လေထဲတွင် စုဝေးလာသော ဘေးဒုက္ခတိမ်တိုက်များကို မြင်လိုက်သည်။ သူသည် အချိန်ဆွဲမနေတော့ဘဲ ဘေးဒုက္ခနယ်မြေဆီမှ ထွက်ခဲ့လိုက်သည်။

ရှီမာယူယူသည် သူထွက်သွားသည်အထိ စောင့်ပြီး ခန္ဓာကိုယ်ထဲမှ စွမ်းအားကို ဖိနှိပ်ထားသည်ကို လျော့ချလိုက်သည်။ သူမသည် မရဏာမိစ္ဆာသခင်အဆင့်သို့ စတင်ဝင်ရောက်တော့သည်။ သူမ အဆင့်တက်ပြီးနောက်တွင် လေထဲမှ ဘေးဒုက္ခသည် ပို၍အားကောင်းလာသည်။

မုရှန်ဟွေ့၏ နေရာမှာ ဘေးဒုက္ခကိုရှောင်နိုင်ရုံလောက်သာ ကွာဝေးကာ ရှီမာယူယူ၏ နေရာကိုမြင်နေရသည်။ သူမ အဆင့်တက်သွားပြီး အဆင့်တက်မှုကြောင့် ဘေးဒုက္ခမှာ ပိုအားကောင်းသည်ကိုမြင်သောအခါ သူ့မျက်လုံးများတွင် ဝင်းကနဲဖြစ်သွားလေသည်။

“ဘုန်း....” ဝိညာဉ်စွမ်းအားသည် အဟန့်အတားကိုကျော်ဖြတ်ကာ လျင်မြန်စွာပင် သူမ၏ ခန္ဓာကိုယ်ကို ပတ်လေသည်။ အားလုံး ရှင်းလင်းသွားသောအခါ သူမ ထပ်မံထိန်းချုပ်နိုင်လိုက်သလိုပင်။

သို့သော် သူမ ဤသာယာသော ခံစားချက်ကို မခံစားရခင်မှာပင် ခေါင်းပေါ်တွင် ကြီးမားသောစွမ်းအားနှင့်တွေ့လေသည်။

ခရမ်းလေးသည် သူမ အဆင့်တက်ချိန်တွင် အတူပါလာသည်။ ကြောင်လေးသည် လေထဲတွင် ပျော်ရွှင်စွာ ခုန်ပေါက်နေသည်။

ရှီမာယူယူသည် မတ်တတ်ရပ်ပြီး ခရမ်းရောင်လေးကို ဆွံ့အစွာ ကြည့်လိုက်သည်။ သူမသည် ကြောင်လေးကို ကောက်ယူပြီး ခေါင်းကိုပုတ်ပေးလိုက်သည် "ညီမလေး ဒီနေ့တော့ ငါ့သေရေးရှင်ရေးကို မင်းလက်ထဲပဲထည့်ထားလိုက်တော့မယ်"

"စိတ်မပူနဲ့ ငါ သေချာပေါက် ကာကွယ်မယ်" ခရမ်းရောင်လေးသည် လက်သည်းနှစ်ဖက်လုံးနှင့် ပုတ်လေသည်။

"ရွှမ်း..."

ဘေးဒုက္ခမိုးကြိုး ကျလာသည်။ ရှီမာယူယူ၏ တစ်ကိုယ်လုံးမှာ တောင့်တင်းသွားပြီး မြေပေါ်သို့ အရှိန်ပြင်းစွာကျသွားလေသည်။

သူမသည် ကျသွားသည့်အချိန်မှပင် တုံ့ပြန်နိုင်သည်။ သူမ မိုးကြိုးပစ်ခံလိုက်ရလေပြီ။

ဘာလဲ... အဲဒီကြောင်စုတ်က သူမကို ကာကွယ်မယ်လို့ ပြောထားတာမဟုတ်ဘူးလား။ သူမက ဘာလို့မိုးကြိုးအပစ်ခံလိုက်ရတာလဲ။ မိုးကြိုးတစ်ချက်ကတောင် သူမကို လှုပ်မရအောင် လုပ်နိုင်စွမ်းသည်။

ခရမ်းလေးသည် သူမပေါ်သို့ ခုန်တက်လာသည် "စိတ်မပူနဲ့ မိုးကြိုးအပစ်ခံရတာကောင်းတာပဲ အခုကစပြီး မိုးကြိုးသုံးခုကို ကြွခံထား"

“ဒါဆို မင်းငါ့ကို သတိပေး” ရှီမာယူယူ စိုက်ကြည့်လိုက်သည်။

ခရမ်းလေး မြောင်ဟုအသံပေးလေသည်။ ထိုအခိုက်တွင် မိုးကြိုး ထပ်ပစ်လာသည်။ ကြောင်လေးသည် ခုန်တက်သွားကာ လေထဲမှ မိုးကြိုးကို လုံးဝတားလိုက်သည်။

အဝေးတစ်နေရာတွင် မုရုန်ဟွေ့သည် ရှီမာယူယူ မိုးကြိုးဒဏ်ကို မခံနိုင်သည်ကို မြင်နေရသဖြင့် စိတ်ပူနေသည်။ သို့သော် ကျန်မိုးကြိုးများကို ခရမ်းရောင်ကြောင်လေးက ခံပေးနေသည်ကိုမြင်သောအခါ အလွန်ပင် အံ့အားသင့်သွားသည်။

## အခန်း (၈)

## အပိုင်း (၁၇၅၈) – သူမ၏ သရုပ်မှန်ကို သိသွားခြင်း

“အာ… အပြည့်ပဲ”

စားသောက်ပြီးနောက် ခရမ်းရောင်လေးသည် ဗိုက်ကိုပုတ်လေသည်။

ရှီမာယူယူသည် သူ၏လုံးဝန်းနေသော ဗိုက်ကိုကြည့်ပြီး မတတ်သာစွာဖြင့် မျက်လုံးလှိမ့်လိုက်သည်။

တကယ်ကို အရှက်မရှိတာပဲ။

မုရုန်ဟွေ့သည် သတိပြန်ဝင်လာသည်။ ဘေးဒုက္ခတိမ်တိုက်မှာ အချိန်ကြာမြင့်သည်အထိ ပျောက်ကွယ်မသွားသဖြင့် သူသည် လက်လွှတ်စပယ်သွား၍မရပေ။

ရှီမာယူယူသည် ထွက်သွားလိုစိတ်မရှိသည့် ဘေးဒုက္ခတိမ်တိုက်ကို ကြည့်လိုက်သည်။ သူ ဘာကိုစောင့်နေသည်ကို သူမ သိသည်။

တိမ်တိုက်ဝိညာဉ်သည် ပြီးသွားသော်လည်း ရှိနေတုန်းပင်။

ကံကောင်းစွာပင် သူမ အောင်မြင်စွာ အဆင့်တက်သွားသည်။ ဝိုင်အခန်း ဘက်မှာ ပွင့်သွားလေပြီ။ သူမ စိတ်မှရွတ်လိုက်သည်နှင့် ရာချီသော ဝိုင်ကရား များနှင့် အမူးပြေဆေးများသည် သူမ ပတ်ပတ်လည်တွင်ပေါ်လာသည်။

သူမ၏ မှားယွင်းသော ခန့်မှန်းချက်ကြောင့် ဝိုက်ကရားများအားလုံး ပလုံ လုနီးပါးဖြစ်သွားသည်။

"ကောင်းလိုက်တာ" တိမ်တိုက်ဝိညာဉ်၏ ဆပ်ဆော့သော အသံသည် တိမ်များအကြားမှ ထွက်လာသည်။ မိုးကြိုးသည် မိုးပေါ်မှကျလာပြီး ဝိုက်ကရား များကို ပတ်ပြီးမိုးပေါ်သို့ပြန်ယူသွားလေသည်။

"အမူးပြေဆေးသောက်ဖို့ မမေ့နဲ့ မင်း အမှားလုပ်မိရင် အကုန်ဆိုးကုန် လိမ့်မယ်" ရှီမာယူယူ တိုက်တွန်းလိုက်သည်။

"ငါ သိပါတယ်" တိမ်တိုက်ဝိညာဉ်သည် အသီးဝိုင်များရသွားသဖြင့် အားရ ကျေနပ်စွာဖြင့် ထွက်သွားလေသည်။

ထိုမြင်ကွင်းမှာ မုရုန်ဟွေ့ကို ပို၍အံ့သြစေသည်။ ဘေးဒုက္ခတိမ်တိုက် ထွက်သွားပြီးနောက် သူ ဘာမှမစဉ်းစားဘဲ ပြေးလာပြီးနောက် သူမ ဒဏ်ရာရ သွားသလားဆိုသည်ကို စစ်ကြည့်လေသည် "ဘယ်လိုနေလဲ ဆေးအရင် သောက်လိုက်"

ရှီမာယူယူ ဆေးသောက်လိုက်ရာ နာကျင်သောခန္ဓာကိုယ်မှာ များစွာ သက်သာလာသည်။

"ကျေးဇူးတင်ပါတယ် အဖေ" သူမသည် အားနည်းစွာဖြင့် ပြောလိုက်သည်။

မုရုန်ဟွေ့သည် သူမ၏ အခြေအနေကို စမ်းသပ်ကြည့်လေသည်။ သူမသည် မည်းနက်နေသော်လည်း အားလုံးမှာ ပြင်ပဒဏ်ရာဖြစ်သဖြင့် ဆေးတစ်လုံးနှင့် ပြန်ကောင်းလေသည်။

"သမီးနဲ့ ဘေးဒုက္ခ...."

"သူက ကျွန်မသူငယ်ချင်းပါ" ရှီမာယူယူ ပြန်ဖြေလိုက်သည်။

"သမီးက... လူသားလောကက အမှောင်မင်းသမီးရဲ့ သမီးလား" မုရုန်ဟွေ့သည် ရုတ်တရက် ပြောလေသည်။

"အဖေ မှန်းမိနေပြီပဲ" ရှီမာယူယူသည် မအံ့သြတော့ပေ။

"ငါ အရင်ကတည်းက မှန်းမိသင့်တာ" မုရုန်ဟွေ့ ပြောလိုက်သည် "သမီးက ရှီအာနဲ့အရမ်းတူတယ် မင်းကိုမြင်ကတည်းက သိသင့်တာ"

"ဟင်" ရှီမာယူယူသည် သူ ဆိုလိုသည့်အဓိပ္ပာယ်ကိုမသိပေ။

"ရှီအာရဲ့အမေနဲ့ သမီးအမေတို့က ဝမ်းကွဲညီအစ်မတွေပဲ သူတို့က အရမ်းတူကြတယ် ရှီအာနဲ့ သူမအမေတို့က တစ်ပုံစံတည်းပဲ ရှီအာနဲ့ အမှောင်မင်းသမီးတို့က အရမ်းတူတယ်ဆိုတာ အကုန်သိကြတယ် ဒီကမ္ဘာမှာ အမှောင်မင်းသမီးနဲ့ တူတဲ့သူက ရှီအာအပြင် နောက်တစ်ယောက်က သူမရဲ့သမီးပဲ" မုရုန်ဟွေ့

ရှင်းပြလေသည် "သမီးအကြောင်းတွေ တစ္ဆေလောကကို ပျံ့နေတာကြာပြီ ဒါပေမဲ့ သမီးက ဘယ်လိုပုံစံရှိလဲဆိုတာ ဘယ်သူမှမသိကြဘူး"

မုရှန်ဟွေ့သည် သူမနှင့် ဆွေမျိုးတော်လိမ့်မည်ဟု ရှီမာယူယူ ထင်မထားပေ။

"သမီးက လူသားလောကမှာ အရမ်းအားကောင်းတယ်ဆိုတာ သိတယ် သမီး တစ္ဆေလောကကို လာမယ်လို့ထင်မထားဘူး အဲဒါကြောင့် ဒီလိုဖြစ်သွားမယ်လို့ထင်မထားဘူး" မုရှန်ဟွေ့ပြောလိုက်သည်။

"ဝမ်းကွဲဦးလေး" ရှီမာယူယူ ခေါ်လိုက်သည်။

"ငါ့ကိုအဖေလို့ပဲ ဆက်ခေါ်ပါ" မုရှန်ဟွေ့သည် သူမ၏ အခေါ်အဝေါ်ကို ပြောင်းပေးလိုက်သည် "သမီး တစ္ဆေလောကကိုလာတယ်ဆိုတာ လူတွေသိရင် အန္တရာယ်ဖြစ်မှာစိုးရတယ် အထူးသဖြင့် ကိုယ်လုပ်တော်ရဲ့တစ္ဆေမျိုးနွယ်ပဲ သမီးက ယွိဒူကိုသတ်ထားတာဆိုတော့ သူတို့က လက်စားချေဖို့ သတ်ချင်နေတာ ဒါပေမဲ့ သမီးက ရှီအာအနေနဲ့ ပေါ်လာတာဆိုတော့ အမှောင်မင်းသမီးနဲ့ တူပေမဲ့ သမီးရဲ့သရုပ်မှန်ကို သံသယဝင်မှာမဟုတ်ဘူး"

"ဒါပေမဲ့ အကုန်ပေါ်သွားရင် အဖေ ပြဿနာတက်နိုင်တယ်"

"ငါတို့မှာ အမှောင်မင်းသမီးရဲ့ ကျေးဇူးရှိတယ် ငါက သမီးရဲ့ဝမ်းကွဲဦးလေးဆိုပေမဲ့ သမီးမကြိုက်ဘူးဆိုရင် မွေးစားအဖေလို့ သတ်မှတ်လို့ရတယ် သမီးကို သမီးအရင်းလိုဆက်ဆံမှာဆိုတော့ အဲဒီအခေါ်အဝေါ်ကိုတော့ စိတ်ပူဖို့မလိုပါဘူး"

ရှီမာယူယူသည် အနည်းငယ် ရင်ထဲထိသွားကာ စိတ်ရင်းဖြင့် ခေါ်လိုက်သည် "အဖေ"

"ထင်မထားဘူး ငါ သမီးတစ်ယောက်ပျောက်သွားပေမဲ့ သမီး နောက်တစ်ယောက်ရလိုက်တယ်" မုရုန်ဟွေ့ ပြောလိုက်သည် "သမီး ပြန်နလန်ထူဖို့ ခေါ်သွားပေးမယ်"

သူ ကိုယ်ကိုင်းပြီး ရှီမာယူယူကို ချီလိုက်သည်။ ထိုအချိန်တွင် ခရမ်းလေးသည် လေထဲမှဆင်းလာရာ သူလန့်သွားပြီး နောက်ပြန်ဆုတ်လေသည်။

လျှပ်စီးကိုစားနိုင်တဲ့ မရဏာသားရဲ… အန္တရာယ်အငွေ့အသက်တွေ ပေးနေတယ်။

"အဖေ ရပါတယ် ခရမ်းလေးက အဖေ့ကို ထိခိုက်အောင်လုပ်မှာမဟုတ်ပါဘူး" ရှီမာယူယူ ပြောလိုက်သည်။

"ဒါက ဘယ်လိုမရဏာသားရဲလဲ" မုရုန်ဟွေ့သည် ကြောက်နေတုန်းပင်။

"ဒါက မရဏာသားရဲမဟုတ်ပါဘူး ခရမ်းရောင်ထိပ်တန်းလျှပ်စီးပါ"

"ခရမ်းရောင်ထိပ်တန်းလျှပ်စီး ဟုတ်လား အဲဒါဘာလဲ"

"အဲဒါက ကမ္ဘာထဲက ကျလာတဲ့မိုးကြိုးဘေးဒုက္ခပါ" ရှီမာယူယူသည် မည်သို့ရှင်းပြရမည်မသိပေ "ဒါကို မိုးကြိုးဘေးဒုက္ခထက် သန်မာတဲ့ လျှပ်စီးမရဏာသားရဲလို့ သတ်မှတ်လို့ရပါတယ်"

“ဟုတ်ပြီ” မုရုန်ဟွေ့သည် ခရမ်းလေးသွားဖြဲပြသည်ကို မြင်လိုက်ရသည်။ ထိုအပြုံးမှာ သူ့ကိုပြုံးပြခြင်းမဟုတ်ဘဲ ခြိမ်းခြောက်ခြင်းဖြစ်သည်ကို သူ သိသည်။

“ခရမ်းလေး မင်း ပြန်မလိုက်ဘူးဆိုလည်း သွားလိုက်တော့” ရှီမာယူယူ ခြိမ်းခြောက်လိုက်သည်။

ခရမ်းလေးသည် မုရုန်ဟွေ့ကို မကြောက်ဘဲ ရှီမာယူယူဆီသို့ အမြန်ပြေးလာကြသည်။ သူသည် သူမအနားသို့ရောက်သောအခါ ခရမ်းရောင်အလင်းတန်းအဖြစ်ပြောင်းသွားပြီး ကိုယ်ထဲသို့ဝင်သွားလေသည်။

“ဟုတ်ပြီ အဖေ ပြန်ရအောင်”

မုရုန်ဟွေ့ ရှီမာယူယူကိုချီပြီး မြို့ဝန်အိမ်တော်သို့ ပြန်လာချိန်တွင် အားလုံးသည် ကြောက်လန့်ငေးမှိုင်နေဆဲပင်ဖြစ်သည်။ သူမ အလွန်ကြောက်ရွံ့နေမလားကိုလည်း သူတို့မသိကြပေ။

ရုတ်တရက် ထင်စန်းသည် မိုးပေါ်မှ လှုပ်ရှားမှုကို ခံစားလိုက်ရသည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် မုရုန်ဟွေ့သည် ရှီမာယူယူနှင့်အတူ ပြန်လာသည်။

“သခင်မလေး” ထင်စန်း ပြေးလာသည်။ ရှီမာယူယူ၏ ခန္ဓာကိုယ်တစ်ခုလုံး မီးမြိုက်ခံထားရသည်ကို မြင်သောအခါ တအံ့တသြ အော်လေသည်။

“တံခါးဖွင့်” မုရုန်ဟွေ့ အမိန့်ပေးလိုက်သည်။

ထင်ရွှေသည် အခန်းနှင့်အနီးဆုံးဖြစ်ရာ တံခါးပြေးဖွင့်လေသည်။

မုရုန်ဟွေ့သည် ရှီမာယူယူကို သယ်သွားပေးပြီး အိပ်ရာပေါ်သို့ ချပေး၏။

“သခင် သခင်မလေး ဘယ်လိုဖြစ်တာလဲ” ထင်စန်းနှင့် ထင်ရွှေတို့ လိုက်လာပြီး မေးလေသည်။

“သူမက ဘေးဒုက္ခရင်ဆိုင်တဲ့လူနဲ့ မတော်တဆသွားတွေ့မိတာ” မုရုန်ဟွေ့ ပြန်ဖြေလိုက်သည် “ဒီအကြောင်းကို ဘယ်သူမှမသိစေနဲ့ နားလည်လား”

“ဟုတ်ကဲ့ပါ သခင်” ထင်စန်းနှင့် ထင်ရွှေတို့သည် တစ်ချိန်တည်း ပြန်ဖြေကြလေသည်။

“သူတို့က မုရုန်မျိုးနွယ်ကို သစ္စာရှိဖို့ ကျိန်ထားကြတယ် အဲဒါကြောင့် သတင်းပျံ့ဖို့ကိုတော့ စိတ်မပူနဲ့” မုရုန်ဟွေ့သည် ရှီမာယူယူကို ရှင်းပြလေသည်။

သူမ၏ လူနှစ်ယောက်မှာ ယုံကြည်ရသည်ဟု ပြောနေခြင်းပင်။

“သိပါပြီ အဖေ” ရှီမာယူယူ ပြောလိုက်သည်။

“ဒါဆိုလည်း ကောင်းကောင်းနားလိုက်ဦး အဖေ ကိစ္စတွေ သွားဖြေရှင်းလိုက်ဦးမယ်” မုရုန်ဟွေ့ ပြောလိုက်သည်။

ရှီမာယူယူ ခေါင်းညိတ်လိုက်သည်။ ယနေ့ကိစ္စဖြစ်အပြီးတွင် ထာဝရတောက်ပခြင်းမြို့မှလူများကို ငြိမ်သက်အောင်လုပ်ရမည်ဖြစ်ပြီး ဘေးဒုက္ခဖြစ်ခဲ့သည့်နေရာကိုလည်း ရှင်းရဦးမည်။

“သမီးမှာ ထင်စန်းနဲ့ ထင်ရွှေတို့ရှိကြတယ် လိုတာရှိရင် သူတို့ကိုပြောလိုက်ပါ” မုရုန်ဟွေ့သည် သတိပေးပြီးနောက် ထွက်သွားလေသည်။

ထင်စန်းနှင့် ထင်ရွှေတို့သည် သူ့ကိုလိုက်ပို့ကြသည်။ သူ့ကို ထိုပုံစံအတိုင်း မြင်ရသဖြင့် သခင်နှင့် သခင်မလေးတို့ ဆက်ဆံရေးမှာ အရင်ကဲ့သို့ဖြစ်သွားပြီ ဟု သူတို့ခံစားရသည်။ မကြာခင်ကပင် သခင်သည် သခင်မလေးအပေါ် အေးစက်ခဲ့သည်။

ရှီမာယူယူသည် ပင့်သက်ရှိုက်ထုတ်ပြီး မျက်လုံးမှိတ်လိုက်သည်။ ဤတစ်ကြိမ်တွင် သူမလုပ်နိုင်သော တစ်ခုတည်းသောအရာမှာ အိပ်လိုက်ရန် ဖြစ်သည်။

ခန္ဓာကိုယ်ထိခိုက်ထားမှုနှင့် ဆေး၏သက်ရောက်မှုတို့ကြောင့် သူမသည် အမြန်ပင် အိပ်ပျော်သွားလေသည်။ သူမ အိပ်ပျော်သွားပြီးနောက်တွင် အနက်ရောင်ပုတီးစေ့သည် ခန္ဓာကိုယ်အတွင်းတွင် လည်နေကာ အလင်းဖျော့ဖျော့ ထုတ်နေသည်ကိုတော့ သူမ သတိမထားမိပေ။ အလင်းသည် သူမခန္ဓာကိုယ် အနှံ့ပတ်နေသည်။ နေရာတိုင်းကို ပတ်သွားရာ ဘေးဒုက္ခခံစားရင်းဖြစ်လာသော ဒဏ်ရာများမှာ သက်သာသွားလေသည်။ သူမ နိုးလာချိန်တွင် အားအပြည့်ဖြစ်နေလေပြီ။

## အခန်း (၉)

## အပိုင်း (၁၇၅၉) – ဆန်းကြယ်သောအနက်ရောင်ပုတီးစေ့

ရှီမာယူယူသည် တစ်ရက်နှင့်တစ်ည အိပ်ခဲ့သည်။ ထင်စန်းနှင့် ထင်ရွှေတို့သည် အကြိမ်ပေါင်းများစွာရောက်လာပြီး သူမ မည်သည့်လက္ခဏာမှမရှိသည်ကိုတွေ့သည်နှင့် ချက်ချင်းပင် မုရုန်ဖေ့ကို သတင်းပို့ကြသည်။

ရှီမာယူယူ များစွာ သက်သာလာသည်ကို မုရုန်ဟွေ့ တွေ့လိုက်ရသည်။ ဒဏ်ရာအများစုမှာ လုံးဝပင် သက်သာနေပြီဖြစ်သည်။

"သခင် သခင်မလေးခန္ဓာကိုယ်က..."

"သခင်မလေးကို ကောင်းကောင်းပြုစုလိုက် တခြားဘာမှမမေးနဲ့" မုရုန်ဟွေ့သည် ထင်ရှွေကို စိုက်ကြည့်လိုက်သည် "ဘာသတင်းမှ ထွက်လို့မရဘူး နားလည်လား"

"ဟုတ်ကဲ့ပါ သခင် ကျွန်မတို့ ဘာမှမပြောပါဘူး" ထင်စန်းသည် မုရုန်ဟွေ့၏ မျက်လုံးများကို နားလည်ပြီး ထင်ရှွေကို ဒူးထောက်ရန် ဆွဲလိုက်သည်။

ထင်စန်းသည် အမြန်ပင် လိုက်နာကာ မည်သူ့ကိုမှ မပြောပါဟု ကတိပေးလိုက်ရသည်။

"မှတ်ထား သခင်မလေးအကြောင်း ဘယ်သူ့ကိုမှပြောလို့မရဘူး သေချာနားလည်လား" သူ ပြောလိုက်ပြန်သည်။

"ဒီအစေခံသိပါပြီ" သူတို့နှစ်ယောက် ပြန်ဖြေလေသည်။

"သခင်မလေးကို ဂရုစိုက်ပါ တစ်ခုခုရှိရင် ငါ့ကိုအချိန်တဲ့ပြေးညီသတင်းပို့ပါ" မုရုန်ဟွေ့သည် ပြောပြီးနောက် ထွက်သွားလေသည်။

ထင်စန်းနှင့် ထင်ရှွေတို့ ထလိုက်ကြသည်။ ထင်ရှွေသည် သူမရင်ဘတ်သူမ ပုတ်လိုက်သည် "သခင်နဲ့ သခင်မလေးကြားမှာ ကွာခြားချက်ရှိနေတယ်လို့ ဘာလို့ ခံစားမိနေတာလဲ"

“နင် မသိဘူးလား” ထင်စန်းသည် သူမ ဒူးများယိုင်နေသည်ကို ခံစားမိသည်။ သူမသည် ထိုင်ခုံဆီသွားပြီး ထိုင်ချလိုက်သည်။

“သခင်က သခင်မလေးကို အရမ်းအလိုလိုက်ခဲ့တာလေ အခု ကြည့်ရတာ …”

“ဘယ်လိုမြင်လို့လဲ”

“ငါ ရှင်းမပြနိုင်ဘူး တလေးတစားရှိနေသလိုပဲ အဲလိုမဟုတ်သေးဘူး ဒါပေမဲ့ အရင်ကနဲ့တော့မတူဘူး နည်းနည်းထူးဆန်းနေတယ်” ထင်စန်းသည် မျက်မှောင်ကြုတ်ကာ စိတ်ထဲမှ အရှိကိုအရှိတိုင်းမပြောနိုင်ပေ။

“ကြည့်ရတာ နင်နဲ့ငါ ခံစားရတာတူနေပြီ” ထင်ရွှေ ပြောလိုက်သည် “အခု သခင်က သခင်မလေးကိုပိုချစ်ပုံရပြီး သူမကိုအလိုတော့မလိုက်ဘူး ဒါပေမဲ့ သူ ပိုပြီး ဂရုစိုက်လာတယ်”

“ဟုတ်တယ် ဟုတ်တယ် ဒါပဲ” ထင်စန်း အတည်ပြုလေသည် “ထင်ရွှေ သခင်နဲ့ သခင်မလေးတို့ ဘာဖြစ်ကြတာလဲ အရင်တစ်ခေါက် သခင်မလေး နောက်ကလိုက်ခံရလို့လား သခင်က သခင်မလေးကို စိတ်ပျက်သွားတာလား”

“ဘာဖြစ်ဖြစ် အဲဒါက ငါတို့မှန်းရမယ့်ကိစ္စမဟုတ်ဘူး” ထင်စန်း သတိပေးလိုက်သည် “ငါတို့အသက်ရှင်ချင်ရင် အများကြီးလျှောက်တွေးလို့မရဘူး သခင်နဲ့ သခင်မလေးတို့က သူတို့လိုချင်သလိုလုပ်မှာပဲ ဘာမှမမေးနဲ့ ဘာမှမပြောနဲ့ နားလည်လား”

“အင်း အင်း သခင်က ငါတို့ကိုနှစ်ခါတောင် သတိပေးသွားတာ ငါတို့အသက်အတွက် သခင်မလေးအကြောင်း ဘယ်သူ့ကိုမှ ပြောလို့မရဘူး” ထင်ရွှေ

ခေါင်းညိတ်သည် "သခင်က အရင်တစ်ခေါက် သခင်မလေး အလိုက်ခံရတာကို ကြောက်နေတုန်းပဲထင်တယ်"

ထင်စန်းသည် အိပ်ရာပေါ်မှ ရှီမာယူယူကိုကြည့်ပြီး ရေရွတ်လိုက်သည် "တကယ်ပဲ အဲလိုဖြစ်မလား"

ရှီမာယူယူသည် နောက်နေ့နေ့ခင်းတွင် နိုးလာသည်။ သူမ ခန္ဓာကိုယ် လှုပ်လိုက်ချိန်တွင် နာကျင်မှုမရှိတော့သည်ကို တွေ့လိုက်ရသည်။ သူမသည် ညာဘက်လက်ကို စမ်းပြီးလှုပ်ရှားကြည့်သည်။ သူမ အံ့သြသွားသည်။

"ငါ မူးနေတာလား မဟုတ်ရင် သွေးလေချောက်ချားနေတာလား" သူမ လက်ကိုဝှေ့ယမ်းကြည့်သည်။ ဟုတ်တယ် ဒါ သူမလက်ပဲ။

သူမလက်က မီးလောင်ထားတာမဟုတ်ဘူးလား။ အိပ်လိုက်တာနဲ့ ဘယ်လိုလုပ် အရင်လိုပြန်ဖြစ်သွားတာလဲ။

သူမ ထလိုက်ရာ ခန္ဓာကိုယ်မှ ဒဏ်ရာများ သက်သာသွားသည်ကို တွေ့ လိုက်ရသည်။ ထိုအရာမှာ ထင်ယောင်ထင်မှားမဟုတ်သည်မှာ သေချာသည်။

"ငါတကယ်ပဲ ကောင်းသွားတာလား" သူမ စစ်ဆေးကြည့်ပြီး ပြန်ကောင်း လာသည်ကို အတည်ပြုလိုက်သည်။ သူမသည် အနည်းငယ်ထူးဆန်းသည်ဟု ခံစားရသည်။

အစတော့ သူမ၏ ထူးခြားသော ခန္ဓာကိုယ်ကြောင့် ဒဏ်ရာများသည် အလိုလိုပြန်ကောင်းလာသည်ဟု ထင်ထားသည်။ သို့သော် သူမသည် ဝိညာဉ် ခန္ဓာကိုယ်ဖြစ်နေရာ သူမ၏ ထူးခြားသာခန္ဓာကိုယ်မှာ သည်အထိပါမလာပေ။ ထပ်ပေါင်းပြောရလျှင် ပြီးခဲ့သည့်တစ်ခေါက် သူမ ဒဏ်ရာရစဉ်က ပြန်ကောင်း

ရန်အချိန်ကြာခဲ့သည်။ ဆိုလိုသည်မှာ သူမ၏ ခန္ဓာကိုယ်သည် ထူးခြားနေခြင်း မဟုတ်ပေ။

ဒါဆိုရင် ဘာအကြောင်းနဲ့လဲ။

"ခရမ်းလေး ဘာတွေဖြစ်သွားလဲ မင်းသိလား" သူမ မေးလိုက်သည်။

"ဘာကပြဿနာလဲ ပုတီးစေ့အမည်းထဲက တစ္ဆေကြောင့်ပဲ မဟုတ်ဘူး လား" ခရမ်းလေးသည် တစ်ယောက်တည်း ကစားနေရင်းနှင့် သာမာန်သာ ပြန်ဖြေ သည်။

"ပုတီးစေ့အမည်းလား" ရှီမာယူယူသည် တိတ်ဆိတ်နေသော ပုတီးစေ့ အမည်းကို ခံစားလိုက်သည် "အဲဒါက ကျင့်ကြံမှုမှာပဲ ကူညီပေးနိုင်တာမဟုတ် ဘူးလား ဒဏ်ရာကိုပါ ကုပေးတာလား"

"အဲလိုနေမှာပေါ့" ခရမ်းလေး ပြောလေသည်။

"ဂူလန်တောင်မှာ အဲဒါကို ဘယ်သူထားသွားလဲမသိဘူး" သူမသည် သံသယပိုရှိလာသည်။ ဒီလိုကောင်းတဲ့ပုတီးစေ့ကို ငှက်တုံးငှက်အဆီမှာ ထားခဲ့ပြီး သူမကို ဘာလို့နှစ်တွေအများကြီးစောင့်စေခဲ့တာလဲ။ သူမ ဒီမှာပေါ်လာမယ် ဆိုတာကို သိနေခဲ့တဲ့လူများဖြစ်နေမလား။

"အဲဒါကိုတော့ စိတ်မပူနဲ့ အချိန်တန်ရင် အမှန်တရားကိုသိရလိမ့်မယ် အဲအချိန်မတိုင်ခင်တော့ လျှောက်မှန်းနေလည်း အပိုပဲ" ခရမ်းလေးသည် ပွင့်လင်းသည်။

"အမှန်ပဲ" သူမသည် ထိုပြဿနာကို ဘေးချိတ်ထားရန် ဆုံးဖြတ်လိုက်သည်။ ပုတီးစေ့ကို ထိုနေရာတွင် မည်သူထားခဲ့သည်ဖြစ်စေ သူမ အကျိုးအမြတ်ရသည်။

သူမ တံခါးဖွင့်ပြီး ထွက်လာလိုက်သည်။ သူမသည် ဝင်လာတော့မည်ပြု နေသည့် ထင်စန်းနှင့်တွေ့လေသည်။ ရှီမာယူယူကိုမြင်သည်နှင့် ထင်စန်းသည် အမြန်ပင်ပြေးလာသည် "သခင်မလေး သခင်မလေးဒဏ်ရာက မသက်သာသေးဘူး ဘာလို့ထွက်လာတာလဲ"

"အာ... ငါ လှဲမနေချင်ဘူး" ရှီမာယူယူ ပြောလိုက်သည် "ငါ ဘယ်လောက်ကြာအောင် အိပ်သွားတာလဲ"

"တစ်ရက်နဲ့တစ်ညပါ"

သူမက တစ်ရက်တစ်ညတည်းနဲ့ လုံးဝသက်သာသွားတာလား။ သူမ ဒဏ်ရာ မည်မျှပြင်းထန်ကြောင်းကို သူမ ကိုယ်သူမသိသည်။ ဒီလောက်ခဏလေးနဲ့ ပြန်ကောင်းလာတာ ပုတီးစေ့အမည်းရဲ့ ဇာစ်မြစ်ကဘာလဲ။

"အဖေရော"

"သခင်က လူငယ်ဖလှယ်ပွဲသွားတက်ပါတယ်" ထင်စန်း ပြန်ဖြေလေသည် "သခင်က သခင်မလေးကိုလာကြည့်ပြီး သခင်မလေးနိုးလာရင် ကောင်းကောင်းအနားယူခိုင်းဖို့ ကျွန်မတို့ကိုမှာပြီးမှ ထွက်သွားတာပါ သခင့်ကို စိတ်မပူစေချင်ရင် ပြန်ပြီးအနားယူလိုက်ပါ သခင်မလေး"

"အိုး ငါ ဗိုက်ဆာတယ် စားဖိုဆောင်ကိုသွားပြီး စားဖို့တစ်ခုခုသွားယူချေ" ရှီမာယူယူသည် ပြောပြီးနောက် ပြန်ဝင်လိုက်သည်။

“ဟုတ်ကဲ့ပါ ဒီအစေခံက သခင်မလေးအတွက် နေ့လယ်စာချက်ပေးပါမယ်”

ရှီမာယူယူသည် သူမအခန်းသူမ ပြန်လာလိုက်သည်။ သူမသည် အပြင်မှလူများ တံခါးဖွင့်ပြီး ဝင်မလာစေရန် ဝိညာဉ်စွမ်းအင်စုစည်းပြီး အတားအဆီးတစ်ခု စီမံလိုက်သည်။

“ကံကောင်းလို့ ဝိညာဉ်အတားအဆီး လုပ်တဲ့နည်းက အတူတူပဲ” သူမသည် သူမ၏ ဖြစ်မြောက်မှုကို ကျေနပ်နေသည်။ သူမသည် ဝိညာဉ်စေတီအတွင်း ဝင်ခဲ့လိုက်သည်။

ဝိညာဉ်စေတီသည် အရင်ကထက် များစွာပြောင်းလဲသွားလေပြီ။ မီးခိုးရောင် ကောင်းကင်မရှိတော့ပေ။ အရင်ကကဲ့သို့ အပြာရောင်မိုးကောင်းကင်နှင့် အဖြူရောင်တိမ်တိုက်များရှိနေလေပြီ။

သို့သော် ပေါ်လာသောဧရိယာမှာ အလွန်သေးနေတုန်းပင်။ ဆေးခင်းတစ်ဝက်၊ နေထိုင်သည့်ဧရိယာတစ်ဝက်နှင့် ဝိုင်ခန်းများပေါ်လာသည်။

ဝိညာဉ်လေသည် မနိုးသေးပေ။ သို့သော် ဝိညာဉ်စေတီအတွင်းတွင် ဝိညာဉ်စွမ်းအင်များ စီးဆင်းနေသည်ကို ခံစားမိသည်။ ထိုဝိညာဉ်စွမ်းအင်များကို အိပ်ပျော်နေသော ဝိညာဉ်သားရဲများသည် ခန္ဓာကိုယ်ဒဏ်ရာကုသရန် စုပ်ယူကြသည်။

ကံမကောင်းစွာပင် အဖေ အန်းလေနှင့် တခြားသူများ ထွက်မလာနိုင်သေးပေ။ ကြည့်ရသည်မှာ သူမ အဆင့်တက်သည်အထိ စောင့်ရဦးမည့်ပုံပင်။

“အခုတော့ ဆေးခင်းကိုသုံးလို့မရသေးဘူး နောက်ကို ဆေးဖော်ဖို့ အဆင်မပြေနိုင်သေးဘူး” သူမသည် ဆေးခင်းကြီးကိုကြည့်ပြီး အလွန်ပင် နှမြောနေမိသည်။

သူမသည် အဂ္ဂိရတ်ခန်းနှင့် ခပ်ဝေးဝေးလမ်းပေါ်လျှောက်မိသည်။ ယခု ဝိညာဉ်ခန္ဓာကိုယ်မှာထူးခြားသဖြင့် လိုအပ်သည့် ဆေးပင်များမှာ နည်းပါးသည်။ ဆေးပင်အများစုမှာ တစ္ဆေလောကဆေးအတွက် အသုံးပြုမရပေ။ သို့သော် သာမာန်ဆေးပင်တချို့မှာ သုံး၍ရနေသေးသည်။ တစ္ဆေမျိုးနွယ်လိုအပ်သည့် ဆေးများကို ဖော်စပ်ရန်မှာ ပြဿနာမဟုတ်ပေ။

သူမသည် ဝိညာဉ်စေတီအတွင်းနေရင်းနှင့် အပြင်တွင် လှုပ်ရှားသံကြား လိုက်ရသည်။ သူမ အင်္ကျီလဲပြီး ထွက်လာခဲ့သည်။ သူမ ထင်စန်းအတွက် တံခါး ဖွင့်ပေးလိုက်သည်။

ထင်စန်းသည် ရှီမာယူယူ အင်္ကျီပြောင်းသွားသည်ကို မြင်သည်။ သို့သော် အခန်းထဲတွင်သာ လဲလိုက်သည်ဟု ထင်သွားကာ ဘာမှမပြောပေ။ သူမသည် စားပွဲပေါ်တွင် နေ့လယ်စာကိုတင်လို်သည်။

ရှီမာယူယူ ထိုင်လိုက်ပြီး မစားရသေးခင်မှာပင် အဝေးမှ ကုန်းဇီယွမ်၏ အသံကိုကြားလိုက်ရလေသည်။

## အခန်း (၁၀)

## အပိုင်း (၁၇၆၀) – ပထမဆုံးအကြိမ်ပေါ်လာခြင်း

"ရှီအာ... ရှီအာ... အာ.. မင်း နေ့လယ်စာစားနေတာလား" ကုန်းဇီယွမ်သည် အထဲသို့ပြေးလာရာ စားပွဲပေါ်မှ အစားအသောက်များကို သတိထားမိသွားသည်။ သူ မေးလိုက်သည် "ဒါ မင်းချက်ထားတာလား"

"မဟုတ်ဘူး" ရှီမာယူယူ သူ့ကိုကြည့်လိုက်သည် "ဒါက ငါ့ရဲ့ မိန်းကလေးအခန်းနော် လက်လွတ်စပယ်ဝင်မလာပါနဲ့"

"ဘာဖြစ်လို့လဲ ငါ အရင်က အမြဲတမ်း အဲလိုပဲကို" ကုန်းဇီယွမ်သည် အစက အစားအသောက်တချို့ကို စားချင်နေသည်။ သူမ ချက်ပြုတ်ထားခြင်း မဟုတ်သည်ကို ကြားလိုက်ရချိန်တွင် ချက်ချင်းပင် စားချင်စိတ်ပျောက်သွားတော့သည်။ သူ ခုံတစ်ခုံဆွဲပြီး ရှီမာယူယူနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်သည်။

ရှီမာယူယူသည် ဗိုက်ဆာနေသဖြင့် သူ့ကို စိတ်ထဲမထည့်တော့ပေ။ သူမသည် ဘာသိဘာသာပင် စားနေလိုက်သည်။

ကုန်းဇီယွမ်သည် မေးထောက်ကာ သူမကို ကြည့်နေသည်။ သူ၏အကြည့်ကို ရှီမာယူယူ ဆွံ့အမိသည်။ သူမသည် တူဖြင့် သူ့ကိုပုတ်လိုက်သည်။

ကုန်းဇီယွမ်သည် လန့်သွားကာ သူမ၏ တိုက်ကွက်ကို ရှောင်လိုက်သည်။

"ငါ့ကို အဲလိုမျိုး ထပ်ပြီးစိုက်ကြည့်နေမယ်ဆို ရှင့်မျက်လုံးကန်းအောင် ထိုးစိုက်ပစ်မယ်" ရှီမာယူယူ သူ့ကို စိုက်ကြည့်လိုက်သည်။

သူမသည် သူ့ကို အမှန်တကယ် မတိုက်ခိုက်လို၍ကြောင့်လည်း ပါသည်။ မဟုတ်လျှင် ထိုလူသည် လွတ်မြောက်နိုင်မည်မဟုတ်ပေ။

ကုန်းဇီယွမ်သည် ရှက်သွားကာ ကာကွယ်လေသည် "အမြဲတမ်း ဒီလိုပဲ မဟုတ်ဘူးလား"

"ဟင်း ပြောပါဦး ဒီနေ့က ဘာကိစ္စလဲ"

"ဒီနှစ်ရက်က လူငယ်ဖလှယ်ပွဲမဟုတ်ဘူးလား မနက်က မင်းလာတာ မတွေ့လို့ နေ့ခင်းကိုသွားချင်လားလို့ လာမေးတာ" ကုန်းဇီယွမ် ပြောလိုက်သည်။

"အဲဒီမှာ ကြည့်စရာရှိလို့လား" ရှီမာယူယူ ပြောလိုက်သည် "ဒီအတိုင်းပဲ လူငယ်တချို့ပြိုင်ကြတာပဲမလား စိတ်ဝင်စားစရာမရှိပါဘူး"

"ဒီတစ်ခါ မတူဘူး" ကုန်းဇီယွမ် ပြောလိုက်သည် "ဒီတစ်ခါ လျှောက်ထားတဲ့သူတွေ အကုန်လုံးက ပါရမီရှင်တွေပဲ မျှော်လင့်ထားစရာရှိတယ်"

"လျှောက်ထားတဲ့သူတွေဟုတ်လား ဒါကို မျိုးနွယ်တွေပေါင်းပြီး စီစဉ်တာ မဟုတ်ဘူးလား"

"အရင်ကတော့ ဟုတ်တယ် ဒီတစ်ခါကမတူဘူး တခြားနေရာကလာတဲ့ လူတွေလည်း ဝင်ပြိုင်လို့ရတယ်" ကုန်းဇီယွမ် ရှင်းပြလေသည် "မင်းသိတဲ့ အတိုင်းပဲ တိုက်ဖို့ခိုက်ဖို့လာတဲ့လူတွေက ရက်စက်ကြတယ် အဲဒါကြောင့် ပြိုင်ပွဲက ကြည့်ဖို့တန်တယ်"

"ဒီတစ်ခေါက်က ဘာလို့မတူတာလဲ" ရှီမာယူယူ မေးလိုက်သည်။

"မြို့ပြိုင်ပွဲလေ" ကုန်းဇီယွမ် ရှင်းပြသည် "မင်း မသိဘူးလား"

ရှီမာယူယူ ခေါင်းခါလိုက်သည်။ သူမသည် ထိုကိစ္စကို အရင်က အာရုံမစိုက်ဖူးပေ။ ထို့ကြောင့် သိမည်မဟုတ်ပေ။

"အိုး မင်း မေ့နေတာဖြစ်မယ်" ကုန်းဇီယွမ် ပြောလိုက်သည် "မင်းအဖေက မြို့စားလို့ ငါအရင်က မပြောခဲ့ဘူးလား"

"ဒီပြိုင်ပွဲကနယ်စားတွေကြားက ပြိုင်ပွဲလို့ပြောတာလား" ရှီမာယူယူ ခန့်မှန်းလိုက်သည်။

"ဟုတ်တယ်" ကုန်းဇီယွမ် ပြောလိုက်သည် "နယ်စားတွေ အကုန်လုံးက သူတို့တိုင်းပြည်လက်အောက်ကပဲ နယ်စားတွေကြားက အဆင့်က သူတို့တိုင်းပြည်မှာ ရာထူးပေါ်သက်ရောက်လိမ့်မယ် အဲဒါကြောင့် မြို့ပြိုင်ပွဲက အရမ်းအရေးကြီးတယ်"

"ဒါဆို ငါ့အဖေရဲ့ အားကဘယ်လိုလဲ သူက နယ်စားအိမ်တော်ကနေထွက်လာတာ ဒီလောက်ကြာနေပြီ အဲဒါက သူ့ကိုသက်ရောက်မှုဖြစ်နိုင်လား"

"မင်းရဲနယ်စားက တိုင်းပြည်ရဲ့အလယ်အလတ်လို့ ပြောလို့ရတယ် မြင့်လည်းမမြင့်သလို နိမ့်လည်းမနိမ့်ဘူး ဒါပေမဲ့ မင်းအမေရဲ့ နောက်ခံက အားကောင်းတယ် အဲဒါကြောင့် မင်းမှာ မင်းအဖေရဲ့နောက်ခံကောင်းကောင်း ရှိတယ် မင်းအမေက မင်းသားနဲ့ မောင်နှမလို့ပြောကြတယ်"

"မောင်နှမဟုတ်လား မင်းသားက အမေ့ရဲ့ ဝမ်းကွဲလား"

ထိုဦးလေးသည် မည်သို့လူစားမျိုးဖြစ်သည်ကို သူမ မသိပေ ။ သူမ အမေရဲ့ သတင်းကို သူ့ဆီကနေ ရနိုင်မလား။

သူမသည် ခေတ္တမျှပျော်သွားကာ ထိုအကြံများကို ဘေးချိတ်ထားလိုက်သည်။ ယခုအချိန်၌ သူမတွင် အင်အားမရှိပေ။ သူမ ပြဿနာကိုဘယ်လိုသွားရှင်းမှာလဲ။ တစ္ဆေလောကတွင် သူမအမေ၏ ရန်သူမှာမည်သူဖြစ်သည် မည်သူကိုယုံရမည်ကို သူမ မသိပေ။ ထို့ကြောင့် တစ္ဆေလောကမှ လူများနှင့် သွားမဆက်သွယ်ရဲပေ။

အင်း… အဖေပြန်လာရင်တော့ တိတ်တိတ်လေး မေးကြည့်ရမယ်။

ကုန်းဇီယွမ်သည် ငေးငိုင်နေသော ရှီမာယူယူကို ကြည့်နေသည်။ သူသည် လက်ဆန့်ထုတ်ကာ သူမ၏ ရှေ့၌ယမ်းပြလိုက်သည် “ဘာတွေစဉ်းစားနေတာလဲ မင်း ဒီနေ့လည်ကိုသွားချင်လား”

“ငါ…” ရှီမာယူယူသည် မသွားချင်ပါဟု ပြောချင်သည်။ သို့သော် မုရုန်ရှီကိုသတ်သွားသည့်လူများကို မျှားခေါ်ရန် မုရုန်ဟွေ့ကို မကူညီရသေးသည်ကို မှတ်မိသွားသည်။ ထို့ကြောင့် သူမ စိတ်ပြောင်းသွားကာ ခေါင်းညိတ်လိုက်သည် “ငါ စားပြီးတဲ့အထိစောင့်ပေး”

သခင်သည် သခင်မလေးကို အပြင်ထွက်ခွင့်မပေးဟု ထင်စန်း ပြောချင်နေသည်။ သို့သော် ထိုအချိန်က သူမဒဏ်ရာရစဉ်ကဖြစ်သည်။ ယခုမှာ သူမ၏ ဒဏ်ရာမှာ ကုသပြီးသဖြင့် သူမကို သတိပေးရန်မလိုတော့ပေ။

ရှီမာယူယူသည် နေ့လယ်စာကို များများစားစားမစားပေ။ ထိုစားဖိုမှူးသည် မုရုန်ရှီအတွက် အထူးတလည်ခေါ်ထားပေးသော်လည်း သူမ၏ အရည်အချင်းမှာ ပြောသလောက်မဟုတ်ပေ။

နေ့လယ်စာစားပြီးနောက် ကုန်းဇီယွမ်သည် မစောင့်နိုင်တော့ဘဲ သူမကို ထာဝရတောက်ပခြင်းမြို့တော်၏ အကြီးဆုံးကွင်းပြင်ဆီသို့ခေါ်သွားလေသည်။ ထိုနေရာတွင် အကြိတ်အနယ်ပြိုင်ရန် စင်မြင့်ကြီးတစ်ခုရှိပြီး ပတ်ပတ်လည်တွင် ကြည့်ရန် သောင်းချီသောထိုင်ခုံများရှိသည်။ ထိုနေရာသည် အဓိကပွဲများအတွက် အရေးကြီးသော နေရာဖြစ်သည်။

ပရိသတ်များထိုင်ရာ အလယ်တွင် စင်မြင့်တစ်ခုရှိသည်။ ရှီမာယူယူဝင်လာသည်နှင့် မုရုန်ဖေ့မှာ အလယ်တွင်ထိုင်နေသည်ကို သတိထားမိလိုက်၏။

အစက ကွင်းထဲမှ ပြိုင်ပွဲကိုကြည့်နေသော မုရုန်ဖေ့သည် ရုတ်တရက် ရှီမာယူယူ၏ ရောင်ဝါကို ခံစားမိလိုက်သည်။ သူ ကြည့်လိုက်ချိန်တွင် သူမနှင့် ကုန်းဇီယွမ်တို့ အတူဝင်လာသည်ကို တွေ့လိုက်သည်။ သူ၏ ခွင့်မပြုသော မျက်လုံးများကို မြင်သောအခါ သူမ ပြန်ပြုံးပြလိုက်သည်။

"ဦးလေးဖေ့က စိတ်တိုနေသလိုပဲ" ကုန်းဇီယွမ် မှတ်ချက်ပေးလေသည်။

"ငါ သူ့အတွက် ပြဿနာရှာလိုက်မှာကို ကြောက်နေတာဖြစ်မယ်" ရှီမာယူယူ ပြုံးလိုက်သည်။

"ရှီအာ ဒီကိုလာခဲ့" ရှောင်ရှော့ပိုင်သည် ရှီမာယူယူနှင့် ကုန်းဇီယွမ်ကို မြင်သောအခါ လက်ယက်ခေါ်လေသည်။

ရှီမာယူယူ လျှောက်သွားရာ ချောင်ချန်းအန်းပါ ထိုနေရာတွင်ရှိနေသည်ကို မြင်လိုက်ရသည်။ သူတို့နှင့် အမြဲတစေရှိတတ်သော မုခိုင်အန်းသည် တခြားသော လူငယ်များနှင့် အဝေးတစ်နေရာတွင်ရှိနေသည်။

"မင်း မလာတော့ဘူးလို့ ထင်နေတာ" ရှောင်ရှော့ပိုင်သည် သူမဘေးသို့ ဆွဲလိုက်သည် "ဒီမနက်က ဘာလို့မလာတာလဲ"

"ငါ အိပ်ပျော်သွားလို့" ရှီမာယူယူ ပြန်ဖြေလိုက်သည် "စိတ်ဝင်စားစရာ ကောင်းတဲ့ ပြိုင်ပွဲဝင်များရှိသလား"

"အများကြီးပဲ" ချောင်ချန်းအန်း ပြောလိုက်သည်။

"ဟုတ်လား ဘယ်မှာလဲ"

"သေချာတာပေါ့ ပထမဆုံးတစ်ယောက်က ငါပဲ" ချောင်ချန်းအန်းသည် ကိုယ့်ဘက်ကိုယ်ယက်ကာ ပြောလိုက်သည်။

"ကိုယ့်ဘယ်ကိုယ်ယက်တဲ့ လိပ်ကြီး" ကုန်းဇီယွမ်သည် သူ့ခေါင်းကို ရိုက်လိုက်သည်။

"အစ်ကိုကြီး မင်းရိုက်ရင် ငါတုံးသွားလိမ့်မယ်" ချောင်ချန်းအန်းသည် လက်ကာလေသည်။

ရှီမာယူယူ မျက်ခုံးပင့်မိသည်။ ချောင်ချန်းအန်းသည် သူ့ကို အစ်ကိုကြီးဟု ချောချောမွေ့မွေ့ပင် ခေါ်ထွက်သည်။ ကြည့်ရသည်မှာ သူမဘက်မှ ပြိုင်ပွဲကို နိုင်သွားပုံပင်။

"ချောင်ချန်းအန်းက ကိုယ့်ဘက်ကိုယ်ယက်ပေမဲ့ သူ့အားက ကောင်းတုန်း ပါပဲ ပြိုင်ပွဲမှာ အဆင့် ၁၀ အတွင်းဝင်မယ့်ပုံပဲ" ရှောင်ရှော့ပိုင် ပြောလိုက်သည်။

"အဆင့် ၁၀ အတွင်းဝင်ရင် မြို့ပြိုင်ပွဲကိုတက်ရမယ်" ရှီမာယူယူသည် ခေါင်းလှည့်လိုက်သည်။

"ဟုတ်တယ်" ရှောင်ရှော့ပိုင် ခေါင်းညိတ်လိုက်သည် "ရှောင်မျိုးနွယ်က ကလေးတွေကို ယုံကြည်ပေမဲ့ ငါ သူတို့ကိုပိုစိတ်ပူတယ်"

"မင်း ဝင်မပြိုင်ဘူးလား"

"ငါတို့က မြို့ပြိုင်ပွဲကို တိုက်ရိုက်ဝင်လို့ရတယ်"

ရှီမာယူယူ ပြုံးလိုက်သည်။ သူမသည် ကုန်းဇီမျိုးနွယ်နှင့် ရှောင်မျိုးနွယ်တို့၏ အင်အားကိုမသိသော်လည်း ဂူလန်တောင်တွင် ကုန်းဇီယွမ်နှင့် ရှောင်ရှော့ပိုင်တို့ပြသခဲ့သည့် စိတ်သဘောထားနှင့် အားတို့ကိုကြည့်ခြင်းအားဖြင့် သူတို့မျိုးနွယ်များသည် သန်မာလောက်သည်။

သူမ ခေါင်းပြန်လည့်မည်အပြုတွင် သူမအား လှမ်းမိုးနေသော လူသတ်နိုင်သည့်အကြည့်ကို ခံစားမိလိုက်သည်။ သူမ ကြည့်လိုက်သောအခါ နေရာတိုင်းတွင် လူအုပ်ကြီးကိုသာ တွေ့ရသည်။ သူမကို ကြည့်နေသူကို သူမ မသိနိုင်ပေ။

"ဘာလို့လဲ" ရှောင်ရှော့ပိုင်သည် သူမကို လှည့်ကြည့်လေသည်။

"တစ်ယောက်ယောက်က ငါ့ကိုကြည့်နေသလိုပဲ" ရှီမာယူယူသသည် သံသယဝင်စရာလူကိုရှာမတွေ့သဖြင့် ရှောင်ရှော့ပိုင်ကို ပြန်ကြည့်လိုက်သည်။

"မင်း အလိုက်ခံရပြီးတော့ လူရှေ့ကိုပေါ်လာတာ ပထမဆုံးအကြိမ်လေ အဲလိုအကြည့်ခံရတာ သဘာဝပဲ" ချောင်ချန်းအန်း ပြောလိုက်သည်။

"အဲလိုမဟုတ်ဘူး" ရှီမာယူယူ ပြောလိုုက်သည်။

“နောက်ကျရင် ငါ ကုန်းဇီယွမ်နဲ့အတူ လိုက်ပို့မယ်” ရှောင်ရှော့ပိုင်သည် သူမ၏ အဓိပ္ပာယ်ကိုနားလည်သဖြင့် အကြံပြုလိုက်သည်။

**အခန်း (၁၁)**

**အပိုင်း (၁၇၆၁) – တွင်းပေါက်ထဲမှမြွေကို မျှားခေါ်ခြင်း**

ရှီမာယူယူ ရယ်လိုက်သည်။ သူမသည် သဘောမတူသလို ငြင်းလည်း မငြင်းပေ။

“ပြိုင်ပွဲကြည့်ရအောင်” သူမသည် ကွင်းဘက်ဆီသို့ ကြည့်လိုက်သည်။ နောက်ပြိုင်ပွဲတစ်ခုမှ စနေပြီဖြစ်သည်။

“အင်း ကြည့်ရအောင်” ရှောင်ရှော့ပိုင် သဘောတူလိုက်သည် “ကုန်းဇီယွမ် မင်းပြန်ရင် သူတို့အားကို ပြန်ပြီးသုံးသပ်ပြလိုက်ဦး သူတို့ ကောင်းကောင်းမလုပ်ရင် အပြစ်ပေးခံရမယ်”

“ဒီကောင်က သတင်းနားထောင်ဖို့လာတာလား မင်းက သစ္စာဖောက်ပဲ” ချောင်ချန်းအန်းသည် ကုန်းဇီယွမ်ကို တအံ့တသြကြည့်လေသည်။

သူသည် မျိုးနွယ်ကြီးတစ်ခုမှဖြစ်သည်ကို သူသိသည်။ သို့သော် နယ်စား အိမ်တော်မှဖြစ်လိမ့်မည်ဟု ထင်မထားပေ။

“မင်းက သူ့ကိုအစ်ကိုကြီးလို့တောင်ခေါ်နေပြီ အခုထိ သူ့အကြောင်းမသိဘူးလား” ရှောင်ရှော့ပိုင် ပြောလိုက်သည်။ ထို့နောက် သူမ ရှီမာယူယူဘက်သို့ လှည့်လိုက်သည် “သူကလည်း အနီးအနားက နယ်စားအိမ်တော်ကပဲ”

"အဲလိုမပြောနဲ့ ငါက သစ္စာဖောက်မဟုတ်ဘူး မင်းတို့ နယ်စားရဲ့မြို့က သူတို့ဘာသာ ပြိုင်ကြတာ" ကုန်းဇီယွမ် ငြင်းဆန်လိုက်သည် "ပြီးတော့ အဲလူ တွေက ငါတို့ နယ်စားအိမ်ကလူတွေလောက် မသန်မာဘူး နောက်ဆုံး ပြိုင်ပွဲ ကျရင် အဲလူတွေ နိုင်မှာမဟုတ်ဘူး"

သူ့စကားများသည် ထိုလူများကို မထီလေးစားဖွယ်ဖြစ်နေသည်။

"မြို့ပြိုင်ပွဲပြီးရင် နယ်စားပြိုင်ပွဲရှိသေးတာလား" ရှီမာယူယူ မေးလိုက် သည်။

"ဟုတ်တယ် တိုင်းပြည်တွေအကြားမှာ နယ်စားပြိုင်ပွဲလည်းရှိတယ် တိုင်းပြည်အဆင့်မှာ နိုင်တဲ့လူက တစ္ဆေဘုရင်ရဲ့ ကိုယ်တိုင်ဖိတ်ကြားချက်ခံရပြီး တစ္ဆေမျိုးနွယ်ရဲ့ ကြွခိုင်တဲ့ လေ့ကျင့်ပေးမှုကိုရမယ်... သေချာတာတော့ နယ်စားအဆင့်ကနေ တက်သွားတဲ့လူက တိုင်းပြည်ရဲ့ သင်ကြားပေးမှုခံရမှာ မြို့အဆင့်ကနေတက်သွားတဲ့လူကတော့ နယ်စားဆီက သင်ကြားမှုခံရမှာပေါ့" ကုန်းဇီယွမ် ရှင်းပြလေသည်။

"တကယ်ကို လုပ်ငန်းစဉ်ရှည်လျားတဲ့ ပြိုင်ပွဲပဲ" ရှီမာယူယူ သက်ပြင်းချ လိုက်သည်။

"တကယ်တော့ ဟုတ်တယ် မြို့ပြိုင်ပွဲ နယ်စားပြိုင်ပွဲနဲ့ တိုင်းပြည်အဆင့် ပြိုင်ပွဲတွေက တစ်နှစ်စီခွဲပြိုင်တာ၊ ဒီနှစ်က မြို့ပြိုင်ပွဲ နောက်နှစ်က နယ်စား ပြိုင်ပွဲ ပြီးတော့ နောက်တစ်နှစ်ကျရင် တိုင်းပြည်ပြိုင်ပွဲပဲ" ရှောင်ရော့ပိုင် ဆက်ပြောလေသည် "အဲလိုမှ အဲလူတွေက ဒီအချိန်အတောအတွင်းကို ဒဏ်ရာ တွေကုနိုင်ပြီး အားလည်းတိုးအောင်လုပ်လို့ရမှာလေ"

နောက်ဆုံးတွင် ရှီမာယူယူ နားလည်သွားသည်။ အဲဒါကြောင့် အဲလူတွေက ဒီလောက်စိတ်အားထက်သန်နေကြတာကိုး။ လူသားလောကမှာဖြစ်ဖြစ် တစ္ဆေလောကမှာဖြစ်ဖြစ် ကျင့်စဉ်အရင်းအမြင်တွေက အဲလောက်တောင် မလုံလောက်နေတာပဲ။

"ဖူး…"

သေရေးရှင်ရေးနှင့် ပတ်သက်ပြီး မည်သည့်ကန့်သက်ချက်မှမရှိသဖြင့် စင်ပေါ်မှလူများသည် ပြိုင်ဘက်ကို သေလောက်အောင် ထိုးစိုက်ကြသည်။ မုမျိုးနွယ်မှာ အနိုင်ရသွားပြီး ရှုံးသွားသော ကျင့်ကြံသူမှာ သေသွားလေပြီ။

ရှီမာယူယူသည် မျက်လုံးပြူးဖြင့် စိတ်မပါဘဲသေဆုံးသွားသောလူကို ကြည့်လိုက်သည်။ သူမသည် စိတ်ထဲတွင် အနည်းငယ်ဝမ်းနည်းသွားသလိုပင်။

သူသည် ကောင်းမွန်သော အနာဂတ်ကိုရှာဖွေနေသူဖြစ်သည်။ သို့သော် လမ်းတစ်ဝက်မှာပင် အသက်ဆုံးရှုံးသွားရသည်။

မကြာမီတွင် လူရောက်လာပြီး အလောင်းကိုဆွဲခေါ်သွားသည်။ မုမျိုးနွယ်မှလူသည် လူအုပ်ကိုပျော်ရွှင်စွာ လက်ဝှေ့ယမ်းပြနေသည်။

"အားမရှိ နောက်ခံမရှိတဲ့လူက ဒီကမ္ဘာကြီးမှာ ဘာမှမဟုတ်ဘူးပဲ" သူမ ရေရွတ်လိုက်သည်။

"ဒီလောကကြီးက ဘယ်တော့မှမမျှတဘူး အခြေအနေသာ ပြောင်းပြန်ဖြစ်ပြီး မုမျိုးနွယ်ဝင်သာ သေသွားရင် ဒီရှုံးသွားတဲ့ကျင့်ကြံသူလည်း အသက်ရှင်နိုင်မှာမဟုတ်ဘူး၊ အဲလိုပဲ သူသာ မျိုးနွယ်ကြီးတစ်ခုက တပည့်သာဆိုရင် သူ့နောက်က အင်အားစုကြောင့် တခြားသူတွေက သူ့အသက်ကိုထိမှာမဟုတ်ဘူး

ဒီလူက သနားစရာကောင်းတယ်လို့ ပြောမယ်ဆိုရင်တော့ သူမွေးဖွားလာတာကိုက သနားစရာကောင်းတယ်လို့ပဲ ပြောရမှာပဲ” ရှောင်ရှော့ပိုင်သည် ခံစားချက်ပါပါ ပြောလိုက်သည်။

“မမှုတဘူး” ရှီမာယူယူ မျက်လုံးကို ကျဉ်းမြောင်းလိုက်သည် “ငါ မကြည့်ချင်တော့ဘူး မင်း ဆက်ကြည့်ချင်လား”

“အခုလေးတင်ရောက်တာကို ပြန်တော့မလို့လား” ရှောင်ရှော့ပိုင် မေးလိုက်သည်။

“ငါစိတ်မဝင်စားတော့ဘူး” သူမ မတ်တတ်ရပ်လိုက်သည် “မင်းတို့ ဆက်ကြည့်လေ”

သူမ ဤနေရာသို့ ရောက်လာခြင်းရည်ရွယ်ချက်မှာ နောက်ကွယ်မှ လူများကို မျှားခေါ်ရန်ဖြစ်သည်။ ယခု သူမ၏ ရည်ရွယ်ချက် ပြည့်တော့မည်ဖြစ်သည်။ တစ်ဖက်လူသည် သူမ အသက်ရှင်နေသေးသည်ကို သိသွားလေပြီ။ သူတို့သည် သေချာပေါက် လူလုံးထွက်လာမည်ဖြစ်သည်။ ထို့ကြောင့် သူမ ဤနေရာတွင် ဆက်နေရန်မလိုတော့ပေ။

“ငါ မင်းနဲ့လိုက်မယ်” ရှောင်ရှော့ပိုင်သည် လိုက်ထသည် “အခု မင်းကို စောင့်ကြည့်နေတဲ့လူရှိရင် တစ်ယောက်တည်း ပြန်ဖို့အန္တရာယ်များတယ်”

ကုန်းဇီယွမ်လည်း မတ်တတ်ရပ်သည်။ အဓိပ္ပာယ်မှာ သိသာသည်။ သူသည်လည်း သူတို့နှင့် လိုက်ချင်သည်။

ချောင်ချန်းအန်းသည် သူတို့သုံးယောက်ကိုကြည့်ပြီး လိုက်သင့်သလားဆိုသည်ကို တွေးနေသည်။

“မင်း ဒီမှာနေပြီး ကြည့်လို့ရပါတယ် အဲဒါမှ ဒီနေ့ရလဒ်ကို ငါတို့ကို ပြန်ပြောလို့ရမှာ” ကုန်းဇီယွမ်သည် ချောင်ချန်းအန်းကို လိုက်မလာစေချင်ပေ။

သူသည် ရှီမာယူယူ၏ လျှို့ဝှက်ချက်ကို တခြားသူနှင့် မဝေမျှလိုပေ။

အစတုန်းက သူ ဘာလို့ရှောင်ရှော့ပိုင်ကို ပြောမိတာလဲ။ သူ့ ဦးနှောက်က အလုပ်မလုပ်တော့သလိုပဲ။

ရှီမာယူယူသည် သူတို့နှစ်ယောက်ကို ဦးဆောင်ကာ ကွင်းထဲမှထွက်လာလိုက်သည်။ သူတို့ ထွက်သွားပြီးမကြာခင်တွင် တချို့လူများမှာ တိတ်တဆိတ် ထွက်သွားလေသည်။

သိပ်မကြာခင်တွင် သာမာန်အခန်းတစ်ခန်းတွင် အသံများထွက်လာသည် “သူမက မသေဘူးလား”

“ဟုတ်ပါတယ် အစ်ကိုကြီး”

“ငါတို့လွှတ်လိုက်တဲ့လူတွေက သူမကို ဒဏ်ရာရအောင်လုပ်ပြီး ကမ်းပါးကနေ ကျအောင်လုပ်လိုက်တာ ဝိညာဉ်စွမ်းအင် အကာအကွယ်မရှိဘဲ ဘယ်လိုလုပ် အသက်ရှင်နေတာလဲ ဒီသတင်းက သေချာရဲ့လား”

“သူတို့ သတ်လိုက်ပြီလို့ ကျွန်တော်တို့လူက အဲဒီသတင်းပို့တာပဲ ဒါပေမဲ့ ဒီနေ့ ကျွန်တော်မြင်လိုက်တာကလည်း အမှန်ပဲ မုရုန်ရှီအသက်ရှင်နေသေးတယ်”

“အစ်ကိုကြီး အထက်က မုရုန်ရှီကို သတ်ရမယ်လို့ အမိန့်ချထားတယ် ကျွန်တော်တို့လည်း သေပြီလို့ သတင်းပို့ပြီးနေပြီ အခု သူမ မသေဘူးဆိုတာ

သူတို့သိရင် ကျွန်တော်တို့ သတင်းပို့တာ လိမ်သလိုဖြစ်နေမယ်” နောက်တစ်ယောက် ပြောလေသည်။

“သူမ စိတ်နဲ့ဆိုရင် ငါတို့ ပြေးမလွတ်မှာစိုးရတယ်” နောက်ကွယ်မှလူကို ကြောက်နေသည့်အလား အစ်ကိုကြီးဆိုသူ၏ အသံသည် တုန်ယင်နေသည်။

“အစ်ကိုကြီး ကျွန်တော်တို့လုပ်နိုင်တာက မုရုန်ရှီကိုသတ်ဖို့ပဲ အထက်က လူသိရင် ကျွန်တော်တို့ အမှားလုပ်မိတာ သိသွားလိမ့်မယ် အဲလိုဆိုရင် ကျွန်တော်တို့ အသက်ကိုချမ်းသာပေးပါ့မလား”

အစ်ကိုကြီးဆိုသူသည် ခေတ္တမျှစဉ်းစားလိုက်သည် “ငါတို့အခုချိန်လုပ်နိုင်တာ ဒါပဲရှိတယ် တခြားနေရာက ငါတို့ညီအစ်ကိုတွေကို ခေါ်လိုက် လှုပ်ရှားဖို့ အခွင့်အရေးရှာရမယ်”

“အစ်ကိုကြီး ကျွန်တော်တို့ လှဒပ်ရှားမဘာဆိုရင် လူငယ်ဖလှယ်ပွဲမှာ လုပ်တာအကောင်းဆုံးပဲ ဒီအချိန်ဆို မုရုန်ဟွေ့က အလုပ်များနေတာ”

“သွား သတင်းအရင်စုံစမ်းလိုက်”

“ဟုတ်ကဲ့ပါ အစ်ကိုကြီး”

ကုန်းဇီယွမ်နှင့် ရှောင်ရှော့ပိုင်တို့ သူမကို မြို့ဝန်အိမ်တော်သို့ ပို့ပေးပြီးနောက် သူမသည် လမ်းအဆုံး အဝေးတစ်နေရာတွင် ရှိနေသော ပုံရိပ်ကိုကြည့်လိုက်သည် “အခုပြန်သွားလည်း ပြိုင်ပွဲအများကြီး ကြည့်နိုင်မှာမဟုတ်ဘူး လက်ဖက်ရည်သောက်သွားကြမလား”

“ဟုတ်ပြီလေ” ကုန်းဇီယွမ်နှင့် ရှောင်ရှော့ပိုင်တို့သည် သူမနှင့်အတူ နေပေးရမည်ဟု ခံစားရသည်။

“ဒါဆိုလည်း ဝင်ခဲ့လေ”

ကုန်းဇီယွမ်နှင့် ရှောင်ရှော့ပိုင်တို့သည် ရှီမာယူယူ၏ ခြံဝန်းဆီသို့ လိုက်လာကြသည်။ ရှီမာယူယူသည် သူတို့ကို ကန်ဘေးမှအဆောင်ဆီသို့ ဦးဆောင်သွားလိုက်သည်။

တဈွေလောကမှ ပစ္စည်းအများစုမှာ မီးခိုးရောင် သို့မဟုတ် မည်းနက်နေသော်လည်း ကောင်းမွန်စွာခြယ်သထားသော ဥယျာဉ်မှာ လှပတုန်းပင်ဖြစ်သည်။ အထူးသဖြင့် ကန်ဘေးတွင် ဆောက်ထားသော အဆောင်ပင်ဖြစ်သည်။ ကျောက်ဆောင်များလည်း မြင့်သည်။ ကန်ဘေးတွင် လက်ဖက်ရည်သောက်ရသည်မှာ ကြည်နူးစရာပင်ဖြစ်သည်။

ရှီမာယူယူ လက်ဖက်ရည်နှပ်သည့် ကိရိယာများထုတ်လိုက်သည်ကို မြင်သောအခါ ကုန်းဇီယွမ်နှင့် ရှောင်ရှော့ပိုင်တို့ အနည်းငယ် အံ့သြသွားသည်။

ရှောင်ရှော့ပိုင် ရယ်မောလိုက်သည် “မင်း တကယ်ပဲ ငါ့တို့အတွက် လက်ဖက်ရည်နှပ်ပေးမလို့လား”

“ဒါက ငါ့အဖေဆီက ရထားတဲ့လက်ဖက်ရည်ပဲ နဂါးစမ်းရေလက်ဖက်ရည်လောက် မကောင်းပေမဲ့ တဈွေလောကမှာတော့ အကောင်းဆုံးလက်ဖက်ရည်လို့ ပြောလို့ရတယ်” ရှီမာယူယူ ပြောလိုက်သည် “ငါ့လက်ဖက်ရည်ကို သောက်ကြည့်မလား”

“အရင်က မုရုန်ရှီသာဆိုရင် ငါတို့ငြင်းမိမှာပဲ ဒါပေမဲ့ မင်းဆိုတော့ စမ်းကြည့်တာပေါ့” ရှောင်ရှော့ပိုင်သည် သူမဆီသို့လာပြီး ထိုင်လိုက်သည်။ ကုန်းဇီယွမ်သည် တစ်ဖက်တွင် ဝင်ထိုင်သည်။

ရှီမာယူယူသည် အမြန်ပင် လက်ဖက်ရည်ဖျော်ပြီး တစ်ယောက်ကို တစ်ပန်းကန်စီချပေးလိုက်သည်။

"သောက်ကြည့်လိုက်"

ကုန်းဇီယွမ်နှင့်ရှောင်ရော့ပိုင်တို့ ထိပြီး တစ်ကျိုက်သောက်ကြည့်သည်။ နှစ်ယောက်လုံး မျက်မှောင်ကြုတ်မိသည်။

**အခန်း (၁၂)**

**အပိုင်း (၁၇၆၂) – မိုယွီနှင့်ဒိကျဲ့**

ရှီမာယူယူသည် သူတို့၏ ထူးဆန်းသောမျက်နှာထားများကို ကြည့်ပြီး မေးလိုက်သည် "အရသာဆိုးလို့လား"

သူမ ပြောပြီးသည်နှင့် လက်ဖက်ရည်တစ်ကျိုက်သောက်လိုက်သည်။

"ရှီအာ မင်းရဲ့ လက်ဖက်ရည် အရည်အသွေးက..." ရှောင်ရော့ပိုင်သည် ပြောမည်လုပ်လိုက်သော်လည်း ဆက်မပြောနိုင်ပေ။

"ဘာဖြစ်လို့လဲ သောက်လို့မကောင်းဘူးလား" ရှီမာယူယူ မေးလိုက်သည်။

"မဟုတ်ဘူး ငါတို့ ပြောတာက ဒီပညာကို တခြားသူတွေရှေ့ မပြတာ ကောင်းမယ်" ကုန်းဇီယွမ် ပြောလိုက်သည်။

"ဘာလို့လဲ" ရှီမာယူယူ နားမလည်နိုင်ဖြစ်နေသည်။

"တစ္ဆေလောကမှာ လက်ဖက်ရည်ကိုအရမ်း ကြိုက်တဲ့လူတစ်ယောက်ရှိတယ် သူသာသိရင် မင်းကိုချုပ်ထားပြီး မင်းရဲ့လက်ဖက်ရည်ဖျော်နည်းပညာကို သင်ခိုင်းမှာ အသေအချာပဲ..." ကုန်းဇီယွမ် ပြန်ဖြေလေသည် "အဲလူက အရမ်းအားကောင်းပြီး နောက်ခံလည်းတောင့်တယ်... သူသာ မင်းကို ချုပ်ထားလိုက်ရင် မင်းအဖေက မင်းသားကို သွားအကူအညီတောင်းရင်တောင် မဖြစ်နိုင်ဘူး"

"မင်းပြောတာ မိုယွီလား" ရှီမာယူယူ မေးလိုက်သည်။

"မင်း သူ့ကိုသိတာလား" ရှောင်ရော့ပိုင်နှင့် ကုန်းဇီယွမ်တို့မှာ အံ့သြသွားသည်။

"ငါ သူ့ကိုသိတယ်" ရှီမာယူယူ ပြန်ဖြေလိုက်သည် "ငါတို့ အရင်က လက်ဖက်ရည်နှပ်နည်းကို ဆွေးနွေးဖူးတယ်"

"ဘာ သူနဲ့ လက်ဖက်ရည်နှပ်နည်းကို ဆွေးနွေးဖူးတယ်ဟုတ်လား" ကုန်းဇီယွမ် ရှင်းပြသည် "သူ မင်းကို မဖမ်းဘူးလား"

"သူက ကိုင်တွယ်ဖို့ အရမ်းလွယ်ပါတယ်" ရှီမာယူယူ ပြန်ချေပလိုက်သည် "သူ့ကို ဘာလို့အဲလောက် ကြောက်နေတာလဲ"

မိုယွီသည် တစ်ခဏမျှတော့ သူမကို သတ်ရန်ရည်ရွယ်ခဲ့သော်လည်း သူမသည် လက်ဖက်ရည်နှပ်နည်းသိသည်နှင့် သင်ပေးရန် ပြေးလာခဲ့သည်။ တစ်ချိန်တည်းမှာပင် သူသည် သူမကို သိုင်းပညာများသင်ပေးခဲ့သည်။ ထို့ကြောင့် မိုယွီသည် ကိုင်တွယ်ရန် မခက်ခဲလှဟု သူမ ထင်မိသည်။

"ဖြစ်နိုင်တာက မင်း လက်ဖက်ရည်နှပ်နည်းသိလို့နေမှာ အဲဒါကြောင့် သူ့ကို ကိုင်တွယ်ဖို့ လွယ်တယ်လို့ထင်နေတာ" ရှောင်ရော့ပိုင် ခန့်မှန်းသည်။

"အဲဒါကြောင့်ပဲဖြစ်မယ်" ကုန်းဇီယွမ် သဘောတူသည်။

"မိုယွိက ကြောက်ဖို့ကောင်းလား" ရှီမာယူယူ မေးလိုက်သည်။

"အင်းလေ သူ မျက်တောင်မခတ်ဘဲ လူဘယ်လောက် သတ်လဲ မင်းမသိလို့... သူက သူ့မျက်စိဆံပင်မွေးဆူးတာနဲ့ သတ်ပစ်တာပဲ... သူ့မှာ ညစ်ပတ်တာကိုကြောက်တဲ့ရောဂါရှိတယ် သူ့နားကို ကပ်လာတဲ့လူမှန်သမျှ ချက်ချင်းအသတ်ခံရတာပဲ... ပြီးတော့ သူက သုန်မှုန်နေတာပဲ အခု မင်းနဲ့ ရယ်မောပြီး စကားပြောနေရင်းကလည်း ခဏနေရင် အစိတ်စိတ်ဖြစ်အောင် တုံးရင်တုံးလိုက်တာပဲ" ကုန်းဇီယွမ် ပြန်ဖြေလေသည်။

"တစ်ယောက်ကမိုယွိ နောက်တစ်ယောက်က ဒိကျဲပဲ... အဲနှစ်ယောက်က တစ္ဆေလောကရဲ့ လူသတ်နတ်ဘုရားတွေပဲ... နောင်တစ်ချိန် အဲနှစ်ယောက်နဲ့ တွေ့ရင် ဝေးဝေးသာနေ" ရှောင်ရှော့ပိုင် ဆက်ပြောလေသည် "ဒိကျဲ့က မင်းရဲ့ ဝမ်းကွဲလို့ပြောလို့ရပေမဲ့ သူက ဆက်ဆံရတာ အရမ်းခက်တယ် အမှောင်မင်းသမီးကလွဲပြီး သူက အကုန်လုံးကို..."

ရှီမာယူယူ ဆွံ့အသွားသည်။ သူမသည် မိုယွိနှင့် ဒိကျဲ့တို့ကို လူကောင်းများဟု ထင်ထားသည်။ အဲနှစ်ယောက်က ဘာလို့ အဲလောက်ကြောက်နေကြတာလဲ။

"မင်း မှားများနေသလား" သူမသည် မသေချာစွာပြောလိုက်သည် "ငါ အရင်က ဒိကျဲ့ကိုတွေ့ဖူးတယ် သူက ကောင်းပါတယ်"

သူမ ထိုသို့ပြောလိုက်သည်နှင့် ကုန်းဇီယွမ်နှင့် ရှောင်ရှော့ပိုင်တို့သည် သူမကို ကြောက်လန့်တကြားကြည့်လေသည်။

"သူတို့နှစ်ယောက်လုံးက ကောင်းတယ်လို့ မင်းပြောလိုက်တာလား သူတို့က လူသတ်နတ်ဘုရားလေ ဟုတ်ပြီလား တစ္ဆေလောကက လူတွေ အကုန်လုံးက သူတို့ကိုကြောက်တယ်ဆိုတာ မင်းသိရဲ့လား" ကုန်းဇီယွမ်သည် မျက်လုံးပြူးလာသည်။ သူ စဉ်းစားမိသည်နှင့် မျက်နှာမှာ ဖြူဖျော့လာသည်။

"သူတို့က အဲလောက် ကြောက်ဖို့ကောင်းလား" ရှီမာယူယူ မေးလိုက်သည်။

"ဒါပေါ့ ငါကိုယ်တိုင် မြင်လိုက်ရတာ... မိုယွိနဲ့ နီးစပ်ချင်တဲ့ မိန်းကလေး တစ်ယောက်ရှိတယ်... ဒါပေမဲ့ သူနဲ့ ၁၀ မီတာလောက်အကွာမှာနေလိုက်မိလို့ သူမကို သူသတ်လိုက်တာ... အဲဒီမိန်းကလေးက မင်းသားရဲ့ သမီးတော်ပဲ ဒါပေမဲ့ မင်းသားက လေတောင်မလည်ရဲဘူး... အဲအစား မိုယွိကိုတောင် ခွင့်လွှတ်ဖို့ တောင်းပန်ရသေးတယ်" ကုန်းဇီယွမ ပြောပြသည်။

"ဒီကျဲ့လူသတ်တာကို ငါ အရင်ကမြင်ဖူးတယ် ဒါပေမဲ့ အဝေးကနေပဲ သူက လူတွေကိုဦးဆောင်သွားပြီး မျိုးနွယ်တစ်ခုကို သွားဖျက်ဆီးတာ အကြောင်းအရင်းကတော့ အဲဒီမျိုးနွယ်ကလူက အမှောင်မင်းသမီးအကြောင်း ကို မကောင်းပြောလို့တဲ့" ရှောင်ရှော့ပိုင် ထပ်ပြောလိုက်သည်။

"...." ရှီမာယူယူ ဆွံ့အသွားသည်။ တစ္ဆေလောကအတွင်း ထိုနှစ်ယောက်၏ ဂုဏ်သတင်းမှာ... ထိုမျှကောင်းလိမ့်မည်ဟု... သူမ ထင်မထားပေ။

"မင်း ဘယ်လိုလူမျိုးလဲဆိုတာနဲ့ ဒီလောက်ကြာအောင် မသိခဲ့ရင် မင်းက သူတို့လိုပဲ သွေးဆာပြီး သွေးအေးတဲ့လူမျိုးလို့ ငါထင်လိုက်မှာပဲ" ကုန်းဇီယွမ် ပြောလိုက်သည် "ပြီးတော့ လူတွေက တူရာတူရာပေါင်းတာလေ"

အဲဒီတော မိုယ္ဂိနဲ့ ဒိကျဲ့တို့က ကောင်းတယ်လို့ ထင်တဲ့လူတွေက လူကောင်းမဟုတ်ဘူးလား။

သူမ ရယ်လိုက်သည် "မင်းတို့ကို လက်ဖက်ရည်သောက်ဖိတ်ပြီး သူတို့ရဲ့ ကြည့်ရဆိုးတဲ့ မြင်ကွင်းတွေကို ပြန်အမှတ်ရအောင် လုပ်မိတာ ငါ မထောက် ထားသလိုဖြစ်သွားတယ်"

"မင်းအမှားမဟုတ်ပါဘူး ပြဿနာက မိုယ္ဂိနဲ့ ဒိကျဲ့တို့က မင်းရဲ့နယ်ကို ရောက်လာတယ်လို့ ကြားထားတယ်... ဒီမနက်ပဲ အဲသတင်းကြားခဲ့တာ အဲဒါကြောင့် ငါ လက်ဖက်ရည်ကောင်းကောင်းလေး သောက်လိုက်ရတော့ ပြန်တွေးမိသွားတာ" ကုန်းဇီယွမ် ပြောလိုက်သည်။

"သူတို့ရောက်နေတာလား"

"ဟုတ်တယ်လေ သူတို့က မတည့်ကြဘူးလို့လည်း ကြားတယ် တစ်လမ်း လုံးတိုက်ခိုက်လာတာတဲ့ ကိုယ်ရံတော်တွေ အများကြီးသေသွားကြတယ်" ကုန်းဇီယွမ် ပြန်ဖြေလိုက်သည်။

"မှားတယ် အဲလိုမပြောသင့်ဘူး ဒိကျဲ့က မိုယ္ဂိကို အကြိမ်ပေါင်းများစွာ ရိုက်ခဲ့တယ်လို့ ပြောရမှာ မိုယ္ဂိက သူ့ကိုယ်ရံတော်ကို ဒိကျဲ့နဲ့ အကြိမ်တိုင်း ကစားခွင့်ပေးထားတာ" ရှောင်ရှော့ပိုင်သည် မိုယ္ဂိအတွက် နာမည်ရှင်းပေးလေ သည် "မိုယ္ဂိရဲ့အားနဲ့ဆိုရင် ဒိကျဲ့နဲ့ တိုက်ခိုက်စရာတောင်မလိုဘူး သူ့အတွက် အောက်ကျလွန်းတယ်"

ရှီမာယူယူသည် ရှောင်ရှော့ပိုင်ကို ကြည့်လိုက်သသည် "မင်းစကားတွေ က ပျော်နေသလိုပဲလို့ ဘာလို့ခံစားမိတာလဲ"

“ဘယ်တုန်းက ပျော်လို့လဲ” ရှောင်ရှော့ပိုင်သည် ငြင်းဆန်လေသည်။

“သူ့လိုလူက… ကြည့်ကောင်းတယ်၊ သွေးအေးတယ် အင်အားနဲ့ နောက်ခံရှိတယ် တကယ်ပဲ မိန်းကလေးတွေရဲ့ရင်ထဲက နတ်ဘုရားပဲ” ရှီမာယူယူ စနောက်လိုက်သည်။

သူတို့သည် နတ်ဘုရားဆိုသည့်စကားကို ပထမဆုံးအကြိမ်ကြားဖူးသော်လည်း ရှောင်ရှော့ပိုင်နှင့် ကုန်းဇီယွမ်တို့သည် ဆိုလိုရင်းကိုနားလည်ကြသည်။

“သူတို့က ဒီနယ်ထဲရောက်နေတယ်ဆိုတာ သိမှတော့ ဘယ်နေရာမှာလဲ ဆိုတာကိုရော သိမှာပေါ့” ရှီမာယူယူ မေးလိုက်သည်။

“မသိဘူး မိုယွိနေရာတော့ မသေချာဘူး ဒိကျဲ့က သူ့ကိုတစ်ချိန်လုံး နှောင့်ယှက်နေတာဆိုတော့ ဒိကျဲ့ရှိတဲ့နေရာမှာပဲ ရှိလောက်တယ်”

ရှီမာယူယူသည် စားပွဲကို လက်သုံးချောင်းဖြင့် ခေါက်နေသည်။ ရှောင်ရှော့ပိုင်နှင့် ကုန်းဇီယွမ်တို့သည် သူမ၏ အတွေးကိုမသိတော့ပေ။ သူတို့ လက်ဖက်ရည်သောက်ပြီးသည်ကိုမြင်သည်နှင့် သူမ အတွေးကိုရပ်ပြီး သူတို့ နှစ်ယောက်အတွက် လက်ဖက်ရည်ငှဲ့ပေးလိုက်သည်။

“ရှီအာ သူတို့ကိုသွားတွေ့မလို့ စဉ်းစားနေတာလား” ကုန်းဇီယွမ် မေးလိုက်သည်။

ရှီမာယူယူသည် မျက်ခုံးများပင့်ပြီး ပြုံးလိုက်သည် “မဟုတ်ဘူး ငါ သူတို့ကိုမတွေ့ချင်ပါဘူး ဒါပေမဲ့ မတွေ့အောင် ဘယ်လိုလုပ်ရမလဲ”

“ကောင်းတယ်” ကုန်းဇီယွမ်နှင့် ရှောင်ရှော့ပိုင်တို့ စိတ်အေးသွားသည်။

သူမ မိုယွိနှင့် ဒိကျဲ့တို့ကို ပြောလိုက်ချိန်တွင် သူတို့ကိုသွားတွေ့တော့မည့်ပုံစံဖြစ်နေသည်ဟု ဘာကြောင့်ခံစားမိလည်းမသိပေ။

“သူတို့လိုလူတွေက ဘယ်သွားသွား လူအာရုံစိုက်ခံရတယ် အဲအချိန်ကျရင် မင်းပုန်းနေဖို့တော့လိုတယ်”

“အင်း သိပြီ” ရှီမာယူယူ ခေါင်းညိတ်ပြီး ပြန်ဖြေလိုက်သည်။

သူမ ပြောလိုက်သည်မှာ မိုယွိနှင့် ဒိကျဲ့တို့ ဤနေရာသို့ ရောက်လာသည်ဟု ပြောလိုက်ချိန်တွင် သူတို့နှင့်တွေ့တော့မည်ဟု ဆဋ္ဌမအာရုံရနေသည်ဟု သူတို့ကိုမပြောလိုက်ပေ။

သို့သော် ယခုအချိန်မှာ တွေ့ရန်အချိန်မကောင်းသေးပေ။ ထိုလူနှစ်ယောက်ကို ရှောင်ရန်မှာ အလွန်ပင်ခက်ခဲသည်။

ဟူး… ခေါင်းကိုက်လိုက်တာ…

ထာရဝတောက်ပခြင်းမြို့တော်၏ မလှမ်းမကမ်းရှိ နယ်စားအိမ်တော်တွင် ဒိကျဲ့သည် အိမ်တော်တံခါးကိုခေါက်ပြီး ဒေါသတကြီး လျှောက်လာသည်။

သူ့နောက်မှလိုက်လာသော အစောင့်သည် သခင်ဖြစ်သူ၏ အသတ်ခံရမည်ကို ကြောက်ရွံ့နေသည်။

မိုယွိသည် ခြံဝန်းထဲတွင် လက်ဖက်ရည်သောက်နေသည်။ ဒိကျဲ့ဝင်လာသည်ကို ကြည့်ပြီး သူ့မျက်လုံးထဲတွင် စိတ်မရှည်မှုများနှင့် မတတ်သာမှုများဖြစ်ပေါ်သွားသည်။

ဒီကောင်က ထွက်သွားပြီမဟုတ်ဘူးလား။ ဘယ်အချိန်ထိ နေနေဦးမှာလဲ။

"မင်း နောက်တံခါးတစ်ချပ်ကို ဖျက်လိုက်ပြန်ပြီလား အဲဒီတံခါးက မုရုန်ဟွေ့ပိုင်တာနော် သူပြန်လာရင် ရှင်းပြရမယ်" သူသည် ဖြည်းညင်းစွာ ပြောလိုက်သည် "အမိန့်ကိုမှတ်ထားလိုက် တံခါးလဲမပေးနဲ့ ဒီအတိုင်း ဟာလာဟင်းလင်းထားလိုက်"

"ဟုတ်ကဲ့ပါ သခင်" အစောင့်သည် စိတ်သက်သာရာရစွာဖြင့် သက်ပြင်းချကာ ပြန်ဆုတ်သွားသည်။

"ဘာမှမပြောနဲ့" ဒိကျဲ့သည် သူ့ကိုစိုက်ကြည့်လိုက်သည် "မင်း မုရုန်ရှီကို သတ်ဖို့ လူလွှတ်လိုက်တာလား"

**အခန်း (၁၃)**

**အပိုင်း (၁၇၆၃) – ငါကိုယ်တိုင်သွားမယ်**

"ဟုတ်တယ်လေ" မိုယွိဝန်ခံသည်။ သူသည် မုရုန်ရှီကို သတ်ရန် လူလွှတ်ခဲ့သည်။

"မိုယွိ မင်းရဲ့လက်အောက်ကလူကို ငါပြောပြီးသွားပြီ မုရုန်ရှီကို သတ်ဖို့ မင်းမှာ ဘာလို့လူအင်အားရှိနေသေးတာလဲ" ဒိကျဲ့ အော်လိုက်သည် "သူမက ဒီအတိုင်း မိန်းမငယ်လေးတစ်ယောက်ပါ သူမကို ဘာလို့အဲလောက် ရက်စက်ရတာလဲ"

"ငါကလည်း သတ်ချင်လို့ သတ်တာမဟုတ်ဘူး... လက်ဖက်ရည်သောက်ဦးမလား" မိုယွိသည် ဒိကျဲ့အတွက် လက်ဖက်ရည်ကောင်း တစ်ခွက် ထည့်ပြေးကာ သူ့ရှေ့သို့ တွန်းပို့လိုက်သည်။

ဒိကျဲ့သည် လက်ဖက်ရည်ကိုကြည့်ကာ ယူပြီး တစ်ကျိုက်သောက်လိုက်သည် "ငါတို့ မုရုန်ရှီကို မထိပါဘူးလို့ ပြောထားတယ်မဟုတ်ဘူးလား"

"ဟုတ်တယ်လေ အဲဒါငါ့လူမဟုတ်ဘူး တစ္ဆေကြင်ယာတော်ရဲ့ လူက လုပ်သွားတာပဲ" မိုယွိသည် တိုးညင်းစွာပင် ပြောလေသည်။

"မင်း..." ဒိကျဲ့သည် ဒေါသထွက်လာသည်။

"ငါတို့သဘောတူချက်က မင်းနဲ့ ငါ့လူတွေ ဘာမှမလုပ်ဖို့ပဲ ငါ ကတိမဖျက်ဘူး" မိုယွိ ပြောလိုက်သည်။ "စစ်သူကြီးဒိ မင်းက လူတွေဒီလောက်အများကြီးသတ်လာတာ အဲဒီမိန်းကလေးကို ဘာလို့အဲလောက် ဂရုစိုက်နေတာလဲ သူမက ယွိခဲ့လေ့နဲ့တူလို့လား"

"သူမက မိန်းမငယ်လေးပါလို့ မင်းပဲပြောလိုက်တယ်နော် သူမက ငါ့အဒေါ်နဲ့တူလို့ မင်းသတ်လိုက်တာလား" ဒိကျဲ့ နှာရှုတ်လိုက်သည် "တစ္ဆေကြင်ယာတော်က ငါ့အဒေါ်ကို မသတ်နိုင် ယူယွူ့ကိုမသတ်နိုင်တော့ သူတို့နဲ့တူတဲ့ မုရုန်ရှီကို ဒေါသပုံချတာပဲ"

"မင်း သူမကို သွားပြီးစာရင်းရှင်းလို့ရတယ် မင်းကို မတားဘူး" မိုယွိ ပြောလိုက်သည် "ဒါပေမဲ့ အဲလိုဆိုရင် မင်း မသိအောင်လုပ်ထားတဲ့ ကိစ္စတွေ သူမ သိသွားမှာပဲ"

"မင်း ငါ့ကိုခြိမ်းခြောက်နေတာလား" ဒိကျဲ့၏ မျက်လုံးများ ကျဉ်းမြောင်း သွားသည်။ သူ့မျက်လုံးထဲတွင် အားကောင်းသော အလင်းဖြတ်ပြေးသွားသည်။

"ငါ့ကို အဲလိုမျိုးမကြည့်နဲ့ မင်း ငါ့ကိုမနိုင်ဘူး" မိုယွိ ပြောလိုက်သည် "ယွိခဲ့လေ့ရဲ့ မျက်နှာကြောင့်သာမဟုတ်ရင် မင်း ငါ့ကိုဒီလောက်အကြာကြီး နှောင့်ယှက်နိုင်မလား"

ဒိကျဲ့ လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည် "မိုယွိ မင်းက တစ္ဆေလောကမှာ အားအကြီးဆုံးလို့ ထင်မနေနဲ့"

"မထင်ပါဘူး" မိုယွိ ပြန်ဖြေသည် "မင်းထက် ပိုပြီးနေရတာ လွယ်နေတာ ပဲရှိတာ"

"မင်းက သက်သာတယ်ဟုတ်တယ်လား မင်းက တစ္ဆေကြင်ယာတော်ရဲ့ လက်ပါးစေဖြစ်နေပြီထင်တယ်" ဒိကျဲ့ ပြောလိုက်သည် "သူမက မင်းကိုသတ် ခိုင်းရင် မင်းသတ်တယ် မင်းက သက်သာတယ်လို့ ပြောရဲသေးလား"

"ငါ မုရုန်ရှီကို သတ်တာက သူမရဲ့ ကျေးဇူးနည်းနည်းလေးကို ဆပ်လိုက် တာပါ ဒီတစ်ခါ သူမက ငါ့ကိုအမိန့်မပေးဘူး ဒါပေမဲ့ စစ်သူကြီးဒိက သူမ ဖိနှိပ်တာကို အမြဲခံနေရတာ ငါနဲ့ဒီမှာအချိန်ဖြုန်းမယ့်အစား အဲကိစ္စကို ဘယ်လို ကိုင်တွယ်မလဲဆိုတာကို သွားပြန်စဉ်းစားနေလိုက်"

ဒိကျဲ့၏ မျက်လုံးများ ကျဉ်းမြောင်းသွားသည်။

"ငါ့ကိုအဲလိုမပြောနဲ့ ငါ မင်းကိစ္စတွေသိတယ် သူမလည်း အခုမဟုတ်ရင် နောက်သိမှာပဲ" မိုယွိ ပြောလိုက်သည် "နောက်ဆုတ်မသွားနဲ့ဦး မဟုတ်ရင် မင်းရဲ့ ဒိမျိုးနွယ်တစ်ခုလုံး ဝင်ပတ်သက်သွားလိမ့်မယ်"

"ငါ့ကိစ္စကို မင်းဂရုစိုက်ဖို့မလိုဘူး" ဒိကျဲ့သည် သူ၏ ဒေါသကိုထိန်းချုပ်ရန် ကြိုးစားရသည်။

"အိုး မင်းက ဒီမျိုးနွယ်ကို ဂရုမစိုက်ဘူးလို့ မှတ်မိတယ် မင်းက သေရေးရှင်ရေးကိုလည်း ဂရုမစိုက်ဘူးပဲ ဒါပေမဲ့ မင်းရဲ့အမှားကြောင့် ယွိခဲ့လေ့ကို မကယ်နိုင်ခဲ့ဘူး အဲဒါကိုလည်း ဂရုမစိုက်ဘူးလား"

"မင်း ပါးစပ်ပိတ်ထား" ဒိကျဲ့သည် လက်ဖဝါးကိုလိုက်ရာ မလှမ်းမကမ်းမှ ကျောက်တုံးမှာကွဲသွားသည်။

"ရှက်ရမ်းရမ်းနေတာလား မင်းရဲ့အခြေအနေနဲ့ဆိုရင် တစ္ဆေကြင်ယာတော်ကို ဘယ်လိုတိုက်ခိုက်မှာလဲ ယွိခဲ့လေ့ကို ဘယ်လိုကယ်မှာလဲ" မိုယွိ ရယ်မောလိုက်သည်။

"ဟင်း မင်း..."

"သခင်" အနက်ဝတ် ဝတ်ထားသောလူသည် ခြံဝန်းထဲကိုဝင်လာပြီး အဆောင်အပြင်တွင် ရပ်နေသည်။

မိုယွိသည် ဒိကျဲ့ကိုကြည့်ပြီး မေးလိုက်သည် "ဘာကိစ္စလဲ"

"သခင့်ကိုသတင်းပို့ပါတယ် မုရုန်ရှီမသေဘူးလို့ အောက်ကလူပြောနေပါတယ်" ထိုလူ ပြောလေသည်။

"မသေဘူး ဟုတ်လား" မိုယွိ၏ အသံပွဲ့တင်ထွက်လာသည်။ သူ၏ အသံမှာအရင်အတိုင်းဖြစ်နေသော်လည်း ဒေါသသံပါနေသည်ကို အားလုံးခံစားနိုင်သည်။

“သူမသေသွားပြီလို့ သူတို့ပဲသတင်းပို့လာတာ ဒါပေမဲ့ သူမ အသက်ရှင်နေတယ်ဆိုတာ ကျွန်တော်တို့ လူတွေသိခဲ့ရပါတယ်”

“ကျွတ် ကျွတ် တစ္ဆေကြောင်ယာတော်ရဲ့ လူတွေက အသုံးမကျဘူးပဲ” ဒိကျဲ့ ပြုံးလိုက်သည်။ သူ၏ စကားလုံးများသည် ရွံ့ရှာမှုအပြည့်ဖြစ်နေသည်။

“သတင်းက သေချာလား” မိုယ္ဂိ မေးလိုက်သည်။

“သေချာပါတယ် အရင်တစ်ခေါက်က ဂူလန်တောင်မှာ ကိုယ်တိုင် သူမကို တွေ့ခဲ့တဲ့သူတွေပါ”

“လူမသေဘူးဆိုရင် သူတို့က ဘာလို့သေသွားပြီလို့ သတင်းပို့တာလဲ”

“အဲလူတွေ ပို့လာတဲ့သတင်းက မုရုန်ရှီက ဒဏ်ရာအပြင်းအထန်ရထားတယ် ဝိညာဉ်စွမ်းအားမရှိဘဲ မီတာတစ်သောင်းမြင့်တဲ့ ကမ်းပါးအောက်ကျသွားတယ်လို့ ပြောခဲ့တာ သူမ သေချာပေါက်သေမှာပါ”

“မုရုန်ရှီက သီသီလေးလွတ်ပြီး မသေသွားတဲ့ပုံပဲ” ဒိကျဲ့ နှာမှုတ်သည် “မင်းက သဘောတူချက်ကို မလိုက်နာဘူးဆိုတော့ ငါလည်း လိုက်နာဖို့မလိုတော့ဘူး ဒိလျူ ဦးလေးကိုသွားပြောမယ်”

“မင်းက မုရုန်ရှီကို ကိုယ်တိုင်ကာကွယ်ချင်တာလား အဲလိုအခြေအနေမှာတောင် အသက်ရှင်နိုင်တာ ဘယ်လိုလူမျိုးဖြစ်မလဲလို့ ငါကြည့်ချင်ရုံတင်ပါ ငါတို့ အတူသွားရင် ဘယ်လိုလဲ” မိုယ္ဂိ ရယ်မောလိုက်သည်။

“တစ္ဆေပဲ မင်းနဲ့သွားလိမ့်မယ်” ဒိကျဲ့သည် နှာမှုတ်ကာ ဒိလျူကို ဦးဆောင်ခေါ်သွားသည်။

မိုယွိသည် ဒိကျဲ့အားကြည့်ပြီး မတတ်သာစွာဖြင့် သက်ပြင်းချသည် “မင်းက တစ္ဆေမဟုတ်ဘူးလား”

“သခင် ထာဝရတောက်ပခြင်းမြို့ကို လူလွှတ်ချင်လား”

“မဟုတ်ဘူး ငါကိုယ်တိုင်သွားမယ်” မိုယွိ ငြင်းဆန်သည် “ယွိခဲ့လော့နဲ့ တူတယ်ဆိုတဲ့ မိန်းကလေးကို ငါကြည့်ချင်တယ် သူမနဲ့ ဘယ်လောက်တောင် တူလို့ပါလိမ့်”

“ဟုတ် ဒီလက်အောက်ငယ်သားက ပြင်ဆင်ပါမယ်”

စိုးရိမ်တတ်သော လူနှစ်ယောက်ကို ပို့ပြီးသောအခါ ရှီမာယူယူသည် စိတ်သက်သာရာရစွာဖြင့် သက်ပြင်းချမိသည်။ မုရုန်ဟွေ့သည် အပြင်မှ လျှောက်လာသည်။

“ရှီအာ ဘာလို့ ရုတ်တရက်ကြီး ထွက်လာတာလဲ အပြင်မှာ ဘယ်လောက် အန္တရာယ်များလဲသိလား” မုရုန်ဟွေ့ အပြစ်တင်လေသည်။ သူမ သူ့ကို ပြုံးပြသည်ကို မြင်သောအခါ စိတ်ထဲမှ မီးတောက်သည် တဖြည်းဖြည်းပျောက်ကွယ်သွားလေသည်။

“နောက်ဆိုရင် ဒီလိုမျိုးအန္တရာယ်များတဲ့အလုပ်ကို မလုပ်ရဘူး” သူ လက်ကိုဆန့်ပြီး သူမ၏ နဖူးကို ပုတ်လိုက်သည်။

“အဖေက သမီးနောက်ကို အမြဲတမ်း လူလွှတ်ထားတာ သမီးသိပါတယ် သမီးအပြင်ထွက်တာနဲ့ တစ်ယောက်ယောက်ကတော့ သမီးကို တိတ်တိတ်လေး ကာကွယ်ပေးနေတာ” ရှီမာယူယူ သွားဖြဲပြလိုက်သည် “ပြီးတော့ သမီးတို့

မလှုပ်ရှားရင် သူတို့လည်း အသာငြိမ်နေမှာပဲ၊ အပြင်လေးတစ်ခါထွက်လိုက်တာနဲ့ ချက်ချင်းပဲ ဆုတွေရလိုက်တာပဲ”

“ဘာဖြစ်တာလဲ သမီးဒဏ်ရာရထားတာလား ဘာလို့သတင်းမရတာလဲ”

“အဖေ သမီးအဆင်ပြေပါတယ် သူတို့ ဘာမှမလုပ်သေးပါဘူး” ရှီမာယူယူ ပြန်ဖြေလိုက်သည် “ဒီအတိုင်းပဲ သမီးကွင်းမှာရှိတုန်းက စောင့်ကြည့်ခံရသလို ခံစားရလို့ပါ သမီး ရှောင်ရှော့ပိုင်တို့နဲ့ ပြန်လာတော့ နောက်ယောင်ခံလိုက်ခံရတယ်”

“သူတို့က ငါ့ကို သတိမပေးဘူး” မုရုန်ဟွေ့သည် ဒေါသထွက်နေသည် “ဒီလောက် ကိစ္စလေးနဲ့ သူတို့က အဖေ့ကိုဘယ်လိုလုပ် သတင်းပို့မလဲ”

သူပြောလိုက်သည်နှင့် လူတစ်ယောက်ကို ခေါ်ဟန်ပြင်သည်။

“အဖေ စိတ်မပူပါနဲ့” ရှီမာယူယူသည် သူ့ကို ဆုပ်ကိုင်လိုက်သည် “သူတို့ကို မပြောဖို့ ပြောထားပါတယ် အဖေက အဲလောက်အလုပ်များတာ ဘာမှလည်း မဖြစ်သေးဘူးလေ အဲဒါကြောင့် အဖေ့ကို မနှောင့်ယှက်ချင်ဘူး တစ်ခုခုဖြစ်ရင်တော့ သမီးချက်ချင်း ပြောမှာပါ”

“ဒီကောင်မလေးတော့” မုရုန်ဟွေ့သည် သူမအား မတတ်သာစွာဖြင့် ကြည့်လိုက်သည် “ရှီအာသာ သမီးလောက် ပါးမယ်ဆိုရင် အဖေ ဒီလောက် စိတ်ပူဖို့မလိုဘူး”

“ရှီအာက အဖေ့ရတနာလေ သူမက အရမ်းကောင်းပါတယ် အဖေ့ရဲ့ အဖိုးတန်လေးလေ” ရှီမာယူယူ ပြန်ဖြေလိုက်သည်။

"သူမ ထွက်သွားပေမဲ့ သမီးအဖော်ပြုပေးလို့ သူမ ပျော်နေမှာပါ" မုရုန်ဟွေ့သည် သူ့စိတ်သူနှစ်သိမ့်ကာ သူမအပေါ်တွင် မေတ္တာများကို ပုံထားလိုက်သည် "ဒါပေမဲ့ အမြဲတမ်းတော့ ဒီလိုမရဘူးနော်"

"အင်း အင်းပါ"

"သမီးရဲ့ သရုပ်မှန်ကို သမီးသိပါတယ် အဖေပြောဖို့မလိုဘူး အဖေ့အားနဲ့ သမီးကို ကာကွယ်နိုင်ပေမဲ့ စိုးရိမ်သေးတယ်" မုရုန်ဟွေ့ ပြောလိုက်သည် "အဖေတို့ မင်းသားကိုမပြောတော့ဘူးလား"

"မလိုပါဘူး ဖြစ်နိုင်တာက သမီးတို့ တခြားလူတွေနဲ့တွေ့ရလိမ့်မယ်" ရှီမာယူယူ နှုတ်ခမ်းဆူလေသည်။

"တခြားလူလား ဘယ်သူလဲ"

"အခု တစ်ခုခုစိတ်ထင်နေတယ် အဲဒီထင်မြင်ချက်မှားပါစေလို့ မျှော်လင့်ပါတယ်"

## အခန်း (၁၄)

## အပိုင်း (၁၇၆၄) – နန်းတော်မှလူ

ပြီးတော့ ထိုထင်မြင်ချက်သည် သူမ၏ အတွေးသက်သက်သာဖြစ်သည်။

နီရဲပျားများ၏ ခြေရာခံမှုမရှိသောကြောင့် သူမသည် အပြင်မှသတင်းများကို မသိရပေ။ ထို့ကြောင့် သူမ ဒိကျဲ့နှင့်မိုယွိတို့နှင့် တွေ့လျှင် ရောင်ရော့ပိုင်နှင့် ကုန်းဇီယွမ်တို့နှင့်အတူ ထွက်ပြေးရန်စီစဉ်ထားပြီးဖြစ်သည်။

လူငယ်ဖလှယ်ပွဲကျင်းပသည့် နေ့ရက်များတွင် သူမသည် အိမ်တွင်နေပြီး အပြင်မထွက်ပေ။ ကုန်းဇီယွမ်နှင့် ရှောင်ရှော့ပိုင်တို့သည် သူမကို တစ်ခါတစ်ခါ အဖော်ပြုပေးပြီး လူငယ်ဖလှယ်ပွဲ၏ နောက်ဆုံးနေ့ရက်များအကြောင်းကို ပြောဆိုကြသည်။

ထိုနေ့တွင် မုရှန်ဟွေ့သည် ပြင်ဆင်ကာ အရင်နေ့များကဲ့သို့ ပြိုင်ပွဲကွင်းနေရာသို့ သွားသည်။ တစ်ခုကွာသွားသည်မှာ သူမသွားချင် ရှီမာယူယူကို ဝင်တွေ့သွားသည်။

"အဖေ သမီးဒီနေ့အပြင်ထွက်ချင်တယ်"

မုရှန်ဟွေ့သည် ခြေလှမ်းများတန့်သွားသည်။ သူ သူမကိုကြည့်လိုက်သည် "သမီးအပြင်ထွက်မလို့လား"

"ဒီနေ့က လူငယ်ဖလှယ်ပွဲရဲ့ နောက်ဆုံးနေ့လေ သမီးဒီနေ့အပြင်ထွက်ရင် သူတို့လှုပ်ရှားဖို့ အကောင်းဆုံးအခွင့်အရေးပဲ" ရှီမာယူယူ ပြန်ဖြေလိုက်သည်။

မုရှန်ဟွေ့ မျက်မှောင်ကြုတ်လိုက်သည် "ဒါပေမဲ့ ဒီနေ့က ပြိုင်ပွဲနောက်ဆုံးနေ့လေ အဖေတက်ကိုတက်ရမှာ သမီး အခုအပြင်ထွက်ရင် အဖေစိတ်ပူနေရမှာပေါ့"

"အဖေ စိတ်မပူပါနဲ့ သမီးနားမှာလူတွေ စီစဉ်ပေးထားတာမဟုတ်ဘူးလား သူတို့က အရင်ရှီအာကို ကာကွယ်ပေးတဲ့လူတွေထက် တော်တယ်မလား" ရှီမာယူယူ သူ့ကိုဖျောင်းဖျသည် "ပြီးတော့ သမီးမှာ ခရမ်းလေးရှိတယ်လေ သမီးကိုဘယ်သူမှ ထိခိုက်အောင် မလုပ်နိုင်ပါဘူး"

"ဒါပေမဲ့…" မုရုန်ဖွေ့သည် တွေဝေနေတုန်းပင် "အဖေ ကိစ္စတစ်ခုတည်းကို နှစ်ခါမကြုံချင်ဘူး"

"အဖေ သမီးက ရှီအာထက် ကိုယ့်ဘာသာကိုယ် ကာကွယ်နိုင်ပါတယ် အဖေကလည်း ပိုကောင်းကောင်း ကာကွယ်ပေးနေတာပဲ သမီးမှာ အရေးကြီးလုပ်စရာတွေလည်း ရှိတယ် သမီးအသက်ကို နောက်ပြောင်တာမျိုးမလုပ်ပါဘူး" သူမ နားသွင်းလေသည်။

"သခင် အချိန်ကျတော့မယ်" အစောင့်တစ်ယောက်သည် အရှေ့မှပြေးလာပြီး တိုးညင်းစွာသတိပေးသည်။

"အဖေ ဒီမှာဘဏ္ဍာထိန်း ထားပေးခဲ့မယ် သူနဲ့ဆွေးနွေးပြီးတော့ သွားလိုက်ပေါ့" မုရုန်ဖွေ့သည် ဘဏ္ဍာထိန်းကို တစ်ချက်ကြည့်သွားသည်။

"ဟုတ်ကဲ့ပါ" ရှီမာယူယူသည် သူမအသက်ကို နောက်ပြောင်ခြင်း မပြုပါဟု ကတိပေးလိုက်ရသည်။

မုရုန်ဖွေ့သည် သူမ သဘောတူသည်ကို မြင်သောအခါ သူမကို အပြင်ထွက်ရန် သဘောတူလိုက်သည်။ သူသည် သူမကိုကာကွယ်ရန် ဘဏ္ဍာထိန်းကို မှာကြားပြီး အစောင့်များနှင့်အတူ ထွက်သွားလေသည်။

ဘဏ္ဍာထိန်းသည် ရှေ့တိုးကာ ရှီမာယူယူအား အရိုအသေပေးလေသည် "အကြီးဆုံးသခင်မလေး လူတွေအကုန်စုဖို့ဆိုရင် အချိန်လိုတယ် သခင်မလေး ဒုက္ခတွေ့တာနဲ့ လာပြီးကာကွယ်ဖို့ဆို အားလုံးလောက်နေဖို့လိုတယ်"

"ဟုတ်ပါပြီ ကျွန်မ နေ့လည်မတိုင်ခင် အပြင်မသွားပါဘူး အဖေလုပ်ခိုင်းထားတာတွေ စီစဉ်ပြီးမှ ကျွန်မကိုပြောပါ" ရှီမာယူယူသည် ဘဏ္ဍာထိန်းကို ပြုံးပြသည်။

နေ့လည်တွင် သူမ မြို့ဝန်အိမ်တော်မှ ထွက်သွားမည်အပြုတွင် ဝင်လာသည့် ရှောင်ရှော့ပိုင်နှင့် ကုန်းဇီယွမ်တို့ကို တွေ့လိုက်လေသည်။

"မင်းတို့နှစ်ယောက် ဒီနေ့မလာဘူးလို့ ပြောထားတာမဟုတ်ဘူးလား"

"ရှောင်ရှော့ပိုင်က မင်း အရှုးအလုပ်တွေ လုပ်မှာစိုးလို့တဲ့ အဲဒါနဲ့ ငါတို့လာလိုက်တာ" ကုန်းဇီယွမ်သည် မိန်းကလေးများမှာ ပြဿနာများလွန်းသည်ဆိုသည့်အဓိပ္ပာယ်နှင့် ပခုံးတွန့်လိုက်သည်။

"အတော့် ငါ မှန်းတာမှန်နေတာပဲ" ရှောင်ရှော့ပိုင်သည် ရှီမာယူယူကို ကြည့်လိုက်သည်။

"ငါလုပ်စရာရှိတယ် မင်းတို့ကို ဧည့်ခံဖို့အချိန်မရှိဘူးထင်တယ်" ရှီမာယူယူ ပြောလိုက်သည် "မနက်ဖြန်ကျရင် ငါ မင်းတို့ကို လက်ဖက်ရည်သောက်ဖိတ်မယ် နောက်ဆုံးရလဒ်ကိုပြောလေ"

"ငါတို့ ရောက်နေပြီပဲ ထွက်သွားမယ်လို့ ထင်နေလား" ရှောင်ရှော့ပိုင်ငြင်းဆန်လေသည်။

"ဟုတ်တယ်လေ မင်း ဘယ်သွားမလို့လဲ ငါမင်းနဲ့အတူလိုက်မယ်" ကုန်းဇီယွမ် သံယောင်လိုက်သည်။

"ငါလုပ်ချင်တာက အရမ်းလျှို့ဝှက်တယ် မင်းတို့ကိုခေါ်သွားဖို့ အဆင်မပြေဘူး" ရှီမာယူယူသည် တိုက်ရိုက်ပင်ငြင်းဆန်သည်။

"လုပ်စမ်းပါ ငါတို့က မင်းကိုမသိတာလည်းမဟုတ်ဘူး" ကုန်းဇီယွမ် ပြောလိုက်သည် "ဒီနေ့ ငါတို့ မင်းနဲ့လိုက်မယ်"

"မင်းတို့…"

"ရှီအာ ငါတို့က မင်းရဲ့လုံခြုံရေးကို စိတ်ပူလို့ပါ" ကုန်းဇီယွမ် ပြောလိုက်သည်။

"ဒါပေမဲ့ မင်းတို့ကိုခေါ်သွားရင် ပိုပြီးအန္တရာယ်များတယ်" ရှီမာယူယူသည် မတတ်သာစွာပြောလိုက်သည်။

"ပြီးခဲ့တဲ့ မတော်တဆမှုပြီးသွားတော့ ငါတို့မျိုးနွယ်က ငါတို့ကိုကာကွယ်ဖို့ မရဏာသူတော်စင်သခင်နှစ်ယောက် လွှတ်ထားပေးတယ် အဲဒါကြောင့် ဒီတစ်ခေါက်က အရင်လိုဖြစ်မှာတော့မဟုတ်ဘူး" ကုန်းဇီယွမ်သည် ဂုဏ်ယူစွာဖြင့် ပြုံးလေသည်။

ရှီမာယူယူသည် မတတ်သာစွာဖြင့် ခေါင်းခါလိုက်သည် "သွားကြမယ်"

"ဘယ်သွားမလို့လဲ" သူတို့နှစ်ယောက်သည် သူမနောက်မှလိုက်လာသည်။

"လူသူမရှိတဲ့တောင်တွေနဲ့ တောင်ကြော အကျယ်ကြီးတွေက မကောင်းမှုလုပ်ဖို့ အကောင်းဆုံးပဲလေ" ရှီမာယူယူ ပြန်ဖြေလိုက်သည် "အရင်တစ်ခေါက်က သူတို့တွေ ရှီအာကို ဂူလန်တောင်ကနေ ပြုတ်ကျအောင် လုပ်ခဲ့တာမလား ငါ ဂူလန်တောင်ကိုသွားမလို့"

"ငါသိနေတယ် မင်း အဆင်ပြေမှာပါ" ကုန်းဇီယွမ် ပြောလိုက်သည်။

“မင်းနဲ့ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် ငါအဆင်ပြေတယ်” ရှီမာယူယူသည် အထင်သေးစွာဖြင့် ကြည့်လိုက်သည်။

သူတို့ မြို့ဂိတ်ပေါက်မှထွက်သည်နှင့် နောက်ယောင်ခံလိုက်ခံရသည်ကို ချက်ချင်းပင် အာရုံခံမိလိုက်သည်။ သူတို့သည် ဂူလန်တောင်သို့ ကျင့်ကြံရန် သွားမည့်သူများအဖြစ် ဟန်ဆောင်နေကြသော်လည်း တစ်ခါတစ်ခါ အကဲခတ်သောအကြည့်များမှာ သူတို့ကိုပြန်သစ္စာဖောက်လျက်ရှိသည်။

“အဲလူတွေက ဘယ်ကလာကြတာလဲ သူတို့က မင်းကိုသတ်ဖို့လား” ကုန်းဇီယွမ် မှတ်ချက်ပြုသည်။

“ငါက ဘာမှမလုပ်နိုင်တဲ့ အမှိုက်ပဲကို” ရှီမာယူယူ ပြောလိုက်သည် “သူတို့က ငါ့ကိုသတ်ဖို့ ဒီလောက်လူအများကြီး လွှတ်လိုက်တာက ငါ့ကိုအထင်ကြီးနေတာပဲ ဟုတ်တယ်မလား”

“ဟုတ်တယ်” ကုန်းဇီယွမ်နှင့် ရှောင်ရှော့ပိုင်တို့သည် သဘောတူစွာဖြင့် ခေါင်းညိတ်သည်။

ရှီမာယူယူမှာ “….”

“ဒါနဲ့ အရင်တစ်ခေါက်က ဒီမှာမိုးကြိုးဘေးဒုက္ခဖြစ်သွားတာ မင်း သိလိုက်လား” ရှောင်ရှော့ပိုင် မေးသည်။

“ငါ မြို့ဝန်အိမ်တော်မှာ ရှိနေတာ” ရှီမာယူယူ ပြောလိုက်သည် “မင်း လာကြည့်လိုက်တာလား”

"ငါတို့လာတဲ့အချိန်ကျ ဒီမှာဘာမှမကျန်တော့ဘူး ဘယ်သူကများ ဘေးဒုက္ခခံတာလဲမသိဘူး ပြောရင်းနဲ့ အဲလူတော့ မိုးကြိုးအပစ်ခံရလို့ သေတော့မှာပဲ" ကုန်းဇီယွမ် ပြောလိုက်သည်။

ရှီမာယူယူသည် နှာခေါင်းပွတ်ပြီး ဘာမှပြန်မဖြေပေ။

"အဲလိုလည်း ဖြစ်နိုင်တာပဲ" သူတို့သည် မြို့အပြင်သို့ ခပ်ဝေးဝေး မလျှောက်ရသေးခင်မှာပင် လူသူပြတ်လပ်သွားသည်ကို မြင်လိုက်ရသည်။ သူမ ရပ်ကာ ဆက်မလျှောက်တော့ပေ။

နောက်ယောင်ခံလိုက်သည်မှာ ပေါ်သွားကြောင်းကို လိုက်လာသူများ သိနေပြီဖြစ်သည်။

"အစ်ကိုကြီး ကုန်းဇီယွမ်နဲ့ ရှောင်ရှော့ပိုင်တို့လည်း ရှိနေတယ်"

"ငါ မြင်တယ်" အစ်ကိုကြီးဆိုသူသည် အဆင်ပြေမနေပေ။

"ဒါဆို သူတို့ကိုလည်း အတူ ရှင်းလိုက်ရမလား အဲဒီမျိုးနွယ်နှစ်ခုက ကြီးတယ်မလား"

"ပြဿနာရှိတယ်"

"အစ်ကိုကြီး အထက်ကလူတွေက ဘယ်သူလဲ ကျွန်တော်တို့က သူတို့သရုပ်မှန်ကိုမသိဘူး အဲနှစ်ယောက်နဲ့ သွားရှုပ်လိုက်ရင် နောက်ထပ် ပြဿနာဖြစ်ဦးမလား"

"ဟုတ်တယ် အစ်ကိုကြီး ကျွန်တော်တို့က အသက်ရှင်ဖို့ အစ်ကိုကြီး နောက်လိုက်တာ အဲဒီမျိုးနွယ်နှစ်ခုကိုပြစ်မှားမိလိုက်ရင် တစ္ဆေလောကမှာ အစတောင်ပျောက်သွားဦးမယ်"

"ဘာတွေကြောက်နေတာလဲ" အစ်ကိုကြီးဆိုသူသည် သူတို့ကိုပခုံးပုတ်လိုက်သည် "ဒါဘာလဲဆိုတာ ကြည့်လိုက်"

"နန်းတော်က တံဆိပ်ပြားလား"

"ဟုတ်တယ် အဲဒီတော့ ငါတို့အထက်ကလူက နန်းတော်ကပဲ အဲဒါကြောင့် အဲဒီမျိုးနွယ်နှစ်ခုလောက်ကို ကြောက်ဖို့မလိုဘူး သူတို့ကိုသွားရှင်းလိုက်တော့"

အစ်ကိုကြီးဆိုသူပြောသည်နှင့် ထိုညီအစ်ကိုများသည် ရှီမာယူယူ၊ ကုန်းဇီယွမ်နှင့် ရှောင်ရှော့ပိုင်တို့ကို ဝိုင်းလိုက်ရာ သူတို့၏ ကိုယ်ရံတော်များ ခုန်ထွက်လာပြီး သူတို့ရှေ့တွင် ကာလိုက်ကြသည်။

ရှီမာယူယူသည် သူတို့ကိုကြည့်ပြီး မေးခွန်းထုတ်သည် "မင်းတို့က ဘယ်သူတွေလဲ"

"သိဖို့မလိုပါဘူး" အစ်ကိုကြီးဖြစ်သူမှ နှာမှုတ်လေသည်။

"အင်း ငါ သိဖို့မလိုဘူး ဘာလို့လဲဆိုတော့ မင်းတို့ကို လူတစ်ယောက်က ခိုင်းလိုက်တာပဲ ပြီးတော့ အဲဒီခိုင်းတဲ့လူက နန်းတော်ကပဲ.. မှန်းစမ်းပါဦး အဲလူက တစ္ဆေကြင်ယာတော်နဲ့များ တူနေမလား"

အစ်ကိုကြီးဆိုသူ ထိတ်လန့်သွားသည်။ အထက်ကလူက တကယ်ပဲ တစ္ဆေကြင်ယာတော်လား။

“ဟင်း မင်းတို့ဘာပဲပြောပြော ဒီနေ့ ထွက်ပြေးလို့မရဘူး အရင်တစ်ခေါက်က ကံကောင်းသွားပေမဲ့ ဒီနေ့ ဒီလိုထပ်မဖြစ်စေရဘူး အားလုံးပဲ တိုက်ခိုက်တော့”

ရှီမာယူယူကို ကာကွယ်သူများသည် အနောက်မှ ထွက်လာသည်။ နှစ်ဦးနှစ်ဖက် တိုက်ခိုက်ကြသည်။ ရှောင်ရှော့ပိုင်နှင့် ကုန်းဇီယွမ်တို့သည် သူမကို တိုက်ပွဲအတွင်းမှဆွဲထုတ်ကာ ဂူလန်တောင်ဆီသို့ ဆက်ပြေးလေသည်။